မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က ထုတ်ဝေခဲ့သည်။

Established in 1914

Myanma Alinn Daily

အတွဲ (၅၄)
အမှတ် (၁၅၉)

၁၃၇၆ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၄ ရက်

၂၀၁၅ ခုနှစ်၊ မတ် ၈ ရက်၊ တနင်္ဂနေနေ့။

လွတ်လပ်ရေးဆိုတဲ့အဓိပ္ပာယ်ဟာ စည်းမဲ့ကမ်းမဲ့ သဘောမျိုး မဟုတ်ဘူး။ စည်းနဲ့ကမ်းနဲ့သဘောမျိုးသာ ဖြစ်တယ်။ စည်းနဲ့ ကမ်းနဲ့ရှိမှသာလျှင် လွတ်လပ်ရေး ဆိုတာ ဖြစ်နိုင်တယ်။ လွတ်လပ်ရေးရတဲ့အခါမှာ ငါတို့ တိုင်းပြည်ဟာ ပိုပြီးစည်းကမ်းရှိဖို့လိုတယ်။

(ဗိုလ်ချုပ်အောင်ဆန်း၏ ၁၉၄၇ ခု၊ ဧရိုင်လ ၁၃ ရက်နေ့ မြို့တော်ခန်းမတွင် ပြောကြားခဲ့သည့်မိန့်ခွန်းမှ ကောက်နုတ်ချက်)

ရခိုင်ပြည်နယ်၏ လမ်းပန်းဆက်သွယ်မှုဖွံ့ဖြိုးတိုးတက်ရေး နိုင်ငံတော်စီးပွားရေးဖွံ့ဖြိုးမှုအတွက် အရေးပါ

စစ်တွေ မတ် ၇

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဦးဉာဏ်ထွန်းသည် ယနေ့နံနက်ပိုင်းတွင် မင်းပြားမြို့သို့ရောက်ရှိပြီး ပေါက်တော-မင်းပြားလမ်း မိုင်တိုင်အမှတ် ၆ မိုင် ၃ ဖာလုံရှိ စွန်ရဲတံတားနှင့် မိုင်တိုင်အမှတ် ၅ မိုင် ၄ ဖာလုံရှိ ဆင်ခုံတိုင်တံတားဖွင့်ပွဲများသို့ တက်ရောက်သည်။

အဆိုပါတံတားဖွင့်ပွဲများသို့ ဒုတိယသမ္မတနှင့်အတူ ပြည်ထောင်စုဝန်ကြီး ဒုတိယပိုလ်ချုပ်ကြီး သက်နိုင်ဝင်း၊ ဦးစိုးသိန်း၊ ဒေါက်တာသန်းအောင်၊ ဦးကျော်လွင်၊ ပြည်နယ်ဝန်ကြီးချုပ် ဦးမောင်မောင်အုန်း၊ ဒုတိယဝန်ကြီးများ၊ ပြည်နယ်အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာများ၊ မြို့မိမြို့ဖများ၊ ဒေသခံပြည်သူများ၊ ကျောင်းသား ကျောင်းသူများ၊ အသင်းအဖွဲ့အသီးသီးမှ ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဒုတိယသမ္မတနှင့်အဖွဲ့သည် တံတားဖွင့်ပွဲများ ကျင်းပမည့် မင်းပြားမြို့နယ် ပေါက်တော-မင်းပြားလမ်းရှိ မင်္ဂလာမဏ္ဍာပ်သို့ရောက်ရှိရာ ဒေသခံပြည်သူများ၊ အသင်းအဖွဲ့များမှ ကိုယ်စားလှယ်များနှင့် ကျောင်းသား ကျောင်းသူများက ကြိုဆိုနှုတ်ဆက်ကြသည်။

ဖွင့်ပွဲအခမ်းအနား၌ ဒုတိယသမ္မတက အမှာစကားပြောကြားရာတွင် ယနေ့သည် ရခိုင်ပြည်နယ် လမ်းပန်းဆက်သွယ်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး အတွက် အရေးပါလှသည့် စွန်ရဲတံတားနှင့်ဆင်ခုံတိုင်တံတား နှစ်စင်းကို ဖွင့်လှစ်နိုင်သည့်နေ့ဖြစ်၍ နိုင်ငံတော်နှင့် ရခိုင်ပြည်နယ်အတွက် မင်္ဂလာအပေါင်း နှင့်ပြည့်စုံသည့် နေ့သစ်တစ်နေ့ပင်ဖြစ်ပါကြောင်း။

နိုင်ငံတစ်နိုင်ငံ၊ ဒေသတစ်ခုဖွံ့ဖြိုးတိုးတက်ရေးအတွက် လမ်းပန်းဆက်သွယ်မှုသည်

စာမျက်နှာ ၈ ကော်လံ ၁ ၊

ဒုတိယသမ္မတ ဦးဉာဏ်ထွန်း တံတားကမ္ဘည်းမော်ကွန်းကျောက်စာတိုင်အား စက်ခလုတ်နှိပ်ဖွင့်လှစ်စဉ်။ (သတင်းစဉ်)

ငမိုးရိပ်တံတား(မဂ်လာတောင်ညွှန့်) လာမည့်ဧပြီလတွင် ဖြတ်သန်းသွားလာအသုံးပြုနိုင်တော့မည်

ရန်ကုန် မတ် ၇

ရန်ကုန်မြို့၌ လမ်းပန်းဆက်သွယ်ရေးလျင်မြန်မှုနှင့် ယာဉ်ကြောကျပ်တည်းမှုကို အထောက်အကူပြုမည့် ငမိုးရိပ်တံတား(မဂ်လာတောင်ညွှန့်)ကို ယခု လာမည့်ဧပြီလတွင် အပြီး အချောသပ်တည်ဆောက်ကာ ဖြတ်သန်းသွားလာအသုံးပြုနိုင်တော့မည်ဖြစ်ကြောင်း အဆိုပါတံတားကို တာဝန်ယူ တည်ဆောက်နေသည့် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ(လမ်းနှင့်တံတား) ဌာနမှ သိရသည်။

စာမျက်နှာ ၉ ကော်လံ ၅ ၊

သတင်း-မောင်စိန်လွင်(မြန်မာ့အလင်း)၊ ဓာတ်ပုံ-မင်းထက်

ငမိုးရိပ်တံတား(မဂ်လာတောင်ညွှန့်) တည်ဆောက်နေမှုမြင်ကွင်း။

ယနေ့ မာတိကာ

ပျောက်ဆုံးမလေးရှားလေယာဉ် အိန္ဒိယသမုဒ္ဒရာ အတွင်း တွေ့ဖွယ်ရှိ

စာမျက်နှာ » ၄

လက်ပံတန်းမြို့မစျေးရှေ့ ဆူပူဆန္ဒပြခဲ့သည့်အဖွဲ့အား ပြန်လည်လွှဲပြောင်းပေးအပ်

စာမျက်နှာ » ၅

မြန်မာနင့်အင်ဒိုနီးရှား လက်ရွေးစင်အသင်းတို့ အင်ဒိုနီးရှား၌ ခြေစမ်းမည်

စာမျက်နှာ » ၁၁

အလုပ်ရုံမှ ဒဏ်ရာရမြန်မာအလုပ်သမား နစ်နာကြေး ဘတ်ငွေ ၂၀၀၀၀၀ ရရှိ

စာမျက်နှာ » ၁၂

မြန်မာ့အလင်း အယ်ဒီတာ့အာဘော်

အမျိုးသမီးများ စွမ်းရည်မြှင့်တင်ကြပါစို့

ကမ္ဘာပေါ်ရှိ တိုင်းပြည်အများစုတွင် အမျိုးသားဦးရေထက် အမျိုးသမီးဦးရေပိုမိုများပြားလျက်ရှိပါသည်။ ဤသို့ အမျိုးသမီးဦးရေများပြားလာမှုနှင့်အတူ အမျိုးသားများနည်းတူ အမျိုးသမီးများကိုလည်း တန်းတူရည်တူအခွင့်အရေးပေးနိုင်အောင် ဆောင်ရွက်ကြရပါသည်။ အမျိုးသမီးများအခန်းကဏ္ဍကို ကျယ်ကျယ်ပြန့်ပြန့် လုပ်ဆောင်လာကြပါသည်။ အမျိုးသမီးများ၏ စွမ်းရည်ကို မြှင့်တင်ဆောင်ရွက်လာကြပါသည်။

ထို့ကြောင့်ပင် နှစ်စဉ်နှစ်တိုင်း မတ်လ ၈ ရက်နေ့ကို အပြည်ပြည်ဆိုင်ရာအမျိုးသမီးများနေ့ (International Women's Day) အဖြစ်သတ်မှတ်ကာ ကမ္ဘာတစ်ဝန်း အမျိုးသမီးကဏ္ဍကို ကျယ်ပြန့်စွာဖော်ထုတ်ရန် အခမ်းအနားများ ကျင်းပလေ့ရှိပါသည်။ နှစ်စဉ်ဆောင်ပုဒ်တစ်ခုသတ်မှတ်ထုတ်ပြန်လျက် အမျိုးသမီးကဏ္ဍကိုမြှင့်တင်ရန် အသိပေးလေ့ရှိပါသည်။ ယခုနှစ်ဆောင်ပုဒ်သည်ကား ''လူသားအားလုံးတိုးတက်ဖို့၊ အမျိုးသမီးများ စွမ်းရည်မြှင့်တင်လို့ပုံဖော်ကြပါစို့'' ဟူ၍ ဖြစ်ပါသည်။

အမျိုးသမီးများ စွမ်းရည်ကိုမြှင့်တင်ပေးပြီး တိုင်းပြည်နှင့် လူမျိုး ဖွံ့ဖြိုးတိုးတက်အောင် လုပ်ကိုင်ဆောင်ရွက်ကြရန် အသိပေးတိုက်တွန်းထားခြင်းဖြစ်ပါသည်။ ကမ္ဘာ့လူဦးရေ တိုးတက်များပြားလာချိန် ဤသို့တိုက်တွန်းလိုက်ခြင်းသည် အလွန်ပင်အကြောင်းအကျိုး ဆက်စပ်မှုရှိလာပါသည်။ ခေတ်ကာလ အခြေအနေအရ လိုက်လျောညီထွေရှိလှသော တိုက်တွန်းဆော်သြမှုပင်ဖြစ်ပါသည်။

အမျိုးသမီးများ၏ ပင်ကိုဗီဇသည်များသောအားဖြင့် အားနဲ့ကြသူများဖြစ်သော်လည်း အမျိုးသားများနှင့်အပြိုင် ကာယအား၊ ဉာဏအား၊ စိတ်ဓာတ်စွမ်းအားများ မွေးမြူနိုင်ရမည်။ အမျိုးသားများနည်းတူ လက်ရုံးရည်၊ နှလုံးရည်စွမ်းရည်များ ကြီ့ခိုင်သူများ ဖြစ်အောင် ကြိုးစားအားထုတ်နိုင်ရမည်။ အရည်အချင်းပြည့်ဝပြီး စိတ်ဓာတ်ကြီ့ခိုင်အောင်ကြိုးစားရမည်။ လုပ်ရည်ကိုင်ရည် ထက်ထက်မြက်မြက် လုပ်ကိုင်နိုင်ကြရမည်ဖြစ်ပါသည်။ သို့မှသာ အမျိုးသမီးများ၏စွမ်းရည်သည် ပိုမိုတိုးတက်မြင့်မားလာမည်ဖြစ်ပါသည်။

ဤသို့ အမျိုးသမီးများက စွမ်းရည်ထက်မြက်အောင်ကြိုးစားအားထုတ်သင့်သလို အစိုးရ ပုဂ္ဂလိကအဖွဲ့အစည်းအားလုံးကလည်း အမျိုးသမီးများ စွမ်းရည်မြှင့်တင်ရေးကို အလေးထား ဆောင်ရွက်ပေးရမည်ဖြစ်ပါသည်။ ကျွန်ုပ်တို့နိုင်ငံတွင် အမျိုးသမီးအခန်းကဏ္ဍကို အလေးအနက်ထား လုပ်ဆောင်လျက်ရှိပြီး အမျိုးသားများနည်းတူ တန်းတူအခွင့်အရေးပေးထားပါသည်။

အမျိုးသမီးများ၏စွမ်းရည်ကိုမြှင့်တင်ပေးခြင်းဖြင့် နိုင်ငံတစ်နိုင်ငံချင်းစီ၏ ကုန်ထုတ်စွမ်းအားများ တိုးတက်မြင့်မားလာမည်ဖြစ်ပါသည်။ အမျိုးသမီးများ တိုးပွားလာမှုကြောင့် ဖြစ်ပေါ်လာနိုင်သည့် လုပ်အားဆုံးရှုံးမှုများကို ကာကွယ်နိုင်မည်ဖြစ်ပါသည်။ သို့ပါ၍ ''လူသားအားလုံး ဖွံ့ဖြိုးဖို့၊ အမျိုးသမီးများ စွမ်းရည်မြှင့်တင်လို့၊ ပုံဖော်ကြပါစို့'' ဟူသော ဆောင်ပုဒ်နှင့်အညီ အမျိုးသမီးတစ်ဦးချင်းစီ၏ အရည်အချင်း၊ အရည်အသွေး လုပ်ကိုင်နိုင်စွမ်းတို့ကို မြှင့်တင်ပေးပြီး ဖွံ့ဖြိုးတိုးတက်အောင် လုပ်ကိုင်ဆောင်ရွက်သင့်ပါကြောင်း။ ။

ပြည်တွင်းသတင်း

၂၀၁၅ ခုနှစ် နှစ် (၇၀)ပြည့် တပ်မတော်နေ့ ဦးတည်ချက်များ

★ နိုင်ငံတော်၏ မြေထု၊ ရေထုနှင့် လေထုကိုကာကွယ်စောင့်ရှောက်ရန် အင်အားတောင့်တင်းပြီး စွမ်းရည်ထက်မြက်မြင့်မားသော ခေတ်မီတပ်မတော် တည်ဆောက်ရေး။

★ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးနှင့် နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြည်သူလူထုနှင့်အတူ လက်တွဲညီညီပူးပေါင်းဆောင်ရွက်ရေး။

★ နိုင်ငံတော်နှင့်နိုင်ငံသားများအပေါ် ကျရောက်လာနိုင်သည့် ပြည်တွင်း ပြည်ပအန္တရာယ်များ၊ သဘာဝဘေးအန္တရာယ်များမှ ကာကွယ်စောင့်ရှောက်ရေး။

★ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးတို့ကို အသက်ပေး၍ ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရေး။

ပြည်ထောင်စုတရားသူကြီးချုပ်၏ လမ်းညွှန်မှာကြားချက်များ ထပ်ဆင့်ရှင်းလင်း

ဘားအံ မတ် ၇

နေပြည်တော်တွင် ဖေဖော်ဝါရီပထမပတ်က ကျင်းပခဲ့သော ပြည်ထောင်စုတရားလွှတ်တော်ချုပ်နှင့် တိုင်းဒေသကြီး၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်များ၊ တိုင်းဒေသကြီး၊ ပြည်နယ်တရားရေးဦးစီးမှူးများ၊ ခရိုင်တရားသူကြီးများ၏ အဋ္ဌမအကြိမ်မြောက် လုပ်ငန်းညှိနှိုင်းအစည်းအဝေး အတွေ့အကြုံရှင်းလင်းပွဲအခမ်းအနားကို ဖေဖော်ဝါရီ စတုတ္ထပတ်က ဘားအံမြို့ ကရင်ပြည်နယ်တရားလွှတ်တော်ရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ် ဦးစောစံလင်းက ပြည်ထောင်စုတရားသူကြီးချုပ်၏ တရားစီရင်ရေးဆိုင်ရာ လမ်းညွှန်မှာကြားချက်များကို ထပ်ဆင့်ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သိရသည်။

ယင်းနောက် ခရိုင်တရားသူကြီးများနှင့် မြို့နယ်တရားသူကြီးများက တရားစီရင်ရေးနှင့် ရုံးလုပ်ငန်းဆိုင်ရာများကို တင်ပြခဲ့ကြောင်းနှင့် အဆိုပါ အခမ်းအနားသို့ ကရင်ပြည်နယ်အတွင်းရှိ တရားရေးအရာရှိများနှင့် တရားသူကြီးများ စုစုပေါင်း ၂၄ ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။ (မြန်မာ့အလင်း)

ကိုယ့်အားကိုယ်ကိုး လျှပ်စစ်မီးလင်းရေးဖွင့်ပွဲကျင်းပ

တောင်ငူ မတ် ၇

နှစ် (၇၀)ပြည့်တပ်မတော်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် အုတ်တွင်းမြို့နယ် လက်ပံခုံကျေးရွာ ကိုယ့်အားကိုယ်ကိုး လျှပ်စစ်မီးလင်းရေးဖွင့်ပွဲအခမ်းအနားကို မတ် ၁ ရက်က အဆိုပါ ကျေးရွာ၌ ကျင်းပသည်။

အခမ်းအနားတွင် တောင်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်အောင်ကျော်ဇောက ကျေးရွာမီးလင်းရေး ဓာတ်အားလိုင်းနှင့် ကမ္ဘည်းကျောက်စာတိုင်ကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပြီး အမှာစကားပြောကြားသည်။ ထို့နောက် ကျေးရွာမီးလင်းရေးကော်မတီအဖွဲ့ဝင်တစ်ဦးက ကိုယ့်အားကိုယ်ကိုး လျှပ်စစ်မီးလင်းရေးနှင့် ပတ်သက်၍ရှင်းလင်းတင်ပြကာ ရပ်မိရပ်ဖတစ်ဦးက ကျေးဇူးတင်စကားပြန်လည်ပြောကြားသည်။

လက်ပံခုံကျေးရွာ ကိုယ့်အားကိုယ်ကိုး လျှပ်စစ်မီးလင်းရေးအတွက် တိုင်းစစ်ဌာနချုပ်နှင့် အုတ်တွင်းတပ်နယ်မှ တပ်ရင်းတပ်ဖွဲ့များက မီးလိုင်းသွယ်တန်းရေးနှင့် ပတ်သက်၍ ပံ့ပိုးကူညီမှုများ ဆောင်ရွက်ပေးခဲ့ပြီး ဒေသခံပြည်သူများ၏ ထည့်ဝင်ငွေကျပ် သိန်း ၆၁၀ ဖြင့် လျှပ်စစ်မီးရရှိရေး ဆောင်ရွက်ခြင်းဖြစ်ကြောင်း သိရသည်။ **မောင်ရွှေဝင်း(ပြည်)**



စာပေမြှင့်မှ လူမျိုးတင့်မည်

ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် အခြေခံစားကုန်ဈေးနှုန်း ၇-၃-၂၀၁၅

ရွှေဈေးနှုန်း(အောင်သမာဓိ)

ရန်ကုန်	၁၆ ပဲရည်	တစ်ကျပ်သား	ကျပ် ၆၇၂၀၀၀
ရန်ကုန်	၁၅ ပဲရည်	တစ်ကျပ်သား	ကျပ် ၆၂၃၁၀၀
မန္တလေး	၁၆ ပဲရည်	တစ်ကျပ်သား	ကျပ် ၆၆၁၀၀၀

စက်သုံးဆီဈေးနှုန်း(Max/Newday စက်သုံးဆီအရောင်းဆိုင်)

ဓာတ်ဆီ	တစ်လီတာ	ကျပ် ၈၁၆
ဒီဇယ်	တစ်လီတာ	ကျပ် ၆၈၀
အောက်တိန်း၉၂	တစ်လီတာ	ကျပ် ၆၅၀
အောက်တိန်း၉၅	တစ်လီတာ	ကျပ် ၈၈၀
ပရီမီယံဒီဇယ်	တစ်လီတာ	ကျပ် ၉၀၀

သားငါးနှင့်ဟင်းချက်စရာဈေးနှုန်း(သား/ငါးနိုင်ငံများ)

၁။	ငါးကြင်း	တစ်ပိဿာ	၄၀၀၀-၄၈၀၀
၂။	ငါးမြစ်ချင်း	တစ်ပိဿာ	၃၅၀၀-၃၇၀၀
၃။	ငါးရံ့	တစ်ပိဿာ	၄၅၀၀-၆၈၀၀
၄။	ငါးဖယ်	တစ်ပိဿာ	၁၂၀၀၀-၁၄၀၀၀
၅။	ပုစွန် (ကျောင့်)	တစ်ပိဿာ	၆၀၀၀-၁၂၀၀၀
၆။	ပုစွန်တုပ်	တစ်ပိဿာ	၇၀၀၀-၃၃၀၀၀
၇။	ငါးသလောက်	တစ်ပိဿာ	၆၅၀၀-၁၄၅၀၀
၈။	ကြက်	တစ်ပိဿာ	၄၅၀၀-၁၅၀၀၀
၉။	ဝက်	တစ်ပိဿာ	၇၀၀၀-၈၅၀၀
၁၀။	အမဲ	တစ်ပိဿာ	၈၀၀၀-၁၂၀၀၀
၁၁။	ဆိတ်	တစ်ပိဿာ	၁၃၀၀၀-၁၈၀၀၀
၁၂။	ဘဲ	တစ်ပိဿာ	၄၂၀၀-၉၅၀၀

နိုင်ငံတကာသုံးငွေကြေးပေါက်ဈေး(သိမ်မြုံငွေလဲကောင်တာ)

အမေရိကန်	တစ်ဒေါ်လာ	၁၀၄၈-၁၀၅၀
ဥရောပ	တစ်ယူရို	၁၂၀၀-၁၂၁၀
စင်ကာပူ	တစ်ဒေါ်လာ	၇၇၆-၇၈၀
ထိုင်း	တစ်ဘတ်	၃၁-၃၃.၅
အိန္ဒိယ	တစ်ရူပီး	၁၅.၅-၁၆
တရုတ်	တစ်ယွမ်	၁၆၃-၁၆၅
မလေးရှား	တစ်ရင်းဂစ်	၃၂၀-၃၂၅

ဘုရင့်နောင်ကုန်စည်ဒိုင်ဈေးနှုန်း

နွေဆန်	တစ်အိတ်	၁၈၀၀၀-၁၈၅၀၀
မိုးဆန်သစ် (မနောသုခ)	တစ်အိတ်	၁၇၀၀၀-၁၇၅၀၀
ပေါ်ဆန်း (အသစ်)	တစ်အိတ်	၂၈၀၀၀-၃၂၀၀၀
မြေပဲဆီ	တစ်ပိဿာ	၄၀၀၀
စားအုန်းဆီ	တစ်ပိဿာ	၁၃၅၇
ဆီပ်ဖြူကြက်သွန်နီ (အသစ်)	တစ်ပိဿာ	၂၇၅-၄၅၀
ရှမ်းကြက်သွန်ဖြူ (အသစ်)	တစ်ပိဿာ	၁၅၅၀-၂၀၇၅
ကြက်သွန်ဖြူ (ကြေကွတ်)	တစ်ပိဿာ	၁၅၂၅-၁၅၇၅
အာလူး (ဆင်ဖြူကျွန်း)	တစ်ပိဿာ	၃၆၀-၆၇၀
ငရုတ်ရှည် (မိုးထောင်)	တစ်ပိဿာ	၂၄၀၀-၂၆၅၀
ငရုတ်ပွ (စိမ်းစား)	တစ်ပိဿာ	၅၀၀၀-၅၄၀၀
သကြား	တစ်ပိဿာ	၈၁၅-၈၅၀

ကုန်စည်ဒိုင်ဈေးနှုန်းဖြစ်ပြီး အချိန်နှင့်အမျှ အပြောင်းအလဲရှိနိုင်ပါသည်။

ခင်ရတနာ-စုစည်းသည်။ ခင်ဆိုင်-စေ့ငုတင်ပြသည်။

ပြည်တွင်းသတင်း

ပြည်သူများ၏တူညီသောဆန္ဒဖြစ်သည့် တိုင်းပြည်တည်ငြိမ်အေးချမ်းပြီး ထာဝရငြိမ်းချမ်းရေးရရှိအောင် ဆောင်ရွက်သွားကြရမည်

နေပြည်တော် မတ် ၇

လားရှိုးမြို့၌ ရောက်ရှိနေသော ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပြန်လည်ထူထောင်ရေးအုပ်ချုပ်မှု အထောက်အကူပြု ကော်မတီဥက္ကဋ္ဌ သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှထွန်းနှင့်အဖွဲ့သည် မတ် ၆ ရက် နံနက်ပိုင်းတွင် တပ်မတော်ခုတင်(၁၀၀) ဆေးရုံ၌ တက်ရောက်ကုသနေသော လောက်ကိုင်တိုက်ပွဲမှ ဒဏ်ရာရအရာရှိ၊ စစ်သည်များအား သွားရောက်ကြည့်ရှုအားပေးသည်။ **(ယာဝုံ)**

ထို့နောက် ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးလှထွန်း၊ ဦးအုန်းမြင့်၊ ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးစစ်အောင်မြတ်၊ စစ်ဆင်ရေးအထူးအဖွဲ့မှူး ဒုတိယပိုလ်ချုပ်ကြီးအောင်သန်းထွဋ်၊ အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ပိုလ်ချုပ်အောင်စိုးနှင့် ကော်မတီအဖွဲ့ဝင်များက ဒဏ်ရာရ အရာရှိ၊ စစ်သည်များအား တစ်ဦးချင်းထောက်ပံ့ငွေများကို ပေးအပ်ပြီး အားပေးစကားပြောကြားသည်။

ထိုမှတစ်ဆင့် ပြည်ထောင်စုဝန်ကြီးများနှင့် အဖွဲ့ဝင်များသည် လားရှိုးမြို့၊ ပြည်နယ်အထွေထွေရောဂါကုဆေးရုံသို့ သွားရောက်ပြီး ကိုးကန့်သောင်းကျန်းသူများ၏ တိုက်ခိုက်မှုကြောင့် ဒဏ်ရာရရှိ၍ ဆေးဝါးကုသမှုခံယူနေသည့် လူနာများအား တစ်ဦးချင်းထောက်ပံ့ငွေများ ပေးအပ်ပြီး အားပေးစကားပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးများနှင့် အဖွဲ့ဝင်များသည် လားရှိုးမြို့၊ ပြည်နယ်အထွေထွေရောဂါကုဆေးရုံသို့ သွားရောက်ပြီး ကိုးကန့်သောင်းကျန်းသူများ၏ တိုက်ခိုက်မှုကြောင့် ဒဏ်ရာရရှိ၍ ဆေးဝါးကုသမှုခံယူနေသည့် လူနာများ၊ စစ်သည်မိသားစုများအား တစ်ဦးချင်းထောက်ပံ့ငွေများကို ပေးအပ်ပြီး အားပေးစကားပြောကြားသည်။

ကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးလှထွန်းနှင့်အဖွဲ့ဝင်များသည် နေ့လယ်ပိုင်းတွင် လားရှိုးမြို့ မြို့တော်ခန်းမ၌ ကျင်းပပြုလုပ်သည့် ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပြန်လည်ထူထောင်ရေးအတွက် အလျှင်ငွေပေးအပ်ပွဲအခမ်းအနားသို့ တက်ရောက်သည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး ဦးလှထွန်းက အမှာစကားပြောကြားရာတွင် ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအတွင်း ကိုးကန့်သောင်းကျန်းသူများ၏ တိုက်ခိုက်မှုကြောင့် ဒေသခံပြည်သူများ၏ အသက်အိုးအိမ် စည်းစိမ်ဥစ္စာများ ဆုံးရှုံးခဲ့ရပြီး ဒေသအတွင်းတည်ငြိမ်မှု ပျက်ပြားခဲ့သဖြင့် နိုင်ငံတော်သမ္မတရုံး၏ ၁၇-၂-၂၀၁၅ ရက်စွဲပါ ဥပဒေကဲ့သို့အာဏာတည်သော အမိန့်အမှတ်(၁/၂၀၁၅)ဖြင့် အရေးပေါ်အခြေအနေ ကြေညာခြင်းကိုလည်းကောင်း၊ (၂/၂၀၁၅) ဖြင့် စစ်အုပ်ချုပ်ရေးအမိန့်ကို ထုတ်ပြန်ကြေညာခဲ့ရပါကြောင်း။

ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသမှ ဒေသခံပြည်သူများ၏ ပညာရေး၊ ကျန်းမာရေးနှင့် လူမှုစီးပွားအခြေအနေများကို ပြန်လည်ထူထောင်နိုင်ရေးအတွက် တပ်မတော်ကို အထောက်အကူပြုရန် ရှမ်းပြည်နယ် ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပြန်လည်ထူထောင်ရေးအုပ်ချုပ်မှု အထောက်အကူပြုကော်မတီကို ဖွဲ့စည်းပေးခဲ့ပါကြောင်း။

ပြည်သူများ၏ တူညီသောဆန္ဒဖြစ်သည့် တိုင်းပြည်တည်ငြိမ်အေးချမ်းပြီး ထာဝရငြိမ်းချမ်းရေးရရှိအောင် ဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း၊ ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတွင် တည်ငြိမ်မှုများ အမြန်ဆုံးပြန်လည်ရရှိရန်အတွက် ဆောင်ရွက်ရာတွင် ပြည်သူများမှလည်း ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်သွားကြရန် ပြောကြားသည်။

ဆက်လက်ပြီး ရှမ်းပြည်နယ်အစိုးရအဖွဲ့က လျှုဒါန်းသည့် ဆန်အိတ် ၃၀၀၀ ကို ဝန်ကြီးချုပ် ဦးစစ်အောင်မြတ်က ပေးအပ်လျှုဒါန်းရာ ပြည်ထောင်စုဝန်ကြီး ဦးလှထွန်းမှ လက်ခံသည်။

ထို့နောက် အေးရှားဝေါလ်ဖောင်ဒေးရှင်းကလျှုဒါန်းသည့် ငွေကျပ်သိန်း ၁၅၀၀ ကို အေးရှားဝေါလ်ဖောင်ဒေးရှင်းက ဒေါ်ခင်နှင်းဖြူက ပေးအပ်ရာ ပြည်ထောင်စုဝန်ကြီး ဦးအုန်းမြင့်က လည်းကောင်း၊ JEWELLERY LUCK GROUP OF COMPANIES (Family အထပ်သား)က လျှုဒါန်းငွေ ကျပ်သိန်း ၁၀၀၀ ကို ကုမ္ပဏီဒုတိယဥက္ကဋ္ဌ ဦးသောင်းထိုက်မင်းက ပေးအပ်ရာ ဝန်ကြီးချုပ်က လည်းကောင်း၊ မြန်မာနိုင်ငံဘဏ် လုပ်ငန်းရှင်များ အသင်းမှ လျှုဒါန်းငွေကျပ် သိန်း ၅၀၀ ကို ဗိုလ်မှူး မိုးသက်ထူး(ငြိမ်း)က ပေးအပ်ရာ ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် ကျော်ကျော်ထွန်းက လည်းကောင်း၊ ကုန်သည်ကြီးများ အသင်းကလျှုဒါန်းသည့် ဆန်အိတ် ၁၀၀၀၊ ဆီပိသာ ၂၀၀ ကို ကုန်သွယ်ရေး ညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးလှမော်ဦးက ပေးအပ်ရာ ဒုတိယဝန်ကြီး ဦးဘုန်းဆွေက လည်းကောင်း၊ ရှမ်းပြည်နယ် လူမှုရေးဝန်ကြီး ဒေါက်တာ မျိုးထွန်းက ငွေကျပ်သိန်း ၂၀ ကို ပေးအပ်လျှုဒါန်းရာ ဒုတိယဝန်ကြီး ဦးသန့်ရှင်းကလည်းကောင်း၊ ရွှေမင်းဝင်ကုမ္ပဏီလီမိတက်က ငွေကျပ် သိန်း ၂၀ ကို ကုမ္ပဏီဥက္ကဋ္ဌ ဦးရည်သွေးက ပေးအပ်ရာ ဒုတိယဝန်ကြီး ဒေါက်တာဝင်းမြင့်က လည်းကောင်း၊ ကျားခေါင်းဘီလပ်မြေ ကုမ္ပဏီမှ ငွေကျပ်သိန်း ၂၀ ကို မန်နေဂျာ ဦးမိုးမင်းဦးက ပေးအပ်လျှုဒါန်းရာ ရှမ်းပြည်နယ် လူမှုရေးဝန်ကြီး ဒေါက်တာမျိုးထွန်းက လည်းကောင်း၊ ကွမ်းလုံမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဟော်ရှောက်ချန်းက ငွေကျပ် ၁၀ သိန်းနှင့် မြန်မာ့ရတနာရွှေခေတ် ဦးဘိုဘိုက ငွေကျပ်သိန်း ၃၀ ပေးအပ်လျှုဒါန်းရာ ပြည်နယ်ဒုတိယအုပ်ချုပ်ရေးမှူး ဦးစိန်အုပ်က လည်းကောင်း အသီးသီးလက်ခံကြသည်။

ဆက်လက်၍ ရှမ်းပြည်နယ် လူမှုရေးဝန်ကြီး ဒေါက်တာမျိုးထွန်းက လျှုဒါန်းရခြင်း အကြောင်းအရင်းနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြကာ ဝန်ကြီးချုပ် ဦးစစ်အောင်မြတ်က ကျေးဇူးတင်စကားပြောကြားခဲ့ပြီး အခမ်းအနားကို ရုပ်သိမ်းခဲ့သည်။

ထို့နောက် အခမ်းအနားသို့ တက်ရောက်လာကြသူများအား ပြည်ထောင်စုဝန်ကြီးများနှင့် အဖွဲ့ဝင်များက လိုက်လံနှုတ်ဆက်ကြပြီး အလျှုရှင်များနှင့်အတူ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။ အခမ်းအနားတွင် လျှုဒါန်းရရှိမှု စုစုပေါင်းမှာ ငွေကျပ်သိန်း ၃၁၀၀၊ ဆန်အိတ် ၄၀၀၀ နှင့် ဆီ ပိသာ ၂၀၀ ဖြစ်ကြောင်း သိရှိရသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးများနှင့်အဖွဲ့ဝင်များသည် လားရှိုးမြို့ မန်ဆူဘုရားကြီး ကျောင်းတိုက်သို့ သွားရောက်ပြီး ဘဝနတ်ထံပျံလွန်တော်မူသွားသည့် ဆရာတော် သက်တော် ၈၂ နှစ်၊ ဝါတော် ၆၂ ဝါရှိ ဘဒ္ဒန္တကောဏ္ဍည (အဘိဇေမဟာရဋ္ဌဂုရု)အား သွားရောက်ဖူးမြော်ပြီး အလျှုငွေများ ဆက်ကပ်လျှုဒါန်းခဲ့သည်။

ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပြန်လည်ထူထောင်ရေးအတွက် အလျှုငွေများ လျှုဒါန်းလိုပါက ရှမ်းပြည်နယ် ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပြန်လည်ထူထောင်ရေးအုပ်ချုပ်မှု အထောက်အကူပြု ကော်မတီအတွင်းရေးမှူး ဦးဘုန်းဆွေ ဒုတိယဝန်ကြီး လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဖုန်း-၀၉-၅၀၅၂၃၅ ထံ ဆက်သွယ်လျှုဒါန်းနိုင်ကြောင်း သိရသည်။

(သတင်းစဉ်)

ကြက်ငှက်တုပ်ကွေး မဖြစ်ပွားစေရေး ကြက်ခြံများအားစစ်ဆေး

မင်းလှ မတ် ၇

ကြက်ငှက် တုပ်ကွေးရောဂါ ဖြစ်ပွားလျက်ရှိသော ကိစ္စနှင့် ပတ်သက်၍ သာယာဝတီခရိုင် မင်းလှမြို့နယ်အတွင်းရှိ အသားစားနှင့် ဥစားကြက်ခြံများကို မတ် ၂ ရက်နံနက် ၁၀ နာရီက စတင်ပြီး မြို့နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ဦးစီးမှူး ဦးဆောင်သောအဖွဲ့က အသားစားနှင့် ဥစားကြက်ခြံများကို ကွင်းဆင်းစစ်ဆေးပြီး အဆိုပါကြက်ခြံများကို ပိုးသတ်ဆေးဖျန်းခြင်း၊ ကြက်ခြံများ၏ ဇီဝလုံခြုံမှုမြှင့်တင်ခြင်း လုပ်ငန်းများ၊ အသိပညာပေးဟောပြောခြင်းတို့ကို ကွင်းဆင်းဆောင်ရွက်ခဲ့ကြောင်း၊ မင်းလှမြို့မ ဈေးအတွင်းရှိ ကြက်သားအရောင်းဆိုင်များကို မကြာမီ ကွင်းဆင်းစစ်ဆေးသွားမည်ဖြစ်ကြောင်း သိရသည်။

ပေါက်စ (iprd)

တိရစ္ဆာန်မွေးမြူရေးနှင့် ရောဂါကာကွယ်ကုသရေး အထောက်အကူဖြစ်စေမည့် သုတေသနအဆိုပြု စာတမ်းပတ်

နေပြည်တော် မတ် ၇

တက္ကသိုလ်၏ ပင်မအသက်သွေးကြောဖြစ်သော သုတေသနလုပ်ငန်းရလဒ်များသည် တိရစ္ဆာန်မွေးမြူရေးနှင့် ရောဂါကာကွယ်ရေးတွင် အထောက်အကူဖြစ်လာစေရန် သုတေသနအဆိုပြုစာတမ်းဖတ်ပွဲကို နေပြည်တော် ရေဆင်းရှိ မွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ်၌ ကျင်းပခဲ့သည်။

အဆိုပါစာတမ်းဖတ်ပွဲကို မတ် ၃ ရက်မှ ယနေ့အထိ ယင်းတက္ကသိုလ်ရှိ စုဝေးခန်းမ၌ ကျင်းပခဲ့ခြင်းဖြစ်ပြီး ၂၀၁၄-၂၀၁၅ ပညာသင်နှစ် တိရစ္ဆာန် မဟာဆေးသိပ္ပံသင်တန်းမှ ကျောင်းသား ကျောင်းသူများကို မွေးမြူရေးလုပ်ငန်းများ ပိုမိုအောင်မြင်စေရေးနှင့် တိရစ္ဆာန်ရောဂါကာကွယ်ထိန်းချုပ်ရေး၊ စားနပ်ရိက္ခာဖူလုံရေးနှင့် အစားအစာ ဘေးကင်းလုံခြုံရေး၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး စသည်တို့တွင် အထောက်အကူပြုစေမည့် သုတေသနအဆိုပြုစာတမ်း ၅၅ စောင် တင်သွင်းဖတ်ကြားခြင်းဖြစ်ကြောင်း သိရသည်။

(မြန်မာ့အလင်း)

ဒုတိယအကြိမ် စာကြည့်တိုက်ပညာဖိုရမ်ကျင်းပမည်

ရန်ကုန် မတ် ၇

မြန်မာနိုင်ငံ စာကြည့်တိုက်အသင်းကဦးဆောင်၍ ဒုတိယအကြိမ် စာကြည့်တိုက်ပညာဖိုရမ်ကို မတ် ၁၃ ရက် ညနေ ၃ နာရီတွင် ရန်ကုန်မြို့ ဒဂုံမြို့နယ် ပြည်လမ်း အမျိုးသားပြတိုက်ရှိ အမျိုးသားစာကြည့်တိုက် (ရန်ကုန်ရုံးခွဲ)၌ ကျင်းပမည်ဖြစ်သည်။

အဆိုပါဖိုရမ်တွင် "ပေ၊ ပုရပိုက်ထိန်းသိမ်းခြင်းနှင့် သုတပညာ" ခေါင်းစဉ်ဖြင့် ဆရာမ ဒေါ်တင်ဖုန်းနွယ်၊ ဆရာ ဦးညွှန့်မောင်နှင့် ဦးမောင်မောင်သိမ်းတို့က ဆွေးနွေးဟောပြောကြမည်ဖြစ်ရာ စိတ်ပါဝင်စားသူမည်သူမဆို တက်ရောက်လေ့လာနိုင်ကြောင်း သိရသည်။

ခင်ချိုဝင်း

နိုင်ငံတကာသတင်း

အိုင်အက်စ်တို့ထိန်းချုပ်သော အဓိကမြို့ အီရတ်တပ်ဖွဲ့ဝင်များ ပြန်လည်တိုက်ခိုက်ရယူ

ဘဂ္ဒဒက် မတ် ၇

အယ်လ်ဘဂ္ဒဒက်ဒီမြို့ အနောက်ပိုင်းရှိ အိုင်အက်စ်စစ်သွေးကြွတိုက်ခိုက်ရေးသမားများအား အီရတ်တပ်ဖွဲ့ဝင်များက တိုက်ထုတ်နိုင်ခဲ့ကြောင်း အမေရိကန်စစ်ဘက်ကပြောသည်။

အီရတ်တပ်ဖွဲ့ဝင်များကို သင်တန်းပေးနေသည့် အမေရိကန်အခြေစိုက်စခန်းမှ ငါးမိုင်ခန့်အကွာရှိ အဆိုပါမြို့ကို လွန်ခဲ့သောလက အိုင်အက်စ်စစ်သွေးကြွများက သိမ်းပိုက်ထားခဲ့သည်။

အမေရိကန်ဦးဆောင်သော ညွှန့်ပေါင်းအဖွဲ့၏ လေကြောင်းပစ်ကူတိုက်ခိုက်မှုနှင့်အတူ အီရတ်တပ်ဖွဲ့က အောင်မြင်စွာ တိုက်ထုတ်နိုင်ခဲ့ကြောင်း အမေရိကန်တပ်ဖွဲ့၏ ကြေညာချက်တွင် ဖော်ပြသည်။

ထိုအတောအတွင်း အိုင်အက်စ်တို့က အီရတ်နိုင်ငံ အဆီးရီးယန်းရှေးဟောင်းမြို့ကို ဖျက်ဆီးလျက်ရှိရာ စိုးရိမ်မှုများ တိုးလာသည်။ အိုင်အက်စ်တို့သည် ဘီစီ ၁၃ ရာစုခေတ်က ရှေးဟောင်းအဆောက်အအုံများကို ဖြိုချလျက်ရှိသည်ဟု အီရတ်တာဝန်ရှိသူများက ပြောသည်။

ကုလသမဂ္ဂ ယဉ်ကျေးမှုအေဂျင်စီအကြီးအကဲက အီရတ်နိုင်ငံအတွင်း ဖျက်ဆီးခံရသော ယဉ်ကျေးမှုနေရာများနှင့်ပတ်သက်၍ စိုးရိမ်မိသည်ဟု ထုတ်ဖော်ပြောကြားလိုက်သည်။

(ဘီဘီစီ)

သမ္မတအိုဘားမားနှင့် လွှတ်တော်အဆောက်အုံကို တိုက်ခိုက်ရန်ကြိုးပမ်းခဲ့ကြောင်း အကြမ်းဖက်သမားတစ်ဦး ဝန်ခံ

ဝါရှင်တန် မတ် ၇

အကြမ်းဖက်မှုဖြင့် ဖမ်းဆီးခြင်းခံထားရသည့် အမေရိကန်လူမျိုးတစ်ဦးသည် အိုင်အက်စ်အကြမ်းဖက်အဖွဲ့ကို အမေရိကန်က လေကြောင်းမှတိုက်ခိုက်မှုများပြုလုပ်သည်ကို လက်တုံ့ပြန်ရန်အတွက် သမ္မတအိုဘားမားကို ပစ်သတ်ရန်နှင့် လွှတ်တော်အဆောက်အအုံကို ပုံးဖောက်ခွဲရန် ကြိုးပမ်းကြောင်း အမေရိကန်ရုပ်သံလိုင်းတစ်ခုတွင် ဖော်ပြသည်။

ကင်တပ်ကီပြည်နယ်ရှိ အကျဉ်းထောင်တစ်ခုတွင် ဖမ်းဆီးခြင်းခံထားရသည့် အသက် ၂၀ အရွယ်ရှိ ခရစ်စတိုဖာလီကော်နဲလ်နှင့် ဖုန်းဖြင့်တွေ့ဆုံမေးမြန်းမှုကို အိုဟိုင်းယိုးပြည်နယ်ရှိ ရုပ်သံလိုင်းတစ်ခုမှ ထုတ်လွှင့်ခဲ့သည်။ အကယ်၍ ဇန်နဝါရီလအတွင်း၌ ၎င်းကို ဖမ်းဆီးမရမိလျှင် သမ္မတအိုဘားမားကို သေနတ်ဖြင့်ပစ်သတ်ပြီးနောက် လွှတ်တော်အဆောက်အအုံ၊ အစ္စရေးသံရုံးနှင့် အခြားသော အဆောက်အအုံများတွင် တိုက်ခိုက်မှုများ ပြုလုပ်သွားမည်ဖြစ်ကြောင်း ၎င်းကိုယ်တိုင်ထုတ်ဖော်ပြောကြားခဲ့သည်။ အမေရိကန်သမ္မတဘားရက်အိုဘားမားအနေဖြင့် အိုင်အက်(စ်)အုပ်စုအပေါ်တွင် တိုက်ခိုက်မှုများကို လက်တုံ့ပြန်မည်ဖြစ်ကြောင်း ၎င်းက ပြောသည်။ ၎င်းသည် အိုင်အက်(စ်)အဖွဲ့ဝင်တစ်ဦးဖြစ်သည့်အတွက် အီရတ်နှင့်ဆီးရီးယားရှိ အဖွဲ့ဝင်များက ၎င်းကို အနောက်နိုင်ငံများတွင် ဂျီဟတ်စစ်ဆင်ရေးပြုလုပ်ရန် အမိန့်ပေးခဲ့ကြောင်း ပြောသည်။

စင်စင်နာတီတွင် နေထိုင်သူတစ်ဦးဖြစ်သည့် ကော်နဲလ်သည် ဇန်နဝါရီလ ၁၄ ရက်တွင် သေနတ်များနှင့် ကျည်ဆန် ၆၀၀ ဝန်းကျင်ခန့် ဝယ်ယူပြီးနောက် သေနတ်ဆိုင်အပြင်ဘက်တွင် ဖမ်းဆီးခြင်းခံခဲ့ရသည်။

ကော်နဲလ်သည် အစိုးရအရာရှိကြီးများကိုသတ်ဖြတ်ရန်ကြိုးပမ်းမှု၊ အကြမ်းဖက်မှုပြုလုပ်ရန် လက်နက်များ ပိုင်ဆိုင်မှု၊ အကြမ်းဖက်မှုပြုလုပ်ရန် ကြိုးပမ်းမှုတို့အတွက် ပြစ်မှုထင်ရှားပါက ထောင်ဒဏ် နှစ် ၂၀ စီ ကျခံရဖွယ်ရှိကြောင်း သိရသည်။

(ဆင်ဟွာ)

ပျောက်ဆုံးမလေးရှားလေယာဉ် အိန္ဒိယသမုဒ္ဒရာအတွင်းတွေ့ ဖွယ်ရှိ

ကွာလာလမ်ပူ မတ် ၇

လွန်ခဲ့သည့်တစ်နှစ်တာကာလက ပျောက်ဆုံးနေခဲ့သည့် မလေးရှားလေယာဉ် MH 370 ကို အိန္ဒိယသမုဒ္ဒရာအတွင်း တွေ့လိမ့်မည်ဟု ယုံကြည်နေကြောင်း မလေးရှားပို့ဆောင်ရေးဝန်ကြီးက ပြောသည်။

မလေးရှား အာဏာပိုင်များ အနေဖြင့် အဆိုပါ ပျောက်ဆုံးလေယာဉ်နှင့်ပတ်သက်၍ သတင်းအချက်အလက်များ ဖုံးကွယ်ထားခြင်းမရှိကြောင်းလည်း ဝန်ကြီးက ပြောကြားသည်။

လူပေါင်း ၂၃၉ ဦးနှင့် အတူ ပျောက်ဆုံးသွားသော အဆိုပါ လေယာဉ်ကို ရှာဖွေနေဆဲဖြစ်ကြောင်းလည်း ၎င်းကပြောသည်။ မလေးရှား လေကြောင်းလိုင်းပိုင် ဘိုးရင်း- ၇၇၇လေယာဉ် ပျောက်ဆုံးပြီး တစ်နှစ်အကြာ တနင်္ဂနွေနေ့တွင် မလေးရှားလေကြောင်း ဦးစီးဌာနက ကြေညာချက်တစ်ရပ် ထုတ်ပြန်ဖွယ်ရှိသည်။ အဆိုပါ လေယာဉ်သည် ကွာလာလမ်ပူမှ ပေကျင်းသို့သွားရောက်စဉ် ပျောက်ဆုံးခဲ့ခြင်းဖြစ်သည်။ သြစတြေးလျနိုင်ငံက နိုင်ငံ၏ အနောက်ဘက် ကမ်းရိုးတန်း အလွန် မိုင် ၁၀၀၀ ခန့်အကွာ အိန္ဒိယသမုဒ္ဒရာ တောင်ပိုင်း၌ နိုင်ငံတကာအဖွဲ့နှင့် ဦးဆောင် ရှာဖွေလျက်ရှိသည်။ ရှာဖွေရေး အဖွဲ့များက စတုရန်းကီလိုမီတာ ၆၀၀၀၀ အတွင်း ရှာဖွေမှုများ ပြုလုပ်လျက်ရှိသည်။

ပျောက်ဆုံး မလေးရှား လေယာဉ်ကို သြစတြေးလျနှင့် မလေးရှားတို့ ပူးပေါင်း၍ အမေရိကန် ဒေါ်လာ ၉၃ သန်း အကုန်အကျခံကာ ရှာဖွေလျက်ရှိသည်။ **(ဘီဘီစီ)**

အမေရိကန်အစိုးရရှေ့နေများက ကွန်ပျူတာဖောက်ထွင်းဝိဇ္ဇာများကို တရားစွဲ

နယူးယောက် မတ် ၇

အမေရိကန် အစိုးရရှေ့နေများက ဗီယက်နမ်နှစ်ဦးနှင့် ကနေဒါတစ်ဦးတို့ကို အမေရိကန်သမိုင်းတွင် အကြီးဆုံး အချက်အလက်ပေါက်ကြားမှုနှင့် ပတ်သက်ပြီး တရားစွဲဆိုထားသည်။

၎င်းတို့သည် အီးမေးလ်လိပ်စာပေါင်းတစ်ဘီလီယံနီးပါးကို ဖောက်ထွင်းယူခဲ့ကြောင်း သိရသည်။

၎င်းတို့သည် ဖောက်ထွင်းယူခဲ့သော အချက်အလက်များကို အသုံးချကာ လူသန်းပေါင်းများစွာထံ ကုန်ပစ္စည်းအတုများကို ရောင်းချခဲ့ရာ ဒေါ်လာ နှစ်သန်းကျော်ကျော် ရရှိခဲ့သည်။

အမေရိကန် အီးမေးလ်ဖြန့်ဖြူးရေးကုမ္ပဏီများမှာ ၂၀၀၉ ခုနှစ်နှင့် ၂၀၁၂ ခုနှစ်အတွင်း ဝင်ရောက်မွှေနှောက်ခံခဲ့ရကြောင်း အမေရိကန် အာဏာပိုင်များက ပြောကြားခဲ့သည်။

တရားရုံးဆိုင်ရာ အချက်အလက်များက မည်သည့်အီးမေးလ်ကုမ္ပဏီ ဖောက်ထွင်းခံခဲ့ရကြောင်းကို ထုတ်ဖော်ခဲ့ခြင်းမရှိပေ။

ဂီယန်ဟောင်ဗူသည် ကွန်ပျူတာများကို ဖောက်ထွင်းဝင်ရောက်ရာတွင် လျှို့ဝှက်ပူးပေါင်းကြံစည်မှုနှင့် ဗီယက်ကွက်ငုယင်သည် အခြားပြစ်မှုများကို ကျူးလွန်ကြောင်း တွေ့ရှိခဲ့သည်။

မစ္စတာဗူသည် ၂၀၁၄ ခုနှစ်မတ်လတွင် ပြစ်မှုကျူးလွန်မှုဖြင့် လွှဲအပ်မခံရမီ ဗီယက်နမ်အမျိုးသားနှစ်ဦးစလုံးသည် နယ်သာလန်တွင် အခြေချနေထိုင်ခဲ့ကြောင်း အစိုးရက ဗီယက်နမ် အမျိုးသားနှစ်ဦးကို အီးမေးလ်များ ခိုးယူမှု၊ အဒိုဘီ ဆော့ဖ်ဝဲလ် အတုများ ရောင်းချမှုတို့ဖြင့် တရားစွဲဆိုခဲ့သည်။

ထို့အတူ ကနေဒါလူမျိုး ဒေးဗစ်မန်ရှ်ရယ်ဆန်တိုးဒါဆီဗာကိုလည်း ငွေမဲခဝါချရန် ပူးပေါင်းကြံစည်မှုတို့ဖြင့် တရားစွဲခဲ့သည်။

(ဘီဘီစီ)

နစ်ဆန်းကားကုမ္ပဏီက ဆလွန်းကား ၆၄၀၀၀၀ စီးကို ပြန်လည်သိမ်းဆည်း

ကျိုတို မတ် ၇

နစ်ဆန်းအုပ်စုကုမ္ပဏီသည် ယာဉ်မောင်းနေစဉ်အတွင်း ကားစက်ဖုံးပွင့်သည့် ပြဿနာကြောင့် မော်တော်ယာဉ်အစီးပေါင်း ၆၄၀၀၀၀ ကို ကားစျေးကွက်မှ ပြန်လည်သိမ်းဆည်းခဲ့ကြောင်း အမေရိကန်မော်တော်ယာဉ်လုံခြုံရေးအေဂျင်စီက ပြောကြားသည်။

အဆိုပါကုမ္ပဏီသည် မတ်လ ၂၀၁၃ ခုနှစ်နှင့် ဒီဇင်ဘာလ ၂၀၁၄ ခုနှစ်ကြားတွင် ထုတ်လုပ်လိုက်သော အယ်လ်တီမာ မော်ဒယ်ကားအမျိုးအစားများနှင့်ပတ်သက်ပြီး ချွတ်ယွင်းချက်များတွေ့ရှိခဲ့ကြောင်း အမျိုးသားအမြန်လမ်းလုံခြုံမှုကွပ်ကဲရေးဌာနက သောကြာနေ့တွင် ပြောသည်။

၎င်းတို့အနေဖြင့် ကား၏ချွတ်ယွင်းချက်ကို တွေ့ရှိခဲ့ပြီးဖြစ်ရာ နောက်ထပ်ကားများကိုလည်း ထိုချွတ်ယွင်းချက်ကြောင့် စျေးကွက်မှ ပြန်လည်ရုပ်သိမ်းသွားမည်ဖြစ်ကြောင်း ပြောခဲ့သည်။ ထို့အပြင် နစ်ဆန်းကား ၁ ဒသမ ၁ သန်းနှင့် ကမ္ဘာတစ်ဝန်းအသုံးပြုနေသော အချို့ကားများကိုလည်း ပြန်လည်သိမ်းရတော့မည်ဖြစ်သည်။ လွန်ခဲ့သည့်နှစ် အောက်တိုဘာလတွင်လည်း နစ်ဆန်းကားကုမ္ပဏီသည် အလားတူပြဿနာကြောင့် ကားအစီးပေါင်း ၂၃စ၀၀၀ ပြန်လည်သိမ်းခဲ့ရသည်။

ထို့ပြင် ဟွန်ဒိုင်းကားကုမ္ပဏီသည်လည်း အမေရိကန်နှင့် ကနေဒါတို့တွင် အသုံးပြုနေသော Genesis ဇီမ်ခံကား ၂၀၁၅ မော်ဒယ်ကားများကိုလည်း ရေယိုစိမ့်မှုပြဿနာကြောင့် ပြန်လည်သိမ်းဆည်းခဲ့ရသည်။ General Motors က ကမ္ဘာတစ်ဝန်း ကားစီးရေ ၂ ဒသမ ၆ သန်းနီးပါးကို စက်နှိုးမှုအခက်အခဲကြောင့် ပြန်လည်သိမ်းဆည်းခဲ့သည်။ ၎င်းပြဿနာကြောင့် ကမ္ဘာတစ်ဝန်းတွင် သေဆုံးသူ ၇၀ ဦးထိရှိကြောင်း အစိုးရ မတော်တဆထိခိုက်မှုစာရင်းအရ သိရသည်။

(ပရက်စ်တီဗွီ)

ပြည်တွင်းသတင်း

လောက်ကိုင်ဒေသ တိုက်ပွဲဖြစ်ပွားသည့်နေရာပြပုံ

❖ *ကျောဖုံးမှ*

အထက်ပါ ဆုတ်ခွာသွားသော သောင်းကျန်းသူများ အနောက်သို့ တပ်မတော်စစ်ကြောင်းများက လိုက်လံရှင်းလင်းခဲ့ရာ ကိုးကန့် သောင်းကျန်းသူများထံမှ အမ်(၁၆) ၁ လက်၊ အမ်(၂၂) ၁ လက်၊ ကျည်အိမ် ၂ ခု၊ ကျည် ၉၂ တောင့်၊ TNT ယမ်းပျော့ ၂ တောင့်၊ MNDAA လက်မောင်းတံဆိပ်ပါ အကျီ၁၁ ထည်၊ စစ်စိမ်းရောင်ဘောင်းဘီရှည် ၆ ထည်၊ ကျောပိုးအိတ် ၅ လုံးနှင့် ပြောက်ကျားအိပ်ရာလိပ် ၁၃ ခု တို့ကို သိမ်းဆည်းရမိ၍ တပ်မတော်မှ အရာရှိ၊ စစ်သည် ၄ ဦး အသက်ပေးလျှောခဲ့ကာ ၁၁ ဦး ထိခိုက်ဒဏ်ရာ ရရှိခဲ့သည်။ ဒဏ်ရာရအရာရှိ၊ စစ်သည်များကို တပ်မတော်ဆေးရုံများသို့ ပို့ဆောင်၍ ဆေးကုသမှု ခံယူစေလျက်ရှိသည်။

ဆက်လက်၍ ယနေ့မွန်းလွဲပိုင်းတွင် တပ်မတော်စစ်ကြောင်းများက သတင်းဖော်ထုတ်ရရှိသော ကိုးကန့် သောင်းကျန်းသူအဖွဲ့များနှင့် ဆက်စပ်မှုရှိသည့် မသက်ာဖွယ်နေရာများကို ဝင်ရောက်ရှင်းလင်းရာ အမ်(၂၂) ၃ လက်၊ ပစ္စတို ၂ လက်၊ ကျည် အိမ် ၂ ခု၊ ကျည်မျိုးစုံ ၂၀၂၀ တောင့်၊ အာရ်ပီဂျီပို့ကျည် ၆ တောင့်၊ ဖုန်း Jammer ၂၁ ခု၊ ကျည်ကာအကျီ ၂၀၊ ကျည်ကာပြား ၆၀၊ လက်ပစ်ပုံးထည့်အိတ် ၃၅ စုံ၊ ဆန်စလွယ်အိတ် ၁၀၇ ခု၊ ကိုးကန့် အလံ ၃ ထည်၊ MNDAA လက်မောင်းတံဆိပ်ပါ ပြောက်ကျားအကျီ ၁ ထည်၊ ကိုးကန့်ရဲယူနီဖောင်း ၁၅ စုံ၊ ကိုးကန့် ဦးထုပ် ၅ လုံး၊ MNDAA ဦးထုပ်တံဆိပ် ၄ ခု၊ လက်မောင်းတံဆိပ် ၁၂၀၊ ရင်ဘတ်တံဆိပ် ၁၃၀၊ အဆင့်တံဆိပ် ၁၆ ခု၊ တောစီးဖိနပ် အရန် ၈၀ တို့အပြင် ကာလတန်ဖိုးကျပ် ၄၁၄ သိန်းခန့်ရှိ OK တံဆိပ်ပါ WY စိတ်ကြွရူးသွပ်ဆေးပြား ၂၇၆၀၀၀ ပြားနှင့် ကာလတန်ဖိုး ကျပ်သိန်း ၂၄၈၄၀၀ ခန့်ရှိ အိုက်စ် ၁ ကီလို ဂရမ်ပါ ၁၂၄၂ ထုပ် သိမ်းဆည်းရမိခဲ့ကြောင်း သတင်းရရှိသည်။

(မြဝတီ)

မြောက်ဥက္ကလာပမြို့နယ်၌ဖြစ်ပွားခဲ့သည့် လူသတ်မှုတွင် ပါဝင်ကျူးလွန်သူ တရားခံ ၁၅ ဦးအား သေဒဏ်ချမှတ်

နေပြည်တော် မတ် ၇

၂၀၁၁ ခုနှစ် နိုဝင်ဘာ ၁၇ ရက် ည ၈ နာရီ ၅ မိနစ်က ရန်ကုန်တိုင်းဒေသကြီး မြောက်ဥက္ကလာပမြို့နယ် နွယ်သာကီ ၆ လမ်းထိပ်ရှိ 6 Star အရက်ဆိုင်ရှေ့၌ မြောက်ဥက္ကလာပမြို့နယ်(က) ရပ်ကွက်နေ ကျော်မင်း(၃၂ နှစ်) ကို အမည်မသိ လူများက ဓားဖြင့်ပိုင်းဝန်းခုတ်၍ ကျော်မင်းတွင် ဒဏ်ရာများရရှိခဲ့သောကြောင့် ဝေဘာဂီရဲစခန်းက (ပ) ၅၂၂/၂၀၁၁ ပြစ်မှုပုဒ်မ ၃၂၆/၁၁၄ ဖြင့် အမှုဖွင့်စစ်ဆေးခဲ့ပြီး ကျော်မင်းမှာရရှိသောဒဏ်ရာများနှင့် မြောက်ဥက္ကလာပ ဆေးရုံ၌ ဆေးကုသမှုခံယူနေစဉ် သေဆုံးသွားသောကြောင့် ပြစ်မှုပုဒ်မ ၃၀၂/၁၁၄ သို့ ပြောင်းလဲစစ်ဆေးခဲ့သည်။ ရဲတပ်ဖွဲ့ဝင်များက ပြစ်မှုကျူးလွန်သူများအား လိုက်လံစုံစမ်းရာ မြောက်ဥက္ကလာပ မြို့နယ်နေသူများဖြစ်သည့် သက်ဦး(၄၄ နှစ်) ၊ ညီညီဦး(၃၆ နှစ်)၊ သက်ဇော်ထွန်း(၁၉ နှစ်)၊ ဇော်မင်းဦး(ခ) ဇော်ဇော်(၄၆ နှစ်)၊ ဖိုးကုလား (ခ) အေးထွန်း (၃၂နှစ်)၊ မျိုးကြီး(ခ) မျိုးမင်းထက်(၂၆နှစ်)၊ ဒဂုံအရှေ့မြို့နယ် နေသူများဖြစ်ကြသည့် မဲကြီး(ခ) သက်ဖြိုးမောင်(၂၃နှစ်)၊ ကျော်မင်းဦး(ခ)ဗိုက်ပူ(၂၅ နှစ်)၊ ဒီမိုး(ခ)ဇင်မင်းထက်(၂၃ နှစ်)၊ သယ်နိုးကျွန်းမြို့နယ်နေသူ မှားဖြစ်သည့် မျှားလေး(ခ) ကောင်းမြတ် (၄၁ နှစ်)၊ ကျွဲကြီး(ခ)ထွန်းထွန်းဝင်း (၃၆ နှစ်)၊ တောင်ဒဂုံမြို့နယ်နေ ငမန်း(ခ)ထွန်းထွန်း (၂၆ နှစ်)၊ အင်းစိန် မြို့နယ်နေ ကျော်ကြီး(ခ) ကျော်ကျော်မင်း(၄၁ နှစ်)၊ ရန်ကင်းမြို့နယ်နေ ကိုဦး(ခ) အောင်အောင်(၂၇ နှစ်) နှင့် ကြည့်မြင်တိုင်မြို့နယ်နေ ထွန်းငြိမ်း(ခ)ဇော်ဇော်အောင် (၂၅ နှစ်) တို့ဖြစ်ကြောင်း သိရှိရ၍ အမှုဖြင့် ဖမ်းဆီးစစ်ဆေးပြီး ၂၈-၉-၂၀၁၂ ရက်နေ့တွင် မြောက်ပိုင်း ခရိုင်တရားရုံးသို့ တရားစွဲတင်ပို့ခဲ့သည်။

အမှုအား မြောက်ပိုင်းခရိုင် တရားရုံးမှ ပြစ်မှုကြီး အမှတ် ၁၀၆/၂၀၁၂ ဖြင့် လက်ခံစစ်ဆေးခဲ့ပြီး ပြစ်မှုထင်ရှားသဖြင့် ၅-၃-၂၀၁၅ ရက်နေ့တွင် ကိုဦး(ခ) အောင်အောင်ကို ပြစ်မှုပုဒ်မ ၃၀၂(ဘ) (ခ) /၁၁၄ ဖြင့်လည်းကောင်း၊ သက်ဦး ပါ ၁၄ ဦးအား ပြစ်မှုပုဒ်မ ၃၀၂ (ဘ)(ခ) /၃၄ ဖြင့်လည်းကောင်း သေဒဏ် အသီးသီးကျခံစေရန် အမိန့်ချမှတ်ခဲ့ကြောင်း သတင်းရရှိသည်။

ရဲပြန်ကြား

လက်ပံတန်းမြို့မစျေးရှေ့ ဆူပူဆန္ဒပြခဲ့သည့်အဖွဲ့အား ပြန်လည်လွှဲပြောင်းပေးအပ်

လက်ပံတန်း မတ် ၇

ခွင့်ပြုချက် ရယူခြင်းမရှိဘဲ လက်ပံတန်းမြို့မစျေးရှေ့၌ ယမန်နေ့က ဆူပူဆန္ဒပြခဲ့သည့် လက်ပံတန်းမြို့၌ရောက်ရှိနေသော ပင်မသပိတ်မှောက်အဖွဲ့မှ ကျောင်းသားလေးဦးနှင့် ကျောင်းသူတစ်ဦး စုစုပေါင်း၇၊ဦးကို ယနေ့တွင် ပြန်လည်လွှဲပြောင်း ပေးအပ်ခဲ့သည်။

အဆိုပါ၇ဦးအား ယမန်နေ့ညပိုင်းက သာယာဝတီရဲစခန်းမှ လက်ပံတန်းရဲစခန်းသို့ လွှဲပြောင်းပို့ဆောင်ပေးခဲ့ပြီး ယနေ့ မွန်းလွဲ ၁ နာရီခွဲခန့်က လက်ပံတန်းမြို့နယ် အုပ်ချုပ်ရေးမှူးရုံး၌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဆောင်သော တာဝန်ရှိသူများက ပင်မသပိတ်မှောက်အဖွဲ့မှ ကိုယ်စားလှယ်များထံ ပြန်လည်လွှဲပြောင်းပေးအပ်ခဲ့ခြင်းဖြစ်သည်။

လက်ပံတန်းမြို့ အောင်မြေဗိမာန်ဘုန်းကြီးကျောင်းအနီးရှိ ဓာတ်အားပေးစက်ရုံလမ်းဆုံ၌ သံယာသုံးပါး၊ ကျား ၄၅ ဦး၊ မ ၁၅ ဦး ပေါင်း ၆၃ ဦးသည် ထိုင်သပိတ်ဆက်လက်ပြုလုပ်လျက်ရှိပြီး သံယာခြောက်ပါး၊ ကျား ၂၂ ဦး၊ မ ၁၉ ဦး ပေါင်း ၄၃ ဦးမှာ အောင်မြေဗိမာန်ဘုန်းကြီးကျောင်း၌ နေထိုင်လျက်ရှိကြောင်း သိရသည်။

(ဝဝ၉)

မိုးလေဝသ အခြေအနေ

မြန်မာ့ပင်လယ်ပြင် အခြေအနေ မှာ လှိုင်းအသင့်အတင့်ရှိမည်။

နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့် သာယာမည်။

နောက်နှစ်ရက်အတွက် ခန့်မှန်းချက်မှာ မြန်မာနိုင်ငံတောင်ပိုင်းဒေသများတွင် နေရာကွက်ကျား မိုးအနည်းငယ် ထစ်ချုန်းရွာနိုင်သည်။

နယ်စပ်ရေးရာဝန်ကြီးဌာန
နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ နယ်စပ်ရေးရာဝန်ကြီးဌာန၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ အိန္ဒိယနိုင်ငံဒုတိယအကြိမ်ထောက်ပံ့ငွေဖြင့် ချင်းပြည်နယ်၊ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသအတွင်းရှိ မြို့နယ်များတွင် အခြေခံပညာမူလတန်းကျောင်းများနှင့် လမ်း/တံတားလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် မြန်မာနိုင်ငံသားလုပ်ငန်းရှင်များထံမှ မြန်မာကျပ်ငွေဖြင့် အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်ပါသည်။

၂။ အိတ်ဖွင့်တင်ဒါပုံစံနှင့် စည်းကမ်းချက်များကို ၁၀-၃-၂၀၁၅ရက်မှစ၍ ရောင်းချမည်ဖြစ်ပြီး အိတ်ဖွင့်တင်ဒါများကို ၂၆-၃-၂၀၁၅ရက် ညနေ ၄း၃၀နာရီ နောက်ဆုံးထား၍ တင်သွင်းရန်ဖြစ်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါပုံစံရောင်းချမည့် လိပ်စာနှင့် အိတ်ဖွင့်တင်ဒါတင်သွင်းရမည့် လိပ်စာမှာ ရုံးအမှတ် (၄၂)၊ နယ်စပ်ရေးရာဝန်ကြီးဌာန၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသား လူမျိုးများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ နေပြည်တော်ဖြစ်ပြီး အသေးစိတ်သိရှိလိုသော အချက်အများကို ဖုန်းနံပါတ်-၀၆၇-၄၀၉၁၈၆သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

တင်ဒါစီစစ်ရွေးချယ်ရေး ဗဟိုအဖွဲ့
နယ်စပ်ရေးရာဝန်ကြီးဌာန၊
နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုး
တိုးတက်ရေးဦးစီးဌာန
ရုံးအမှတ် (၄၂)၊ နေပြည်တော်



ကျေးဇူးဆပ်ပါမည်

ကျွန်တော်ဦးဘချင်း၏ နိုင်ငံကူးလက်မှတ်အမှတ် M-537734 သည် ၁-၃-၂၀၁၅ ရက်တွင် အမှတ် (၁၀၇) ယာဉ်လိုင်းပေါ်၌ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက ပေးပို့ပေးပါရန်။ (ကျေးဇူးဆပ်ပါမည်။)

ဖုန်း-၀၉-၂၁၀၀၀၆၇၊ ၀၉-၂၁၀၀၇၀၂



ဥပဒေရေးရာ

National Network for Education Reform (NNER) နှင့် ဒီမိုကရေစီပညာရေးလှုပ်ရှားမှု ဦးဆောင်ကော်မတီတို့မှ ကိုယ်စားလှယ်များကိုယ်စား ဒေါက်တာသိန်းလွင်၊ ဒေါက်တာညီညီသင်းနှင့် ဦးအောင်မိုင်းဆန်းတို့ လက်မှတ်ရေးထိုးတင်သွင်းထားသည့် အမျိုးသားပညာရေးဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းနှင့် ပတ်သက်ပြီး ရှုထောင့်အမျိုးမျိုးမှ သုံးသပ်ရေးသားသည့် ဆောင်းပါးများအနက် သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၏ အများပြည်သူဝန်ဆောင်မှုမီဒီယာဆိုင်ရာ စံနှုန်းများနှင့်ကိုက်ညီသော ဆောင်းပါးများကို ရွေးချယ်ဖော်ပြပေးသွားမည်ဖြစ်ပါသည်။ ဆောင်းပါးတွင်ဖော်ပြထားသည့် သုံးသပ်ချက်များသည် ဆောင်းပါးရှင်၏ ကိုယ်ပိုင်ရှုမြင်သုံးသပ်ချက်များသာဖြစ်ပြီး သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၏ အယူအဆမဟုတ်ပါ။ အမျိုးသားပညာရေးဥပဒေကို စိတ်ဝင်စားသူများအနေဖြင့်လည်း ဆောင်းပါးများ ရေးသားပေးပို့နိုင်ပြီး သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၏ မူဝါဒနှင့်ကိုက်ညီပါက ဖော်ပြပေးသွားမည်ဖြစ်ပါသည်။

အမျိုးသားပညာရေးဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား လေ့လာသုံးသပ်ခြင်း

ပါမောက္ခ ဒေါက်တာစိုးသန်း
(ရန်ကုန်ပညာရေးတက္ကသိုလ်)

အမျိုးသားပညာရေးဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း အခန်း(၁) ပုဒ်မ ၂ (ဆ) **အမျိုးသားပညာရေး**၏ အဓိပ္ပာယ်ဖွင့်ဆိုချက်တွင် မူလ အမျိုးသားပညာရေးဥပဒေပါ "ဘက်စုံအတွေးအခေါ်မှန်ကန်၍" ဟူသော စာသားကို "လွတ်လပ်စွာတွေးခေါ်၍" ဟု အစားထိုးထားပါသည်။ မည်သူ၏အတွေးအခေါ်ကို မည်သူက ချုပ်ချယ်၍ရပါသနည်း။ (Stone walls do not a prison make, nor iron bars a cage.) တွေးခေါ်မှု၏ မူလအဓိပ္ပာယ်၌ လွတ်လပ်အဓိပ္ပာယ်ပါပြီးဖြစ်ပါသည်။ (to use your mind to consider sth. to form connected ideas, to try to solve problems, etc...;a person's mind and all the ideas that they have in it when they are thinking) ဘက်စုံအတွေးအခေါ်ဆိုသည်မှာ အဘက်ဘက်၊ သူ့ဘက်ကိုယ့်ဘက် ပြည့်စုံစွာ ရှုထောင့်စုံမှ တွေးခေါ်၍ ဟု ဆိုလိုရင်းရှိပါသည်။ "မှန်ကန်၍"ဟူသော စကားတစ်ရပ်မှာ ပညာ၏ သဘောလက္ခဏာဖြစ်ပါသည်။ မှားမှန်ကောင်းဆိုး ချင့်ချိန်ဝေဖန် ပညာဉာဏ်သာဖြစ်ပါသည်။ ထို့ကြောင့် လေးနက်ဆီလျော်သည့် အဓိပ္ပာယ်ဖွင့်ဆိုချက်က ပိုမိုကောင်းမွန်ပါသည်။

အမျိုးသားပညာရေးဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း အခန်း(၁) ပုဒ်မ ၂ (ည)**ကျောင်းပညာရေး**၏ အဓိပ္ပာယ်ကို "ကျောင်းပညာရေးဆိုသည်မှာ မူကြိုပညာရေး၊ မူလတန်းပညာရေး၊ အလယ်တန်းပညာရေး၊ အထက်တန်းပညာရေးနည်းပညာနှင့် သက်မွေးပညာရေးနှင့် အဆင့်မြင့်ပညာရေးတို့ အကျုံးဝင်သည့် ပညာရေးကိုဆိုလိုသည်" ဟု ပြန်လည်ပြင်ဆင်ဖွင့်ဆိုထားပါသည်။ ပြင်ဆင်သည့် ဥပဒေကြမ်းသည် ကျောင်းပညာရေး(Formal Education)၊ ကျောင်းပြင်ပပညာရေး(Non- Formal Education) နှင့် ကိုယ်တိုင်သင်ပညာရေး (Informal Education)ဆိုသည့် ပညာပေးမှု ပညာရယူမှု ပုံစံသုံးမျိုးကို ခွဲခြားစဉ်းစားထားရှိပုံမပေါ်ပါ။ ကျောင်းပညာရေးဆိုသည်မှာ သင်ရိုးညွှန်းတမ်းကို အမှီပြုသင်ကြားသဖြင့် သင်ယူသူ၏ အသက်အရွယ်၊ သင်ယူရမည့်အချိန်ကာလ၊ နေရာ၊ အတန်း၊ ပညာရည်စစ်ဆေးတိုင်းတာမှုစနစ် စသည်တို့ရှိရမည်ဖြစ်ပါသည်။ ထို့ကြောင့် မူလ အမျိုးသားပညာရေးဥပဒေပါ"ကျောင်းပညာရေးဆိုသည်မှာ သင်ယူသူ၏ အသက်အရွယ်၊ သင်ယူရမည့် အချိန်ကာလ၊ နေရာ၊ အတန်း၊ ပညာရည်စစ်ဆေးတိုင်းတာမှုစနစ်နှင့် တိကျသောသင်ရိုးညွှန်းတမ်းဖြင့် သင်ကြားပေးသော ကျောင်းအခြေပြု မူကြိုပညာရေး၊ မူလတန်းပညာရေး၊ အလယ်တန်းပညာရေး၊ အထက်တန်းပညာရေး နည်းပညာနှင့် သက်မွေးပညာရေးနှင့် အဆင့်မြင့်ပညာရေးတို့ အကျုံးဝင်သည့် ပညာရေးကို ဆိုလိုသည်"ဟူသော အဓိပ္ပာယ်ဖွင့်ဆိုချက်က ပိုမိုပြည့်စုံနေသည်ကို တွေ့ရှိရပါသည်။

အမျိုးသားပညာရေးဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း အခန်း(၁) ပုဒ်မ ၂ (ဘ) **အထူးပညာရေးအစီအစဉ်**၏ အဓိပ္ပာယ်ကို "မသန်စွမ်းတစ်ဦးချင်းစီ၏ သီးခြားလိုအပ်ချက်များကို ဖြည့်ဆည်းနိုင်ရန်အတွက် သင့်လျော်သော သင်ကြားနည်းစနစ်များကို ပညာသင်ပေးခြင်းကို ဆိုလိုသည်"ဟု ပြင်ဆင်ဖွင့် ဆိုထားပါသည်။ သင့်လျော်သော စနစ်များဖြင့် သိုမဟုတ် သင့်လျော်သော သင်ကြားနည်းစနစ်များကို သင်ပေးခြင်းဟုရေးသင့်ပါသည်။ သင်ကြားနည်းစနစ်များကို ပညာသင်ပေးခြင်းဟုရေးသည်မှာ မရှင်းလင်းပါ။ အစီအစဉ်ဆိုသည်မှာ သင်ကြားနည်းစနစ်များကို ပညာသင်ပေးခြင်း မဟုတ်ပါ။ သင်ကြားနည်းစနစ်များကသာ အစီအစဉ်တွင် ပါဝင်ရပါမည်။ အထူးပညာရေးအစီအစဉ်ဆိုသည်မှာ မသန်စွမ်းသူများအတွက် အထူးအစီအစဉ်ဖြင့် ပညာသင်ကြားပေးခြင်းကို ဆိုလိုပါသည်။

အမျိုးသားပညာရေးဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း အခန်း(၁) ပုဒ်မ ၂ (ယ) **အမျိုးသားပညာရေးအဆင့်အတန်းနှင့် အရည်အသွေးအာမခံမှု အကဲဖြတ်ကော်မတီ၏** အဓိပ္ပာယ်ကို "လွတ်လပ်သောပညာရှင်များ ပါဝင်ဖွဲ့စည်းထားသော"ဟု ဖြည့်စွက်ပြင်ဆင်ထားပါသည်။ သို့သော် အမျိုးသားပညာရေး ဥပဒေပုဒ်မ ၅၅ ကို အစားထိုးသည့်စာသား "၅၅။ (က)" တွင်"ပုဒ်မ ၅၄ ပါ လုပ်ငန်းများကိုဆောင်ရွက်ရန် အမျိုးသားပညာရေး အဆင့်အတန်းနှင့် အရည်အသွေးအာမခံမှု အကဲဖြတ်ကော်မတီကို အနည်းဆုံးကိုးဦးဖြင့်ဖွဲ့စည်းရာတွင် ကျောင်းသားသမဂ္ဂများ၊ ဆရာသမဂ္ဂများမှ အသိအမှတ်ပြုသော လွတ်လပ်သည့်ပညာရှင်များ အနည်းဆုံးငါးဦး (အများဆုံး တလောကလုံးများလား) ဟုဖော်ပြထားပြီး ဝန်ကြီးဌာနမှ ခန့်အပ်သော ပညာရှင်များ(ဟုဆိုသော်လည်း နောက်၌) နှစ်ဦး ဟု ရေးထားပြန်ပါသည်။ လွတ်တော်ကိုယ်စားလှယ်များမှ ရွေးချယ်သော ပညာရှင် နှစ်ဦးဟုဖော်ပြထားသဖြင့် "လွတ်လပ်သောပညာရှင်များ ပါဝင်ဖွဲ့စည်းထားသော" ဟူသည့် စကားရပ်နှင့် ရှေ့နောက်မကိုက်ညီပါ။ လွတ်လပ်သောပညာရှင်များကိုပင် ကျောင်းသားသမဂ္ဂများ၊ ဆရာသမဂ္ဂများမှ ထိန်းချုပ်ချယ်လှယ်လိုသောဆန္ဒ ပြင်းပြနေသည်ကို တွေ့ရပါသည်။ ဥပဒေဆိုသည်မှာ လူတစ်ဦး၊ လူတစ်စုဖြစ်စေချင်သည့် အရာများကို ရေးသားထားခြင်းမဟုတ်ပါ။ (The law is the whole system of rules that everyone in a country or society must obey.)

အမျိုးသားပညာရေးဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအခန်း(၁) ပုဒ်မ ၂ (သ)သည် အမျိုးသားပညာရေးဥပဒေပါ **မိဘဆရာအသင်း**ကို ပယ်ဖျက်ပြီး **ကျောင်းအုပ်ချုပ်ရေးအဖွဲ့**နှင့် အစားထိုးထားခြင်းဖြစ်သည်။ အမျိုးသားပညာရေးဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းသည် မိဘဆရာအသင်း၌ ကျောင်းအုပ်ကြီး၊ ဆရာကိုယ်စားလှယ်များ၊ မိဘများ၊ အုပ်ထိန်းသူများ၊ ရပ်ရွာမှ လေးစားယုံကြည်သူများ ပါဝင်နေသည်ကို သိရှိပုံမရ။ ကျောင်းအုပ်ကြီးက ဥက္ကဋ္ဌ၊ မိဘကိုယ်စားလှယ်တစ်ဦးက ဒုတိယဥက္ကဋ္ဌ၊ ဆရာကိုယ်စားလှယ်များထဲမှ အတွင်းရေးမှူး၊ မိဘကိုယ်စားလှယ်တစ်ဦးက တွဲဖက်အတွင်းရေးမှူး၊ မိဘကိုယ်စားလှယ်တစ်ဦးက ဘဏ္ဍာရေးမှူး၊ အဖွဲ့ဝင် ၂ ဦး(ဆရာ တစ်ဦး၊ မိဘတစ်ဦး ဘက်မရှိသည့်ဒေသတွင် ဌေထိန်းမှာ မိဘကိုယ်စားလှယ်တစ်ဦး၊ စာရင်းစစ်အဖွဲ့တွင် ခေါင်းဆောင်သည့် မိဘကိုယ်စားလှယ် တစ်ဦး၊ အဖွဲ့ဝင်နှစ်ဦး (ဆရာတစ်ဦး၊ မိဘတစ်ဦး) စသည်ဖြင့် ကျောင်းသားအင်အား၊ မိဘအင်အား၊ ဆရာအင်အားအပေါ် အခြေခံ၍ ဖွဲ့စည်းကြပါသည်။ စုဆောင်းရရှိသည့် ဘဏ္ဍာငွေကို အဆောက်အအုံနှင့် ပရိဘောဂအတွက် ၄၀ ရာခိုင်နှုန်း၊ ပညာရေးလက်တွေ့ဖွံ့ဖြိုးမှုအတွက် ၃၀ ရာခိုင်နှုန်း၊ အားကစားအတွက် ၂၀ ရာခိုင်နှုန်းနှင့် ကျောင်းစာကြည့်တိုက်အတွက် ၁၀ ရာခိုင်နှုန်းစီ နှစ်စဉ်အချိုးကျ သုံးစွဲရပါသည်။ နှစ်ပတ်လည် မိဘဆရာသင်းလုံးကျွတ်အစည်းအဝေးများတွင် ကျောင်းအုပ်ကြီးက ခရေစေ့တွင်းကျရှင်းပြရပါသည်။ ထို့ကြောင့် ရည်ရွယ်ချက်မွန်မြတ်လှသည့် မိဘဆရာပူးပေါင်း ကလေးပညာကောင်းဟူသည့် ဆောင်ပုဒ်ထားရှိသည့် မိဘဆရာအသင်းကို ကျောင်းအုပ်ချုပ်ရေးအဖွဲ့ဖြင့် ပြင်ဆင်အစားမထိုးထိုက်ပါ။

ဆက်လက်သုံးသပ်လိုသည်မှာ အမျိုးသားပညာရေးဥပဒေအခန်း(၃)ပုဒ်မ ၄(က) (ခ) (ဂ)နှင့် (ဃ) တို့ကို ပြင်ဆင်ရေးသားထားသည့် ပုဒ်မ ၄ (က) တွင် "နိုင်ငံတော် သည် ပညာရေးလွတ်လပ်ခွင့်အာမခံရေး" ဟုလည်းကောင်း ပုဒ်မ ၄(ခ) တွင် "ပညာရေးလွတ်လပ်ခွင့်တွင် ကျောင်းသားများလွတ်လပ်ခွင့်၊ ဆရာများလွတ်လပ်ခွင့်၊ သင်ရိုးညွှန်းတမ်းလွတ်လပ်ခွင့်၊ ဘာသာစကားလွတ်လပ်ခွင့်၊ အတွေးအခေါ်လွတ်လပ်ခွင့်၊ ဒေသဆိုင်ရာလွတ်လပ်ခွင့်၊ ကျောင်းများလွတ်လပ်ခွင့် စသည်တို့ပါဝင်ရေး" ဟူသော အခြေခံမူများကို ဥပဒေဖြင့်ရေးဆွဲပြဋ္ဌာန်းချင်သည့်သဘောမှာ စည်းမဲ့ကမ်းမဲ့ ပရမ်းပတာ ပညာရေးစနစ်သို့ ဦးတည်နေသည်ဟုယူဆပါသည်။ လွတ်လပ်မှုနှင့်အတူတွဲစပ်နေသည့် တာဝန်ယူမှု၊ တာဝန်ခံမှုသဘောတရားများကို ထိန်ချန်မထားအပ်ပါ။ အမျိုးသားပညာရေးဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းသည် ကျောင်းပညာရေး၏ အဓိပ္ပာယ်၊ သင်ရိုးညွှန်းတမ်း၏အဓိပ္ပာယ်များကို ပြည့်စုံစွာ ကျောထောက်နောက်ခံပြုထားခြင်း မရှိပါ။ မည်သည့် တိုင်းပြည်၏ သင်ရိုးညွှန်းတမ်း၌မဆို သင်ရိုးညွှန်းတမ်း အညွှန်းပေါင်ရှိကြသည်ချည်းဖြစ်၍ ပရမ်းပတာလွတ်လပ်မှု မရနိုင်ပါ။ ကျောင်းသားများကို ကြိုက်သလို လွတ်လပ်ခွင့်ပေးပြီး ပညာသင်ကြားပေးသည့် ပညာရေးစနစ် ဤကမ္ဘာ၌မရှိပါ။ ဘွဲ့လွန်ကျောင်းသားများ၊ ပါရဂူဘွဲ့ကျမ်းပြုသူများကိုပင် ကျမ်းကြီးကြပ်သူများ၊ ကျမ်းစစ်ဆေးသူများ၊ ခုံသမာဓိများဖြင့် စစ်ဆေးမေးမြန်း၍ ဘွဲ့အပ်နှင်းချီးမြှင့်လေ့ရှိပါသည်။ ဆရာများလွတ်လပ်ခွင့်ဟု ရေးသားထားပုံကို ထောက်ရှုပါက အမျိုးသားပညာရေး ဥပဒေကို ပြင်ဆင်သည့်ဥပဒေသည် ဆရာနှင့်ဆရာအလုပ်ကို လုပ်ကိုင်သူဆိုသည့် စကားရပ်များကို ကွဲကွဲပြားပြားခွဲခြား နိုင်စွမ်းမရှိသည်ကို တွေ့ရပါသည်။ တစ်နည်းအားဖြင့် Professional Ethics ကို အခြေမခံထားကြောင်း သိရှိနိုင်ပါသည်။ ဘာသာစကားလွတ်လပ်ခွင့်ဆိုသည်မှာ မိမိပြောဆိုရေးသားသုံးစွဲလိုသည့် ဘာသာစကားကို မိမိပြောဆိုရေးသားသုံးစွဲခွင့်ပင်ဖြစ်ပါသည်။ မည်သူကမည်သူ့ကို ပိတ်ပင်ထားပါသနည်း။ ကျောင်းများတွင် ကျောင်းသားတတ်သည့် ဘာသာစကားကိုဆရာကမတတ်၊ ဆရာတတ်သည့် ဘာသာစကားကို ကျောင်းသားကမတတ်လျှင် သင်ကြားသင်ယူမှုကို မည်သို့ပြုလုပ်ကြပါမည်နည်း။ မသင်ကြားမသင်ယူဘဲ နေကြမည်လော။ သင်ကြားသင်ယူမှုကို မဏ္ဍိုင်ပြုသည့် ဘာသာစကားတစ်ခုကိုသုံးစွဲ၍ လေ့လာဆည်းပူး၊ သင်ကြားသင်ယူရန် အားပေးတိုက်တွန်းမှုပြုသင့်ပါသည်။

အမျိုးသားပညာရေးဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်း အခန်း(၁) ပုဒ်မ ၂ (ဟ) သည် အမျိုးသားပညာရေးဥပဒေပါ **ကျောင်းအကျိုးတော်ဆောင်အဖွဲ့**အား အစားထိုးသည့် **တက္ကသိုလ်အုပ်ချုပ်ရေးကောင်စီ** ၏ အဓိပ္ပာယ်ဖော်ပြချက်ဖြစ်ပါသည်။ အမျိုးသားပညာရေးဥပဒေအခန်း (၃) ပုဒ်မ ၄(က) (ခ) (ဂ) နှင့် (ဃ) တို့ကို ပြင်ဆင်ရေးသားထားသည့် ပုဒ်မ ၄(ခ)တွင် လွတ်လပ်ခွင့်အမျိုးမျိုးဖော်ပြထားသော်လည်း တက္ကသိုလ်ကျောင်းများ၏ စီမံခန့်ခွဲရေးကို တက္ကသိုလ်အုပ်ချုပ်ရေးကောင်စီက တာဝန်ယူဆောင်ရွက်မည်ဟုဆိုပါသည်။ ယင်းကောင်စီတွင် "တက္ကသိုလ်နှင့်ကောလိပ်များမှ ဘာသာရပ်ဆိုင်ရာ ပါမောက္ခများ၊ စီမံခန့်ခွဲရေးနှင့် ဘဏ္ဍာရေးဆိုင်ရာ တာဝန်ရှိသူများ၊ တက္ကသိုလ်ကောလိပ်ဆရာသမဂ္ဂများ၏ ကိုယ်စားလှယ်များ၊ ကျောင်းသားသမဂ္ဂကိုယ်စားလှယ်များ၊ နိုင်ငံ့ဂုဏ်ထူးဆောင်ပုဂ္ဂိုလ်များနှင့် လွတ်လပ်သော ပညာရှင်များပါဝင်သည့် ကောင်စီဖြစ်သည်" ဟုဆိုပါသည်။ ဤအချက်နှင့် ပတ်သက်၍ STATUTES OF THE UNIVERSITY OF CAMBRIDGE ၏ အခန်း (၄) : THE: COUNCIl. AND ITS COMMITTEES အခန်း၌ { 2. The Council shall consist of the Chancellor . the Vice- Chancellor . nineteen elected members. and four appointed members in the following classes: ဟု ရေးထားပါသည်။ ထို့နောက် **Elected student members** အပိုဒ်ကို ဆက်လက်ကောက်နုတ်ဖော်ပြအပ်ပါသည်။ (d) three from among the students in the University, of whom at least one shall be from among those certified by the Registrary to be graduate students. Members in class (d) shall be elected by the students in the University for a period and in a manner determined by Special Ordinance. ဤကောက်နုတ်ချက် ဖြင့် ထောက်ချင့်ကြည့်ပါက အမျိုးသားပညာရေးဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းသည် တက္ကသိုလ်အုပ်ချုပ်ရေးကောင်စီတွင် တက္ကသိုလ် ကောလိပ်ဆရာသမဂ္ဂများ၏ ကိုယ်စားလှယ်များ၊ ကျောင်းသားသမဂ္ဂကိုယ်စားလှယ်များက နေရာရယူနိုင်ရေးကို ဦးတည်ကြိုးပမ်း၍ ရေးသားထားသဖြင့် ယင်းဥပဒေကြမ်းသည် တရားမျှတမှုမရှိပါ။ တက္ကသိုလ်များသည် မိမိတက္ကသိုလ်၏သဘောသဘာဝနှင့် ကိုက်ညီသော တက္ကသိုလ်ပဋိညာဉ်စာတမ်းတစ်ခုစီ ရေးဆွဲ၍ ဆောင်ရွက်သင့်ပါသည်။

အမျိုးသားပညာရေးဥပဒေကိုပြင်ဆင်သည့်ဥပဒေကြမ်းအပိုဒ် ၁၇ တွင် မူလအမျိုးသားပညာရေးဥပဒေပုဒ်မ ၄၊ ပုဒ်မခွဲ (၈) အား ပုဒ်မ ခွဲ(၄) အဖြစ် အစားထိုးမည့်စာပိုဒ် "တက္ကသိုလ်ဝင်ခွင့်အတွက် သင်ယူလိုသည့်ဘာသာရပ်နှင့် တက္ကသိုလ်ကို ကျောင်းသားကိုယ်တိုင် ဆုံးဖြတ်ရွေးချယ်ခွင့်ရရှိရန်၊ တက္ကသိုလ်ဝင်ခွင့်သည် အခြေခံပညာအထက်တန်းစာမေးပွဲရမှတ်ဖြင့် ဆုံးဖြတ်ခြင်းမဟုတ်ဘဲ သင်ယူမည့် ဘာသာရပ်၏ လိုအပ်ချက်အရ ကျောင်းသား၏ လေ့လာသင်ယူထားရှိမှုအပေါ် အခြေခံရွေးချယ်ရန်၊ ကျောင်းသား၏ ဘာသာရပ်ဆိုင်ရာလိုအပ်ချက်များကို တက္ကသိုလ်ကဖြည့်ဆည်းပေးသည့် စနစ် ထားရှိရေး" ဟု ဖော်ပြထားခြင်းမှာ အလွန်အစွန်းရောက်နေပါသည်။ ကျောင်းသား၏ ဘာသာရပ်ဆိုင်ရာလိုအပ်ချက်များကို တက္ကသိုလ်ကဖြည့်ဆည်းပေးသည့်စနစ်ဆိုသည်မှာ ဤကမ္ဘာပေါ်၌ မည်သည့်တက္ကသိုလ်မျှ မရှိပါ။ တက္ကသိုလ်၏လိုအပ်ချက်၊ တက္ကသိုလ်က ပြဋ္ဌာန်းထားသည့် ဘာသာရပ်ဆိုင်ရာ လိုအပ်ချက်များကိုသာ ကျောင်းသားက ပြည့်မီအောင် ကြိုးစားရသည်ချည်းဖြစ်ပါသည်။ ဥပမာ Oxford, Cambridge, Harvard, Standford, Columbia, Massachuestts Institute of Technology (MIT) စသည့် တက္ကသိုလ်များကို မည်သူမဆို လူတိုင်းလွတ်လပ်စွာတက်ရောက်ပညာသင်ယူခွင့်ရှိပါသည်။ သို့သော် သက်ဆိုင်ရာ တက္ကသိုလ်၏ လိုအပ်ချက်ကို ပြည့်မီရမည့် ကျောင်းသား၏ လေ့လာသင်ယူထားရှိမှုကို မူ ကန့်သတ်ထားလေ့ရှိပါသည်။ ကျောင်းသား၏ ဘာသာရပ်ဆိုင်ရာ လိုအပ်ချက်များကို တက္ကသိုလ်က ဖြည့်ဆည်းပေးရမည်ဆိုခြင်းသည် ဆရာကို ကြေးတန်းစားအဖြစ် ရှုမြင်နေပုံရသည်။ မြန်မာ့ ယဉ်ကျေးမှုစရိုက်လက္ခဏာ တန်ဖိုးထားမှုမျိုးတွင် ဘုရား၊ တရား၊ သံဃာ၊ မိဘ၊ ဆရာ တို့ကို အနန္တ ဂုဏ်ဏင်းဝင်အဖြစ် သတ်မှတ်ထားသည့် အစဉ်အလာကို ဖျက်ဆီးရာရောက်ပါလိမ့်မည်။

စာမျက်နှာ ၇ သို့

မြန်မာနိုင်ငံ၏ ပညာရေးစနစ်မှာ မြန်မာနိုင်ငံသားအားလုံး၏ ယဉ်ကျေးမှုစရိုက်လက္ခဏာ တန်ဖိုးထားမှုများကို အမွန်ရှည်အောင် ဆောင်ကြဉ်းပေးနိုင်သည့် ပညာရေးစနစ်တစ်ခုဖြစ်သင့်ပါသည်။ ပုဂ္ဂလိက ခံစားချက်နှင့် အတ္တစွဲတို့ကိုဦးတည်၍ ဥပဒေပြုခြင်းထက် ဓမ္မဓိဋ္ဌာန်ကျကျသုံးသပ်၍ ဥပဒေပြုခြင်းက ရေရှည်တည်တံ့ကာ အများကောင်းကျိုးဖြစ်ထွန်းစေမည် ဖြစ်ပါကြောင်း

ပြည်တွင်းသတင်း

ကိုရီးယားဈေးကွက်သို့ နေ့စဉ် ကညွတ်သီးနှံ ပိဿာ ၆၀၀ ကျော်တင်ပို့ရန် ဆောင်ရွက်လျက်ရှိ

နေပြည်တော် မတ် ၇

နေပြည်တော်ကောင်စီနယ်မြေတွင် တောင်သူလယ်သမားများ ဝင်ငွေရ တွက်ခြေကိုက်သီးနှံများ ဖြစ်သည့် ကြီ၊ နေကြာ၊ ကညွတ်၊ ဘူးသီး၊ ခရမ်းချဉ်၊ ခရမ်းသီး၊ ဂေါ်ရခါးသီးများအပါအဝင် သစ်သီးဝလံနှင့် ဟင်းသီးဟင်းရွက်များကို ကျေးရွာတစ်ရွာ ထုတ်ကုန်တစ်မျိုးစနစ် (One Village One Product)ဖြင့် တောင်သူလယ်သမားများ စုပေါင်း၍ တစ်ဆက်တစ်စပ်တည်း စိုက်ခင်းများထူထောင်ပြီး စိုက်ပျိုးလျက်ရှိရာ စက်မှုသီးနှံ ဖွံ့ဖြိုးရေးဦးစီးဌာနမှ ပညာရှင်များ၊ စိုက်ပျိုးရေးပညာရှင်များအနေဖြင့် စိုက်ကွင်းများတွင် တောင်သူပညာပေး လုပ်ငန်းများကို တစိုက်မတ်မတ် ကြိုးပမ်းပါဝင်ဆောင်ရွက်ပေးလျက်ရှိနေသည်။

ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်သည် ယနေ့နံနက် ၈ နာရီတွင် ဥတ္တရသီရိမြို့နယ် တောင်သူပညာပေးကြီးသီးနှံစိုက်ကွင်းသို့ ရောက်ရှိကြရာ စိုက်ပျိုးရေးပညာရှင်များက တစ်ဆစ်ချင်းစီ ပျိုးထောင်စိုက်ပျိုးသည့် နည်းစနစ်ဖြင့် စိုက်ပျိုးမည့် အချိန်ဇယားရေးဆွဲ၍ စနစ်တကျ စိုက်ပျိုးခြင်းအားဖြင့် သကြားစက်ရုံများအတွက် ရာသီမရွေး ကြံကုန်ကြမ်းထုတ်လုပ်ပေးနိုင်မှု အလားအလာများကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် နေကြာသီးနှံစိုက်ခင်းနှင့် ကိုရီးယားနိုင်ငံသို့တင်ပို့ရန် စိုက်ပျိုးထားသော ကညွတ်သီးနှံစိုက်ကွင်းများသို့ ရောက်ရှိစစ်ဆေးပြီး ကိုရီးယားနိုင်ငံ ဈေးကွက်လိုအပ်ချက်အရ နေ့စဉ်ကညွတ်သီးနှံ တန်ချိန်(၁)တန်၊ ပိဿာ ၆၀၀ ကျော်အားစနစ်တကျထုပ်ပိုး၍ တင်ပို့ရာင်းချရန် တိုးချဲ့စိုက်ပျိုးဆောင်ရွက်ထားရှိမှုများကို အားပေးကြည့်ရှုသည်။

ထိုမှတစ်ဆင့် ချည်မျှင်ရှည်ဝါ၊ စင်တင်ဘူးသီးနှင့် ဟင်းခတ်အမွှေးအကြိုင်စပါးလင် သုတေသန၊ ပဲတိုင်ထောင်စိုက်ခင်းများကိုလည်းကောင်း၊ Net House စနစ်ဖြင့် စိုက်ပျိုးထားသော ကိုရီးယား မူရင်းမျိုး ခရမ်းချဉ်သီးစိုက်ခင်း၊ ဂေါ်ရခါးသီး၊ ခရမ်းသီးလုံးကြီးမျိုးနှင့် ဖရုံသီးစိုက်ခင်းများကိုလည်းကောင်း ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ တန်(၅၀၀) သိုလှောင်နိုင်သော အအေးခန်းစနစ်သိုလှောင်ရုံနှင့် ပုလဲသွယ်စပ်မျိုးစပါးမျိုးစေ့များကို သန့်စင်ရန်အတွက် အသစ်ထပ်မံ ရောက်ရှိလာသော

မျိုးစေ့သန့်စင်စက်နှစ်လုံးရောက်ရှိမှု၊ ဇေယျာသီရိမြို့နယ် သပြေပင်ကျေးရွာသို့ ရောက်ရှိကြပြီး တောင်သူပညာပေး စိုက်ပျိုးပြသထားသော တစ်ဆက်တစ်စပ်တည်း ကြံသီးနှံစိုက်ခင်း၊ ပြည်ပပို့ကုန်ငရုတ်သီးနှံ စိုက်ပျိုးရန်အတွက် မြေပြုပြင်ဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးသည်။

(သတင်းစဉ်)

စာမျက်နှာ ၆ မှ

သင်ယူလိုသည့် ဘာသာရပ်နှင့် တက္ကသိုလ်ကို ကျောင်းသားကိုယ်တိုင် ဆုံးဖြတ်ရွေးချယ်ခွင့်ရရှိရန် ခွင့်ပြုနိုင်ပါသည်။ တက္ကသိုလ်၏ လိုအပ်ချက်ဖြစ်သည့် ရှုဝ်ဝတ္ထုပစ္စည်းများကို ငွေရှိလျှင် အချိန်တိုအတွင်း ဖြည့်တင်း၍ ရနိုင်ပါသည်။ သို့သော် အရည်အချင်းပြည့်ဝသည့်ဆရာများကိုမူ ချက်ချင်း မရရှိနိုင်ပါ။ ဆရာအလုပ်ကို လုပ်ကိုင်မည့်သူများကိုမူ ချက်ချင်းရနိုင်ပါသည်။ ရလဒ်အားဖြင့် ပညာအရည်အသွေးနိမ့်ကျခြင်း ဖြစ်လာပါလိမ့်မည်။ ထို့ကြောင့် တက္ကသိုလ်များသည် ယင်းတို့၏ ဘာသာရပ်လိုအပ်ချက်၊ ကျောင်းသားဦးရေ၊ ဝင်ခွင့်အရည်အချင်းနှင့် ကျောင်းလခများကို သတ်မှတ်ထားလေ့ရှိပါသည်။

အမျိုးသားပညာရေးဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်း အပိုဒ် ၁၈ တွင် မူလအမျိုးသားပညာရေးဥပဒေပုဒ်မ ၄၊ ပုဒ်မခွဲ(ဈ)အား ပုဒ်မခွဲ(ၦ) အဖြစ်အစားထိုးမည့် "ပညာရေးသည် ဘာသာရေးအဖွဲ့အစည်း၊ နိုင်ငံရေးအဖွဲ့အစည်းတို့၏လွှမ်းမိုးမှုမှ ကင်းလွတ်ရမည်။ လွတ်လပ်စွာကိုးကွယ်ခွင့်၊ နိုင်ငံရေးယုံကြည်ခွင့်နှင့်လူဂုဏ်သိက္ခာကို တန်ဖိုးထားမည်။" ဟူသော စာပိုဒ်သည် ယင်းပြင်ဆင်သည့်ဥပဒေကြမ်းအပိုဒ် ၃၆ ပါ "အမျိုးသားပညာရေးဥပဒေပုဒ်မ ၃၄(ဈ)နောက်တွင် ပုဒ်မခွဲ(ညဏ)ကို အောက်ပါအတိုင်းဖြည့်စွက်မည်။"ဆိုသည့် "(ညဏ) အခြားဘာသာရေးအဖွဲ့အစည်းများမှ ဖွင့်လှစ်ထားသော ပညာရေးကျောင်းများ" ဟူသော ထပ်မံထည့်သွင်းထားသည့် ဖော်ပြချက်နှင့် ဆန့်ကျင်နေပြန်ပါသည်။ ယင်းပညာရေးကျောင်းများသည် ယင်းအခြားဘာသာရေးအဖွဲ့အစည်းများ၏ လွှမ်းမိုးမှုအောက်သို့ ရောက်ရှိနေပြီး "ပညာရေးသည် ဘာသာရေးအဖွဲ့အစည်း၊ နိုင်ငံရေးအဖွဲ့အစည်းတို့၏ လွှမ်းမိုးမှုမှ" ကင်းလွတ်ပါမည်လော။ ဘာသာရေးအဖွဲ့အစည်းများက ဘာသာရေးအကြောင်းပြကာ ပညာရေးကျောင်းတည်ထောင်ချင်၊ ပညာရေးအဖွဲ့အစည်းများက ဘာသာရေးကျောင်း တည်ထောင်ချင်ကြလျှင် အထိန်းအကွပ်မရှိသည့် ကမောက်ကမ ပညာရေးစနစ်ဖြစ်သွားပါလိမ့်မည်။ ထို့အပြင် ပညာရေးကို လုပ်ကိုင်ဆောင်ရွက်လိုသည့် မည်သူမဆို လုပ်ချင်သလို လွတ်လပ်စွာ လုပ်ကြမည်ဆိုပါက အမျိုးသားပညာရေး ဥပဒေကို ပင်လျှင် ပြုစုရန်လိုအပ်ပါသေးသလောဟု မေးစရာဖြစ်လာနိုင်ပါသည်။

အမျိုးသားပညာရေးဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်း အပိုဒ် ၁၉ တွင် မူလအမျိုးသားပညာရေးဥပဒေပုဒ်မ ၄၊ ပုဒ်မခွဲ(ည)အား ပုဒ်မခွဲ(ဃ) အဖြစ် အစားထိုးမည့် စာပိုဒ် "အခမဲ့မသင်မနေရအလယ်တန်းပညာရေးကို အကောင်အထည်ဖော်ရေး" ဆိုသည်မှာ မူလ အမျိုးသားပညာရေးဥပဒေပါ "အခမဲ့မသင်မနေရမူလတန်းပညာရေးကို ဦးတည်အကောင်အထည်ဖော်ပြီး အဆင့်ဆင့်တိုးချဲ့ဆောင်ရွက်ရေး" ဆိုသည့် အချက်ကိုပယ်ဖျက်လိုက်ခြင်း ဖြစ်ပါသည်။ မြန်မာနိုင်ငံတွင် ၁၉၄၀ ပြည့်နှစ် မူလတန်းပညာသင်ကြားရေးအက်ဥပဒေ၊ (၁۹၄၀ ပြည့်နှစ် မြန်မာနိုင်ငံတော် အက်ဥပဒေ နံပါတ် ၂၀) An Act to Provide facilities for the introduction of free compulsory Primary Education အရ ၁۹၅၀ ခုနှစ် ဒီဇင်ဘာလကတည်းက အခမဲ့မသင်မနေရ မူလတန်းပညာရေးကို စတင်ဆောင်ရွက်ခဲ့ပါသည်။ ၁۹၄၇ ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေပုဒ်မ ၃၃ တွင် "အထူးသဖြင့် နိုင်ငံတော်သည် အခလွတ် မသင်မနေရ မူလတန်းပညာသင်ကြားရေးအတွက် ပြဋ္ဌာန်းချက်များကို ပြုရမည်"ဟု ပြဋ္ဌာန်းပြီးလည်းဖြစ်ပါသည်။ ၁۹၇၄ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၁၅၂ ပုဒ်မခွဲ(၁) ၌ " နိုင်ငံသားတိုင်း ပညာ သင်ကြားပိုင်ခွင့်ရှိသည်။" ပုဒ်မခွဲ(၃)၌ " နိုင်ငံသားတိုင်းသည် ဥပဒေဖြင့်ပြဋ္ဌာန်းသည့် မသင်မနေရ အခြေခံပညာကို သင်ကြားရမည်။"ဟု ပြဋ္ဌာန်းထားပြီးဖြစ်ခဲ့သည်။ ကြိုးပမ်းခဲ့ကြပါသည်။ ယခုတိုင်လည်း ကြိုးပမ်းနေဆဲဖြစ်ပါသည်။ ရာခိုင်နှုန်းပြည့် မအောင်မြင်သေးပါ။ ကျောင်းနေအရွယ်ကလေးများ ကျောင်းပြင်ပရောက်နေပါသေးသည်။ အဘယ်ကြောင့်နည်း။ မြန်မာနိုင်ငံသားတို့၏ ပျမ်းမျှတစ်ဦးကျဝင်ငွေသည် မြင့်မားသည့် လူနေမှုအဆင့်အတန်းတစ်ခုသို့ မရောက်ရှိနိုင်သေးပါ။ မြန်မာတစ်မျိုးသားလုံး၏ ပြည်တွင်းအသားတင်ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး မြင့်မားလာရန် လိုအပ်နေဆဲဖြစ်ပါသည်။ မြန်မာနိုင်ငံသားတို့၏ ထူးခြားသည့် ယဉ်ကျေးမှုစရိုက်လက္ခဏာတစ်ခုမှာ မည်သည့်ပြန်စားရရှိသည်ဖြစ်စေ၊ မရရှိသည်ဖြစ်စေ ပညာကို အလွန်တန်ဖိုးထားခြင်းပင်ဖြစ်သည်။ မည်သည့်မိဘမဆို မိမိ၏သားသမီးများကို ပညာသင်ကြားစေချင်သည်ချည်းဖြစ်ပါသည်။ သို့သော် ဒေသ၏ လမ်းပန်းဆက်သွယ်ရေး၊ လူမှုစီးပွားရေးနှင့် ပျမ်းမျှတစ်ဦးကျဝင်ငွေနိမ့်ကျနေစဉ် ပညာသင်စရိတ် အခမဲ့ဆိုသော်ငြားလည်း ကလေးအပေါ် မိသားစု၏လိုအပ်ချက် သို့မဟုတ် ပုံမှန်ကျောင်းသို့ တက်ရောက်ရန် အခက်အခဲများရှိနေဆဲတွင် ချက်ချင်း မသင်မနေရအလယ်တန်းပညာရေးကို ပြဋ္ဌာန်း၍ အကောင်အထည်ဖော်မည်ဆိုလျှင် မအောင်မြင်နိုင်ပါ။ နိုင်ငံသားတို့၏ ပျမ်းမျှတစ်ဦးကျဝင်ငွေ မြင့်မားပြီး လူနေမှုအဆင့်အတန်းတိုးတက်လာပါက တစ်ဆင့်ပြီးတစ်ဆင့် တိုးချဲ့ဆောင်ရွက်ရေးကသာလျှင် ဖြစ်နိုင်ခြေရှိပြီး ဥပဒေကြောင်းအရ အကောင်အထည်ဖော်နိုင်စွမ်းလည်းရှိပါသည်။ ကျောင်းပြင်ပရောက် ကျောင်းနေရွယ်ကလေးများအတွက်လည်း ကျောင်းပြင်ပမူလတန်းပညာရေး အစီအစဉ်များဖြင့် မြို့နယ်အလိုက် နှစ်စဉ်တိုးချဲ့ဆောင်ရွက်ပေးနေပါသည်။ ကျောင်းပြင်ပအလယ်တန်းပညာရေးကိုလည်း စတင်ဆောင်ရွက်နေပါသည်။ ဥပဒေတစ်ခုသည် လိုက်နာနိုင်စွမ်းရှိပါမှ အာဏာတည်သကဲ့သို့ မလိုက်နာနိုင်ပါက အရေးယူဆောင်ရွက်ရမှုများ မျှားပြားလာမှုကြောင့် ကုန်ကျစရိတ်ပိုလာပြီး အလုပ်ရှုပ်ကာ မတိုးတက်ဘဲ နှောင့်နှေးကြန့်ကြာ တတ်ပါသည်။

မြန်မာနိုင်ငံ၏ ပညာရေးစနစ်မှာ မြန်မာနိုင်ငံသားအားလုံး၏ ယဉ်ကျေးမှုစရိုက်လက္ခဏာ တန်ဖိုးထားမှုများကို အခွန်ရှည်အောင် ဆောင်ကြဉ်ပေးနိုင်သည့် ပညာရေးစနစ်တစ်ခုဖြစ်သင့်ပါသည်။ ပုဂ္ဂလိကခံစားချက်နှင့် အတ္တစွဲတို့ကိုဦးတည်၍ ဥပဒေပြုခြင်းထက် ဓမ္မမိဌာန်ကျကျ သုံးသပ်၍ ဥပဒေပြုခြင်းက ရေရှည်တည်တံ့ကာ အများကောင်းကျိုးဖြစ်ထွန်းစေမည် ဖြစ်ပါကြောင်း လေ့လာသုံးသပ်တင်ပြအပ်ပါသည်။

ပိုင်ရှင်မဲ့တွေ့ရှိသည့် ခရီးဆောင်အိတ်ကို ပိုင်ရှင်စုံစမ်းပြီး ပေးအပ်

နေပြည်တော် မတ် ၇

မတ် ၃ ရက် ညနေ ၅ နာရီ ၁၅ မိနစ်က မန္တလေးတိုင်းဒေသကြီး ရွှားထိုးကြီးမြို့နယ် ပြင်စည်အမြန်လမ်းမကြီးရဲစခန်းမှ တပ်ဖွဲ့ဝင်များသည် နယ်မြေအတွင်း လည့်ကင်းဆောင်ရွက်နေစဉ် ရန်ကုန်-မန္တလေး အမြန်လမ်း မိုင်တိုင်အမှတ် (၃၂၈/၅) အနီး လမ်းဘေး၌ အနီရောင်ခရီးဆောင်အိတ်တစ်လုံး ပိုင်ရှင်မဲ့တွေ့ရှိရသဖြင့် သက်သေများနှင့်အတူ စစ်ဆေးခဲ့ရာ အိတ်အတွင်းမှ အလေးချိန် နှစ်ကျပ်ခွဲသားခန့်ရှိ ရွှေလက်ကောက် ကိုးကွင်း၊ ဝဇ----နံပါတ်ပါ SAMSUNG အမျိုးအစား အဖြူရောင်ဖုန်းတစ်လုံး၊ ဒေါ်ဝင်းမာလွင် အမည်ပါ မြဝတီဘဏ်ငွေစုစာအုပ် တစ်အုပ်၊ မိသားစုဓာတ်ပုံသုံးပုံ၊ အမျိုးသမီးအသုံးအဆောင် အဝတ်အစားများနှင့် ငွေကျပ် ၂၅၂၀၀၀ တို့ကို တွေ့ရှိရသောကြောင့် သိမ်းဆည်းထားခဲ့သည်။

ထို့နောက် ပိုင်ရှင်အား ပြန်လည်ပေးအပ်နိုင်ရေး ဆက်သွယ်စုံစမ်းခဲ့ရာ အိတ်အတွင်းကျန်ရှိသည့် လက်ကိုင်ဖုန်းမှတစ်ဆင့် ပစ္စည်းပိုင်ရှင်ဖြစ်သူ ရန်ကုန်တိုင်းဒေသကြီး သယံဇာတကျွန်းမြို့နယ် (က)ရပ်ကွက်နေ ဒေါ်ဝင်းမာလွင်နှင့် အဆက်အသွယ်ရရှိခဲ့ပြီး ၄င်းသည် နေပြည်တော်မှ မန္တလေးသို့ 1G----- ဟွန်ဒါဖစ်ခရောင်ယာဉ်ဖြင့် ထွက်ခွာလာကာ လမ်း၌ ရပ်နားစဉ် ခရီးဆောင်အိတ်ကျကျန်ခဲ့ခြင်းဖြစ်ကြောင်း ပြောပြ၍ သိရသည်။

ထို့ပြင် အိတ်အတွင်းကျန်ရှိသည့် ပစ္စည်းများနှင့်ပတ်သက်၍ မှန်ကန်စွာ ပြောဆိုနိုင်သဖြင့် ပြန်လည်ပေးအပ်နိုင်ရေး ဆောင်ရွက်ခဲ့ပြီး ယင်းနေ့ ည ၇ နာရီ ၁၅ မိနစ်က ပြင်စည်အမြန်လမ်းမကြီး ရဲစခန်း၌ ပစ္စည်းများကို ပိုင်ရှင်ဖြစ်သူ ဒေါ်ဝင်းမာလွင်ထံ သက်သေများရှေ့ ပြန်လည်လွှဲပြောင်းပေးအပ်ခဲ့ကြောင်း သိရသည်။

ကိုရဲ

သုံးနှစ်ကလေးထံမှ နားကွင်းဖြုတ်သူအား ဝိုင်းဝန်းပမ်းဆီး

ရန်ကုန် မတ် ၇

ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာမြို့နယ် မီးခွက်စျေးလမ်းဆုံအနီးရှိ ဌက်ပျောသီးတန်းတွင် မတ် ၆ ရက်နံနက် ၁၀ နာရီခွဲက အုန်းသီးလာပို့သော မိခင်အနီးမှ ကလေးငယ်အား ခေါ်ဆောင်၍ ထိုကလေးငယ်၏ နားကပ်အား ခွာတ်ယူပြေးသော အမျိုးသမီးကို ဝိုင်းဝန်းဖမ်းဆီးကာ ရပ်ကွက်ရဲကင်းသို့ ပို့ဆောင်ခဲ့သော ဖြစ်စဉ်တစ်ခုဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ အုန်း၊ ဌက်ပျောသီးတန်းတွင် အုန်းသီးလာပို့သော မစန္ဒာဝင်း (၃၀နှစ်) ဗျတ္တာလမ်း(၆) ရပ်ကွက် ညောင်တုန်းမြို့တွင် နေထိုင်သော မိခင်ဖြစ်သူအနီးမှ အသက် (၃နှစ်)အရွယ်သမီးဖြစ်သူ မနိုနိုအေးကို ဝိုလ်အောင်ကျော် အိမ်ရာတိုက် (၁၄)ရှေ့ရှိ ကုက္ကိုပင်အောက်သို့ နှင်းဆီလမ်း ကုလားကြီးစုကျေးရွာနေ မသီတာဦး (၄၃နှစ်)က ခေါ်ဆောင်သွားကာ လေးရွေးခန့်ရှိသော ပိုက်လုံးနကွင်းတစ်ရန်ကိုဖြုတ်၍ သောင်ကြီး ဘုန်းတော်ကြီးကျောင်းအနီး ရတနာဒေဝီလမ်းအတွင်း ဝင်ပြေးသွားရာ ဝိုယိုနေသောကလေးငယ်က နားကွင်းအား ဖြုတ်သွားကြောင်း အမှုအရာဖြင့် ပြသသဖြင့် ရပ်ကွက်ပြည်သူတို့ ဝိုင်းဝန်းဖမ်းဆီးခဲ့သောကြောင့် ပိုက်လုံးနကွင်းနှင့်အတူ ၄င်း အမျိုးသမီးကို ဖမ်းဆီးမိပြီး အမှတ်(၇)ရပ်ကွက် ရဲကင်းသို့ပို့ဆောင်ကာ မြို့မရဲစခန်းက ဆက်လက်အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။

မြို့နယ်အတွင်း လူစည်ကားသော ဈေးနှင့် ကျောင်းတို့တွင် ကလေးငယ်များထံမှ နားကပ်၊ နားကွင်းတို့ကို အမျိုးသမီးအချို့က မုန့်ကျွေး၍ စည်းရုံးဖြုတ်ယူသော ဖြစ်စဉ်အချို့ ဖြစ်ပွားလျက်ရှိကြောင်း၊ အမှတ်(၁၅) ရပ်ကွက်ရှိ မူလတန်းကျောင်းတစ်ကျောင်းတွင်လည်း ကလေးအား မုန့်ကျွေးကာ နားကပ်ဖြုတ်သွားသော အင်းစိန်မှ အမျိုးသမီးတစ်ဦးကိုလည်း ဖမ်းဆီးနိုင်ခဲ့ကြောင်း၊ ပိတောက်မြိုင် ဈေးအတွင်းမှ ခါးပိုက်နှိုက် အမျိုးသမီးတစ်ဦးကိုလည်း ယခင်လက ဖမ်းဆီးနိုင်ခဲ့ကြောင်း အမှတ်(၇) ရပ်ကွက် နယ်ထိန်းက ပြောသည်။

သန်းထိုက်(လှိုင်သာယာ)

ဂျစ်ကားဘရိတ်ပေါက်၊ နေအိမ်ဈေးဆိုင်ဝင်တိုက်

သရက် မတ် ၇

မကွေးတိုင်းဒေသကြီး မင်းလှမြို့နယ် ရေနံမမြောက်ရွာ လမ်းမပေါ်တွင် မတ် ၆ ရက် ညနေ ၄ နာရီက ရေနံမကျေးရွာမှ ရေနံမမြောက်ဘက်ရွာသို့ ဂဠုန်(ခ)ဇင်ဘိုအောင်(၃၁နှစ်) မောင်းနှင်လာသော ဂျစ်ကားအနက် ရောင်ယာဉ်သည် ဦးသက်လွင်ဦး အိမ်ရှေ့အရောက်တွင် ဘရိတ်ပေါက်ကာ အရှိန်မထိန်းနိုင်ဘဲ နေအိမ် အတွင်းရှိ ဈေးဆိုင်နှင့်သစ်ပင်တို့ကို ဝင်တိုက်ကာ ဈေးဆိုင်ဘေးတွင် ကစားနေသော မောင်မင်းထက်ဦး (၇နှစ်)အား ဝင်တိုက်မိ၍ ဒဏ်ရာများ ရရှိပြီး ဦးသက်လွင်ဦးအိမ်ဘေးရှိ ဒေါ်မြအေးနေအိမ်တွင် ခြံစည်းရိုး ပြုလုပ်နေသောဒေါ်တုတ်(၅۹နှစ်)အား ဆက်လက်တိုက်မိပြီး ဒဏ်ရာများရရှိခဲ့ကြောင်း သိရသည်။

ပေါက်ကလေး(သရက်)

ပြည်တွင်းသတင်း

ဒုတိယသမ္မတ ဦးဥာဏ်ထွန်း စွန်ရဲတံတားဖွင့်ပွဲတွင် ဒေသခံများနှင့်အတူ မှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။ (သတင်းစဉ်)

စွန်ရဲတံတား ပြုပြင်မွမ်းမံ ဖွင့်ပွဲ

ဒုတိယသမ္မတ ဦးဥာဏ်ထွန်း စွန်ရဲတံတားဖွင့်ပွဲတွင် ဒေသခံများနှင့်အတူ မှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။

ထို့နောက် ဒုတိယသမ္မတနှင့် အဖွဲ့သည် ဆင်ခုံတိုင်တံတားသို့ ရောက်ရှိပြီး ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းအောင်၊ ဦးကျော်လွင်၊ ပြည်နယ်ဝန်ကြီးချုပ် ဦးမောင်မောင်အုန်းနှင့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးတက်ထွန်းအောင်တို့က တံတားကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ယင်းနောက် ဒုတိယသမ္မတသည် အခမ်းအနားသို့ တက်ရောက်လာကြသည့် ဧည့်သည်တော်များနှင့် အတူ အဆိုပါတံတားမုခ်ဦးရှေ့၌ စုပေါင်း၍ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကူးပြီး တံတားကမ္ဘည်းမော်ကွန်းကျောက်စာတိုင်အား စက်ခလုတ်နှိပ်၍ဖွင့်လှစ်ပေးကာ တံတားကို ဖြတ်သန်းကြည့်ရှုစစ်ဆေးသည်။

ယနေ့ဖွင့်လှစ်လိုက်သည့် စွန်ရဲတံတားသည် ပင်မတံတားအရှည် ၁၂၁၆ ပေ၊ ယာဉ်သွားလမ်းအကျယ် ၂၄ပေ၊ R.C Grider, Plate Grider R.P.T သံပေါင်နှင့် R.C ကြမ်းခင်းဖြစ်ပြီး ယာဉ်တစ်စီးချင်း ခံနိုင်ဝန်မှာ တန် ၆၀ ၊ ရေလမ်းကင်းလွတ်အကျယ် ၁၃၄ ပေ၊ ရေလမ်းကင်းလွတ်အမြင့် ၁၃ ပေ၊ လူသွားလမ်းအကျယ် တစ်ဖက်သုံးပေစီပါဝင်၍ စွန်ရဲဘက်ချဉ်းကပ်လမ်း ပေ ၈၂၀၊ ပေါက်တောဘက်ချဉ်းကပ်လမ်း ပေ ၈၂၀ ဖြစ်ကြောင်းသိရသည်။

အလားတူ ဆင်ခုံတိုင်တံတားသည် ပင်မတံတားအရှည်ပေ ၉၀၀၊ ယာဉ်သွားလမ်းအကျယ် ၂၄ ပေ၊ R.C Grider, Plate Grider R.P.T သံပေါင်နှင့် R.C ကြမ်းခင်းဖြစ်ပြီး ယာဉ်တစ်စီးချင်းခံနိုင်ဝန်မှာ တန် ၆၀၊ ရေလမ်းကင်းလွတ် အကျယ် ၁၀၈ ပေ၊ ရေလမ်းကင်းလွတ်အမြင့် ၁၃ ပေ၊ လူသွားလမ်းအကျယ် တစ်ဖက် သုံးပေစီပါဝင်၍ မင်းပြားဘက်ချဉ်းကပ်လမ်း ပေ ၆၆၀၊ ပေါက်တောဘက်ချဉ်းကပ်လမ်း ပေ ၆၆၀ ဖြစ်ကြောင်း သိရသည်။

စီးပွားရေးစကြိုကြီးများ၏ အိန္ဒိယသမုဒ္ဒရာဘက်သို့ ထွက်မည့် အနောက်ဘက်ဂိတ်တံခါးများသည် ရခိုင်ကမ်းရိုးတန်း တစ်လျှောက်တွင် အစီအရီရှိနေ၊ ထို့ကြောင့် ရခိုင်ပြည်နယ်၏ လမ်းပန်းဆက်သွယ်မှု ဖွံ့ဖြိုးတိုးတက်ရေးသည် နိုင်ငံတော်စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုအတွက် အလွန်အရေးပါ။

*** ရှေ့ဖုံးမှ**

အခြေခံလိုအပ်ချက် ဖြစ်ပါကြောင်း၊ လမ်းပန်းဆက်သွယ်ရေးကောင်းမွန်သည်နှင့်အမျှ ဒေသ၏ စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေး ကဏ္ဍများသည် ကျွဲကူးရေပါ တိုးတက်ကောင်းမွန်လာမည် ဖြစ်ပါကြောင်း။

ထို့ကြောင့် မိမိတို့အစိုးရသည် တာဝန်ယူချိန်ကစပြီး တစ်နိုင်ငံလုံး လမ်းပန်းဆက်သွယ်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် တစိုက်မတ်မတ် ကြိုးပမ်းဆောင်ရွက်ခဲ့ပါကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အားလုံး တစ်ပြေးညီဖွံ့ဖြိုးတိုးတက်ရေးအတွက် ရည်ရွယ်ပြီး ပြည်ထောင်စု တစ်နံတစ်လျား အကြားအလပ်မရှိ ဖြန့်ကြက်ချိတ်ဆက်ပေးနိုင်မည့် လမ်းကွန်ရက်စနစ် ပင်မစီမံချက်ကြီးကိုရေးဆွဲခဲ့ပါကြောင်း၊ အဆိုပါစီမံချက်ကြီးကို အခြေခံပြီး ကာလတိုစီမံကိန်း၊ ကာလလတ်စီမံကိန်းများ ရေးဆွဲကာ လမ်းပန်းဆက်သွယ်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရန် စနစ်တကျအကောင်အထည်ဖော်လျက်ရှိပါကြောင်း။

မိမိတို့နိုင်ငံသည် မဟာဗျူဟာအရ အချက်အချာကျသည့် ပထဝီအနေအထားကို ပိုင်ဆိုင်ထားသည့်နိုင်ငံဖြစ်ပါကြောင်း၊ အိန္ဒိယနှင့် အာဆီယံနိုင်ငံများအကြား၊ အိန္ဒိယနှင့် တရုတ်နိုင်ငံအကြား၊ အိမ်နီးချင်းနိုင်ငံများအကြား၊ အိန္ဒိယသမုဒ္ဒရာနှင့် ပစိဖိတ်သမုဒ္ဒရာအကြား ဆက်သွယ်ပေးမည့်လမ်းကြောင်းများသည် မိမိတို့နိုင်ငံအတွက်ရော ဒေသတွင်းနိုင်ငံများအတွက်ပါ အကျိုးဖြစ်ထွန်းစေမည့် စီးပွားရေးစကြိုကြီးများ ဖြစ်ပါကြောင်း၊ အဆိုပါ စီးပွားရေးစကြိုကြီးများ၏ အိန္ဒိယသမုဒ္ဒရာဘက်သို့ထွက်မည့် အနောက်ဘက်ဂိတ်တံခါးများသည် ရခိုင်ကမ်းရိုးတန်းတစ်လျှောက်တွင် အစီအရီရှိနေပါကြောင်း၊ ထို့ကြောင့် ရခိုင်ပြည်နယ်၏ လမ်းပန်းဆက်သွယ်မှု ဖွံ့ဖြိုးတိုးတက်ရေးသည် နိုင်ငံတော်စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုအတွက် အလွန်အရေးပါလှပါကြောင်း။

ထို့ကြောင့် နိုင်ငံတော်အစိုးရ အနေဖြင့် ရခိုင်ပြည်နယ် လမ်းပန်းဆက်သွယ်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အလေးထားဆောင်ရွက်လျက်ရှိရာ၂၀၁၁-၂၀၁၂ဘဏ္ဍာနှစ်တွင် တံတားကြီး ၁၈ စင်း၊ ကတ္တရာလမ်းမိုင်ပေါင်း ၁၉၁ မိုင်၊ ၂၀၁၂-၂၀၁၃ဘဏ္ဍာနှစ်တွင် တံတားကြီး ၃၂ စင်း၊ ကတ္တရာလမ်းမိုင်ပေါင်း ၁၀၄ မိုင်၊ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်တွင် တံတားကြီး ကိုးစင်း၊ ကတ္တရာ လမ်းမိုင်ပေါင်း ၃၆ မိုင်၊ ၂၀၁၄-၂၀၁၅ဘဏ္ဍာနှစ်တွင် တံတားကြီး ၁၂ စင်း၊ ကတ္တရာလမ်းမိုင်ပေါင်း ၄၂ မိုင် ဆောင်ရွက်ပေးနိုင်ခဲ့ပါကြောင်း။

ယနေ့ဖွင့်လှစ်သည့် စွန်ရဲတံတားနှင့် ဆင်ခုံတိုင်တံတားတို့သည် ယခုအစိုးရလက်ထက်တွင် တည်ဆောက်ပြီးစီးခဲ့သည့် ပေ ၁၈၀ အထက် တံတားအမှတ် (၈၂) နှင့် တံတားအမှတ် (၈၃) တို့ပင် ဖြစ်ပါကြောင်း၊ တောတောင်ထူထပ်ပြီး မြစ်ချောင်းများပေါများသည့် ပထဝီဝင်စိန်ခေါ်ချက်များကို ရင်ဆိုင်ကျော်လွှားပြီး ရခိုင်ပြည်နယ်လမ်းပန်းဆက်သွယ်မှု တိုးတက်ရေးအတွက်လိုအပ်နေသည့် လမ်း၊ တံတားများကို ကြိုးပမ်းတည်ဆောက်ပေးသွားမည်ဖြစ်ပါကြောင်း။

ရခိုင်ပြည်နယ်သည် ပင်လယ်ကမ်းရိုးတန်းဒေသဖြစ်ပါကြောင်း၊ လမ်းတံတားများ တည်ဆောက်ရာတွင်ပင်လယ်ဆားငန်ရေနှင့် သဘာဝရာသီဥတုဒဏ်ကို ကြံ့ကြံ့ခံနိုင်သည့် ဆောက်လုပ်ရေးပစ္စည်းများနှင့် အင်ဂျင်နီယာနည်းပညာများ အသုံးပြုနိုင်ရန်လိုအပ်ပါကြောင်း၊ ထိုသို့သောလိုအပ်ချက်ကို ဖြည့်ဆည်းဖြေရှင်းပေးနိုင်ရန် ဂျပန်နိုင်ငံအစိုးရနှင့်ပူးပေါင်းပြီး သုတေသနလုပ်ငန်းများ ဆောင်ရွက်လျက်ရှိပါကြောင်း၊ ထို့ပြင် ကိုရီးယားနိုင်ငံနှင့်ပူးပေါင်း၍ မင်းဘူး-အမ်းအဖြောင့် ဆက်သွယ်နိုင်မည့် လမ်းကြောင်းကိုလည်း တံတားများ၊ ဥမင်လိုဏ်ခေါင်းများအပါအဝင် စီမံကိန်းဖြစ်မြောက်နိုင်စွမ်းလေ့လာမှု ဆောင်ရွက်ထားပြီးဖြစ်ပါကြောင်း၊ ရခိုင်ပြည်နယ် လမ်းပန်းဆက်သွယ်မှု ဖွံ့ဖြိုးရေးကို နိုင်ငံတကာနှင့်လည်း ပူးပေါင်းဆောင်ရွက်လျက် ရှိပါကြောင်း။

နေပြည်တော်-မကွေး-မင်းဘူး-အမ်း- ကျောက်ဖြူ လမ်းမကြီးကိုလည်း ပဉ္စလိကကဏ္ဍမှ ဘီအိုတီ စနစ်ဖြင့် ဆောင်ရွက်နိုင်ရန် စီမံကိန်း ဖြစ်မြောက်နိုင်စွမ်းလေ့လာလျက်ရှိပါကြောင်း၊ နောင်တွင် အဆိုပါ လမ်းမကြီးသည် ခေတ်မီအဆင့်မြင့် လမ်းမကြီးအဖြစ်ပေါ်ထွက်လာတော့မည်ဖြစ်ပါကြောင်း။

ရခိုင်ပြည်နယ်အတွင်း ဝင်ရောက်လာနိုင်မည့် လမ်းမကြီးသုံးသွယ်ဖြစ်သည့် မင်းဘူး-အမ်း-စစ်တွေလမ်းမကြီး၊ ပြည်-ပန်းတောင်း-တောင်ကုတ်- သံတွဲလမ်းမကြီး၊ ငသိုင်းချောင်း-ဝွ-သံတွဲ လမ်းမကြီးများကိုလည်း ကြံ့ခိုင်ထိန်းသိမ်းမှုနှင့် အဆင့်မြှင့်တင်မှု လုပ်ငန်းများ အဓိကထား ဆောင်ရွက်နေပါကြောင်း၊ ထို့ပြင် ကျောက်တော်-ပလက်ဝလမ်းကိုလည်း အဆင့်မြှင့်ဖောက်လုပ်နေပြီဖြစ်ပါကြောင်း။

အဆိုပါလမ်းသည် ချင်းပြည်နယ်မှ ဖောက်လုပ်နေသည့် ပလက်ဝ-မတူပီ-ဟားခါးလမ်းနှင့် ချိတ်ဆက်မိပြီး ရခိုင်ပြည်နယ်သို့ ချင်းပြည်နယ်မှ ဝင်ရောက်နိုင်မည့် လမ်းမကြီးတစ်ခု ဖြစ်ပေါ်လာမည် ဖြစ်ပါကြောင်း၊ ထို့ပြင် ဤလမ်းမကြီးသည် အိန္ဒိယနိုင်ငံ မီဇိုရမ်ပြည်နယ်ကိုဆက်သွယ်မည့် ပလက်ဝ-ကလေးဝ-မြိတ်ဝလမ်းနှင့် ချိတ်ဆက်မိပြီး အိန္ဒိယနိုင်ငံနှင့်လည်း စီးပွားရေးကုန်သွယ်မှုလမ်းကြောင်း ပွင့်သွားမည်ဖြစ်ပါကြောင်း။

နိုင်ငံတော်အစိုးရ အနေဖြင့် ဘူးသီးတောင်-အလယ်သံကျော်-အင္ဂမော်လမ်းကိုလည်း အဆင့်မြှင့်တင်ဖောက်လုပ်ရန် စီစဉ်လျက်ရှိပါကြောင်း၊ လမ်းပန်းဆက်သွယ်မှုကဏ္ဍသာမက လျှပ်စစ်မီးရရှိရေး၊ တယ်လီဖုန်း ဆက်သွယ်မှုရရှိရေး ဆိုင်ရာကိစ္စများကိုလည်း ဆောင်ရွက်ပေးနေသည်ကို အားလုံးမြင်တွေ့သိရှိပြီးဖြစ်ပါကြောင်း။

လမ်းပန်းဆက်သွယ်မှု ဖွံ့ဖြိုးတိုးတက်လာလျှင် ပြည်ထောင်စု၏ နေရာအနှံ့ရှိ တိုင်းရင်းသား ညီအစ်ကို မောင်နှမများအကြား သွားလာကူးလူးဆက်ဆံမှုများ များပြားလာသည်နှင့်အမျှ ချစ်ခင်ရင်းနှီးမှုနှင့် သံယောဇဉ်တရား ကြီးမားခိုင်မာလာမည်ဖြစ်ပါကြောင်း။

ယခုကဲ့သို့ နိုင်ငံတော်ကဆောင်ရွက်ပေးသည့် ဖွံ့ဖြိုးမှုအခြေခံကောင်းများကို အမိအရဆုပ်ကိုင်ပြီး ဒေသတည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ကောင်းသည်ထက် ပိုမိုကောင်းလာအောင်၊ ခိုင်မာသည်ထက် ပိုမိုခိုင်မာလာအောင်၊ အရှိန်အဟုန်မပျက်ရှေ့သို့ ဆက်လက်ချီတက်နိုင်အောင် ဒေသခံမိဘပြည်သူများ၏ "အား" သည် အဓိကဖြစ်ပါကြောင်းဖြင့်ပြောကြားသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ် ဦးမောင်မောင်အုန်းက စွန်ရဲတံတားနှင့် ဆင်ခုံတိုင်တံတား နှစ်စင်းကို တည်ဆောက်ဖွင့်လှစ်နိုင်မှုကြောင့် ပေါက်တောမြို့သို့ ရေလမ်းခရီးအပြင် ကုန်းလမ်းခရီးဖြင့်ပါ ဆက်သွယ်သွားလာနိုင်ပြီဖြစ်ပါကြောင်း၊ ထို့ကြောင့် ပေါက်တောမြို့သာမက မြို့နယ်အတွင်းရှိ ကျေးရွာ ၅၃ ရွာအပါအဝင် ဒေသအတွင်းနေထိုင်ကြသည့် တိုင်းရင်းသားလူမျိုးများအားလုံး၏ စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေး ကဏ္ဍများနှင့် ဘက်စုံဖွံ့ဖြိုးတိုးတက်မှုများ ဖြစ်ထွန်းလာတော့မည်ဖြစ်သောကြောင့် ဒေသခံပြည်သူများကိုယ်စား အထူးကျေးဇူးတင်ရှိပါကြောင်း ပြောကြားသည်။

ထို့နောက် စွန်ရဲတံတားကို ပြည်ထောင်စုဝန်ကြီး ဒုတိယ ဗိုလ်ချုပ်ကြီး သက်နိုင်ဝင်း၊ ဦးစိုးသိန်း၊ ပြည်နယ်ဝန်ကြီးချုပ် ဦးမောင်မောင်အုန်းနှင့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးမောင်ကျော်ဇံတို့က ဖဲကြိုးဖြတ်၍ဖွင့်လှစ်ပေးကြသည်။

ယင်းနောက် ဒုတိယသမ္မတသည် အခမ်းအနားသို့ တက်ရောက်လာကြသည့် ဧည့်သည်တော်များနှင့် အတူ အဆိုပါတံတားမုခ်ဦးရှေ့၌ စုပေါင်း၍မှတ်တမ်းတင် ဓာတ်ပုံရိုက်ကူးပြီး တံတားကမ္ဘည်းမော်ကွန်းကျောက်စာတိုင်အား စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးကာ တံတားကို ဖြတ်သန်းကြည့်ရှုစစ်ဆေးသည်။

ယနေ့ဖွင့်လှစ်လိုက်သည့် စွန်ရဲတံတားနှင့် ဆင်ခုံတိုင်တံတားတို့မှ ရခိုင်ပြည်နယ် တစ်ခုလုံးသို့ လည်းကောင်း၊ ရန်ကုန်-စစ်တွေလမ်းမှ တစ်ဆင့် မြန်မာပြည်တစ်နံတစ်လျား သို့ လည်းကောင်း ရာသီမရွေး အချိန်အခါမရွေး သွားလာနိုင်တော့မည် ဖြစ်သည်။ ထိုသို့လမ်းပန်းဆက်သွယ်မှု လွယ်ကူလျင်မြန်လာသည်နှင့်အမျှ လူမှုရေး၊ စီးပွားရေး၊ ပညာရေး စသည့်ကဏ္ဍများ ကွာဟမှု ကျဉ်းမြောင်းလာကာ မကြာမီ ကာလအတွင်း ဒေသတစ်ခုလုံး ဖွံ့ဖြိုးတိုးတက်လာနိုင်တော့မည်ဖြစ်သည်။

ယင်းနောက် ဒုတိယသမ္မတသည် အဖွဲ့ဝင်များနှင့်အတူ စစ်တွေမြို့မှ အထူးလေယာဉ်ဖြင့် ထွက်ခွာလာရာ မွန်းလွဲပိုင်းတွင် နေပြည်တော်သို့ ပြန်လည်ရောက်ရှိကြသည်။

(သတင်းစဉ်)

ဆူးလေပုံတူစေတီတော် ၄က်မြတ်နားတော်၊ ရတနာစိန်ဖူးတော်တင်လှူပွဲအခမ်းအနားကျင်းပ

ထားဝယ် မတ် ၇

ဆူးလေပုံတူစေတီတော်(မေတ္တာမြို့နယ်) ၄က်မြတ်နားတော်၊ ရတနာစိန်ဖူးတော် အထွတ်တင်လှူပွဲနှင့် ဗုဒ္ဓါဘိသေကအနေကဇာတင် မဟာမင်္ဂလာအခမ်းအနားကို ယနေ့နံနက် ၉နာရီခွဲက တနင်္သာရီတိုင်းဒေသကြီး ထားဝယ်ခရိုင် မေတ္တာမြို့ ထီးခီးဒေသ၌ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဦးအောင်မင်း၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်ရီ၊ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကို၊ ကမ်းရိုးတန်း တိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ် ခင်မောင်ဌေး၊ တိုင်းဒေသကြီး ဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဒေသခံပြည်သူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီး ဦးအောင်မင်းနှင့် တက်ရောက်လာသူများက (ထားဝယ်)ဇေယျဝတီစာသင်တိုက်၊ ဆရာတော်ကြီးထံမှ ကိုးပါးသီလ ခံယူဆောက်တည်ကာ ဥပါသကာများက ပရိတ်ပန်း၊ ပရိတ်ရေ၊ ပရိတ်သဲ၊ ပရိတ်ကျောက်နှင့် ပရိတ်ချည်များကို သံယာတော်များ ထံဆက်ကပ်သည်။

ဆက်လက်၍ သံယာတော်အရှင်သူမြတ်များထံမှ ရွတ်ပွားသရဇ္ဈာယ်တော်မူသော ပရိတ်တရားတော်များကို တက်ရောက်လာသူများက နာယူပြီး ဥပါသကာများက ပရိတ်ပန်း၊ ပရိတ်ရေ၊ ပရိတ်သဲ၊ ပရိတ်ကျောက်နှင့် ပရိတ်ချည်များကို ယူဆောင်၍ စေတီတော်ရင်ပြင်၌ ပက်ဖျန်းကြဖြန့်ချည်နှောင်၍ ဘုရားဒါယကာများက ရတနာစိန်ဖူးတော်၊ ၄က်မြတ်နားတော်၊ လျှုဖွယ်ပစ္စည်းများကို သံယာတော်များထံ ဆက်ကပ်လျှုဒါန်းကာ ဆရာတော်အရှင်သူမြတ်များထံမှ အနုမောဒနာတရားနာကြား၍ ရေစက်သွန်းချအမျှပေးဝေသည်။

ထို့နောက် စေတီတော်တည်ဆောက်ခြင်း၊ ဌာပနာတော်သွင်းလှူပူဇော်ခြင်းနှင့် ရွှေထီးတော်အထွတ်တင်လှူပူဇော်ပြီး ဘုရားဒါယကာများက ရတနာစိန်ဖူးတော်၊ ၄က်မြတ်နားတော်ကို ပင့်ဆောင်၍ စေတီတော်မြတ်အား လက်ယာရစ်တစ်ပတ် လှည့်လည်ပူဇော်ကာ စေတီတော်အထွတ်ပေါ်သို့ ပင့်ဆောင်သည်။

ဆက်လက်၍ သံယာတော်များက ဗုဒ္ဓါဘိသေကအနေကဇာတင်၍ ဗုဒ္ဓါဘိသိက်သွန်းတော်မူပြီး အခမ်းအနားကို "ဗုဒ္ဓသာသနာ စိရံတိဋ္ဌတု" သုံးကြိမ်ရွတ်ဆိုဆုတောင်း၍ ရုပ်သိမ်းခဲ့ကြောင်း သိရသည်။

(တိုင်းဒေသကြီး ပြန်/ဆက်)

❍ ကျောဖုံးမှ

ကမ်ဘူးကိုထည့်၍ တိုက်စစ်အားမြှင့်ခဲ့သော်လည်း ချေပဂိုးရရှိအောင်မစွမ်းဆောင်နိုင်ခဲ့ပေ။ မကွေးအသင်းအတွက်ဒုတိယအနိုင်ဂိုးကို ၅၉ မိနစ်တွင်စိုးမင်းနိုင်က သွင်းယူပေးခဲ့သည်။

ယနေ့ပွဲ

YUSC ကွင်း

ရန်ကုန် - ဇေယျာရွှေမြေ

ပေါင်းလောင်းကွင်း

နေပြည်တော် - ချင်းယူနိုက်တက်

အောင်ဆန်းကွင်း

ဟံသာဝတီ - ရခိုင်

❊ ကျောဖုံးမှ

ခရီးသွားဦးရေ ၄ ဒသမ ၅ သန်းခန့် ရောက်ရှိနိုင်မည်ဟု ခန့်မှန်းထားပြီး မြန်မာနိုင်ငံအတွင်း ခရီးသွားဧည့်သည်များမှ သုံးစွဲမှုငွေကြေးမှာ အမေရိကန်ဒေါ်လာ နှစ်ဘီလီယံခန့် ရှိလာနိုင်ကြောင်း သိရသည်။ ပြီးခဲ့သည့် ၂၀၁၄ ခုနှစ်တွင် ကမ္ဘာလှည့် ခရီးသွားများက သုံးစွဲခဲ့သည့်ငွေကြေးမှာ အမေရိကန်ဒေါ်လာ ၁ ဒသမ ၁၄ ဘီလီယံခန့်ရှိခဲ့သည်။

မြန်မာနိုင်ငံတွင် ကမ္ဘာလှည့်ခရီးသွားများလာရောက်မှုအနက် အများဆုံးသွားရောက်လည်ပတ်သည့်နေရာများမှာ ရန်ကုန်-မန္တလေး-ပုဂံ၊ အင်းလေးနှင့် ကျိုက်ထီးရိုးစေတီများ သို့ဖြစ်ပြီး အခြားဒေသများသို့လည်း အများအပြားသွားရောက်လည်ပတ်ရန် ခရီးစဉ်သစ်များ ဖော်ထုတ်ရန် လိုအပ်လာလျက်ရှိသည်။ မြန်မာနိုင်ငံအနေဖြင့် ကမ္ဘာလှည့်ခရီးသွားများ လာရောက်မှုကိုလာမည့် ၂၀၂၀ ပြည့်နှစ်၌ ခရီးသွားဦးရေ ၇ ဒသမ ၅ သန်းခန့်ရောက်ရှိမည်ဟုလည်း မျှော်မှန်းထားသည်။ လောလောဆယ်တွင် မြန်မာနိုင်ငံအတွင်းသို့ နယ်စပ်ဝင်ပေါက်များ၊ လေဆိပ်များနှင့် ရေကြောင်းခရီးစဉ်များဖြင့်လည်း လာရောက်လျက်ရှိသည်။

ယခုနှစ်အတွင်း ရေကြောင်းခရီးမှအပျော်စီးသင်္ဘောများဖြင့် လာရောက်မှုမှာ ၂၀၁၅ ခုနှစ်ဇန်နဝါရီလမှ ဖေဖော်ဝါရီလကုန်အထိ အပျော်စီးသင်္ဘောအစင်းရေ ၁၂ စင်းရောက်ရှိလာခဲ့ပြီဖြစ်သည်။ ယခုနှစ်အတွင်း ကမ္ဘာလှည့်သင်္ဘောစီးရေ စုစုပေါင်း ၂၆ စင်း ရောက်ရှိရန် ရှိနေရာ နောက်ထပ် ၁၄ စင်း လာရောက်ရန် ကျန်ရှိနေသည်။

အပျော်စီးသင်္ဘောဖြင့် ကမ္ဘာလှည့်ခရီးသွားများ ရောက်ရှိမှုမှာ ၂၀၁၃ ခုနှစ်က သင်္ဘောရှစ်စင်း၊ ၂၀၁၄ ခုနှစ်တွင်သင်္ဘော ၁၈ စင်း ရှိခဲ့ကြောင်း သိရသည်။

(မြန်မာ့အလင်း)

ပြည်တွင်းသတင်း

■ ရှေ့ဖုံးမှ

"ကျွန်တော်တို့ ဒီငမိုးရိပ်တံတားကို တည်ဆောက်နေတာခုဆိုရင် ရာခိုင်နှုန်းထက်ဝက်နီးပါး ပြီးနေပါပြီ။ မတ်လ ၁၅ ရက်လောက်ဆိုရင် ဘိုးပိုင်တူးတဲ့လုပ်ငန်းအားလုံးနီးပါး ပြီးဆုံးမှာပါ။ အခုလိုအချိန်နည်းနည်းကြာသွားတာကလည်း မထင်မှတ်ဘဲ ဘိုးပိုင်တစ်လုံးရဲ့အောက်မှာ ဆားတွေတင်ထားတဲ့ သင်္ဘောပျက်တစ်ခုတွေ့လိုက်ရလို့ ရက် ၅၀ လောက် နောက်ကျခဲ့တယ်။ ဒါကလည်း လုပ်ငန်းရဲ့ မျှော်လင့်မထားတဲ့ အခက်အခဲလေးတွေပါ။ အဲဒီသင်္ဘောပျက်ကို ကရိန်းနဲ့ရသမျှအစလေးတွေကို ဆယ်တင်နေရလို့ ဘိုးပိုင်ရိုက်တဲ့လုပ်ငန်းဟာ နည်းနည်းနောက်ကျခဲ့တယ်။ အရင်ဒီမတ်လကုန်အပြီး မှန်းထားပေမယ့် လာမယ့်ဧပြေလအတွင်းတော့ အပြီးအချောသပ်တည်ဆောက်နိုင်မှာပါ"ဟု အဆိုပါတံတားကို တာဝန်ယူတည်ဆောက်သည့် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ (လမ်းနှင့်တံတား)ဌာနမှ လက်ထောက်အင်ဂျင်နီယာမျူးက ပြောကြားသည်။

အဆိုပါ ငမိုးရိပ်တံတား (မဂ်လာတောင်ညွှန့်)ကို ၂၀၁၄ ခုနှစ်နိုဝင်ဘာလအတွင်းက စတင်အကောင်အထည်ဖော်တည်ဆောက်ခဲ့ခြင်းဖြစ်ပြီး ယခုအခါချဉ်းကပ်တံတားတစ်ဖက် မီတာ ၅၀ စီမှာ ပြီးစီးနေပြီဖြစ်ကာ ဘိုးပိုင်လုပ်ငန်းအားလုံးသည်လည်း မကြာမီ မတ် ၁၅ ရက်ဝန်းကျင်တွင် ပြီးစီးတော့မည်ဖြစ်ကြောင်း သိရသည်။ တံတား၏ရေလမ်းကင်းလွတ်အမြင့်မှာ ၁၆ ပေ ၅လက်မ၊ အကျယ် ၁၁ ဒသမ ၅ မီတာ၊ ခွင့်ပြုတန်ချိန် ၅၀၊ ယာဉ်သွား လမ်း ၈ မီတာ၊ လူသွားလမ်း ၃ မီတာ နှင့် ချဉ်းကပ်တံတားအပါအဝင်စုစုပေါင်း တံတားအရှည်မှာ ၄၀၅ မီတာရှိမည်ဖြစ်သည်။ တံတားအမျိုးအစားမှာလည်း အောက်ထည်မှာ သံကူကွန်ကရစ်ဖြစ်ပြီး အပေါ်ထည်မှာ ကြိုတင်အားဖြည့် သံကူကွန်ကရစ်ရက်မနှင့် သံကူကွန်ကရစ်ကြမ်းခင်းဖြစ်ကာ အုတ်မြစ်ဘိုးပိုင်ဖောင်ဒေးရှင်းဖြစ်ကြောင်း သိရသည်။

ယခု အကောင်အထည်ဖော်တည်ဆောက်နေသည့် ငမိုးရိပ်တံတား (မဂ်လာတောင်ညွှန့်)ကို ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီအနေဖြင့် အသုံးစရိတ်လျာထားငွေကျပ် ၅ ဒသမ ၉ ဘီလီယံ သုံးစွဲသွားမည်ဖြစ်ကြောင်း သိရသည်။ သတ်မှတ်ကာလအတွင်း တံတားအချိန်မီပြီးစီးရေးကိုလည်း နေ့၊ ည လုပ်သားအင်အား ၁၅၀ ခန့်ဖြင့် လုပ်ဆောင်လျက်ရှိသည်။ အသစ်တည်ဆောက်နေသည့်ငမိုးရိပ်တံတား (မဂ်လာတောင်ညွှန့်)သည် မူလတံတားနှင့် ၈ ဒသမ ၅ မီတာအကွာတွင် တည်ဆောက်ထားပြီး အဆိုပါတံတားသစ်ပြီးဆုံးပါကလည်း ဂျပန်ခေတ်ကတည်ဆောက်ခဲ့သည့်တံတားဟောင်းကို စက်ဘီး၊ ဆိုင်ကယ်၊ ဆိုက်ကားနှင့် ပြည်သူများသွားလာမှုအဆင်ပြေစေရန် ဖွင့်လှစ်ပေးထားမည်ဖြစ်ကြောင်း သိရသည်။

ရန်ကုန်တိုင်းဒေသကြီးအတွင်း အလားတူ တံတားကဲ့သို့ မြောက်ဥက္ကလာပနှင့် ဒဂုံမြို့သစ်(မြောက်ပိုင်း)တို့ကို ဖြတ်သန်းကူးလူးသွားလာနိုင်မည့် ဗိုလ်မှူးဗထူးတံတားကို လာမည့်ဘဏ္ဍာနှစ်အတွင်းတွင် တည်ဆောက်အကောင်အထည်ဖော်သွားရန် စီစဉ်လျက်ရှိကြောင်း သိရသည်။

နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများ၊ အသေးစား၊ အလတ်စားစီးပွားရေးလုပ်ငန်းများနှင့် နိုင်ငံခြားခရီးသွားလုပ်ငန်းများကို အားပေးမြှင့်တင်နိုင်ရန်အတွက် ၁-၄-၂၀၁၅ ရက်နေ့မှစတင်၍ ကြော်ငြာနှုန်းထားများ လျှော့ချဝန်ဆောင်မှုပေးမည်

မြန်မာ့အလင်းသတင်းစာနှင့် ကြေးမုံသတင်းစာတို့ကို ၂၀၁၅ ခုနှစ် ဇန်နဝါရီလမှစတင်၍ ရောင်စုံသတင်းစာ ၃၂ မျက်နှာအဖြစ် ပြောင်းလဲထုတ်ဝေခဲ့ပြီးနောက် ဖေဖော်ဝါရီလ ၁ ရက်နေ့မှစတင်၍ သုတရသဆိုင်ရာ စာအုပ်ကြော်ငြာများ၊ ဌာနဆိုင်ရာကြော်ငြာများ၊ လူမှုရေးကြော်ငြာများ၊ စီးပွားရေးကြော်ငြာများအပေါ် ကြော်ငြာခနှုန်းထားများကို လျှော့ချဝန်ဆောင်မှုပေးခဲ့ပါသည်။

ယခုအခါ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများ တိုးမြင့်လာမှုအရလည်းကောင်း၊ အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများကို အားပေးမြှင့်တင်နိုင်ရန်အတွက်လည်းကောင်း နိုင်ငံခြားကုန်ပစ္စည်းကြော်ငြာ၊ ကုန်အမှတ်တံဆိပ်ကြော်ငြာနှင့် မူပိုင်ခွင့်ကြော်ငြာ၊ ပြည်တွင်းလေကြောင်းလိုင်း၊ နိုင်ငံသားပိုင်ဟိုတယ်၊ နိုင်ငံခြားခရီးသွားကြော်ငြာများကိုလည်း ၁-၄-၂၀၁၅ ရက်နေ့မှစတင်၍ အောက်ပါအတိုင်း ပြောင်းလဲလျှော့ချဝန်ဆောင်မှုပေးသွားမည်ဖြစ်ပါသည်။

စဉ်	ကြော်ငြာအမျိုးအစား	ရောင်စုံကြော်ငြာ		အဖြူ/အမည်း	
		လက်ရှိနှုန်းထား ၁"×၁ ကော်လံ	လျှော့ချမည့်နှုန်းထား ၁"×၁ ကော်လံ	လက်ရှိနှုန်းထား ၁"×၁ ကော်လံ	လျှော့ချမည့်နှုန်းထား ၁"×၁ ကော်လံ
၁။	နိုင်ငံခြားကုန်ပစ္စည်းကြော်ငြာ၊ ပြည်ပလေကြောင်းလိုင်းကြော်ငြာ၊ ပြည်ပဟိုတယ်ကြော်ငြာ	USD 50	၃၀၀၀၀/-	USD 50	၃၀၀၀၀/-
၂။	ကုန်အမှတ်တံဆိပ်/မူပိုင်ခွင့်နှင့်ပတ်သက်သော ကြော်ငြာ	USD 100	၅၀၀၀၀/-	USD 100	၅၀၀၀၀/-
၃။	ပြည်တွင်းလေကြောင်းလိုင်း၊ နိုင်ငံသားပိုင်ဟိုတယ်၊ နိုင်ငံခြားခရီးသွားကြော်ငြာများ	၂၀၀၀၀/-	၁၅၀၀၀/-	၁၇၀၀၀/-	၁၃၀၀၀/-

ဆောင်းပါး

အကောင်အထည်ပြစကားလုံး၊ သဘောပြစကားလုံး(၂)

မောင်ခင်မင်(ဓနဖြူ)

"ဆရာတို့ နေ့စဉ်သုံးနေတဲ့ စကားလုံးတွေထဲမှာ အကောင်အထည်မရှိတဲ့ ဒြပ်မဲ့ သဘောတွေကို အကောင်အထည်ရှိသလို သဘောထားပြီး သုံးနေတဲ့ စကားလုံးတွေ အများကြီးပါ။ သားတို့သမီးတို့ သတိထားမိမလားမသိဘူး"

"ဘယ်လိုစကားလုံးတွေပါလဲဆရာ"

"ကဲ ဆရာမေးမယ်နော်။ အချိန်ဆိုတာ အကောင်အထည်ရှိသလား မရှိဘူးလား"

"မရှိပါဘူး ဆရာ"

"အေး အဲဒီအကောင်အထည်မရှိတဲ့ အချိန်နဲ့ပတ်သက်တဲ့စကားတွေ စဉ်းစားကြည့်စမ်း။ ဆရာတို့ဘယ်လိုသုံးနေကျသလဲ။ အချိန်ရှိတယ်၊ အချိန်မရှိဘူးတဲ့။ အချိန်ကို အကျိုးရှိရှိမသုံးဘူး၊ အချိန်ဖြုန်းနေတယ်တဲ့။ အချိန်ကို ဝေမျှသုံးရတယ်တဲ့။ အချိန်ပေးတယ်တဲ့၊ အချိန်ယူတယ်တဲ့။ ကဲ. . စဉ်းစားကြည့်စမ်း။ အချိန်ကို ပိုက်ဆံလို၊ ပစ္စည်းလို အကောင်အထည်အဖြစ် သဘောထားပြီးပြောနေကြတာ မဟုတ်လား။ အချိန်မလောက်ဘူးတို့၊ အချိန်ကို ချေးသုံးလို့ရရင် ချေးသုံးချင်တယ်တို့တောင် ပါသေးတယ်"

"ဟုတ်တယ်နော်ဆရာ။ တကယ်တော့ အချိန်ဟာ ပေးလို့ယူလို့သုံးလို့ဖြုန်းလို့ ရတဲ့ပစ္စည်းမှ မဟုတ်ဘဲဟာ။ အဲဒီလိုသုံးတော့ အကောင်အထည်ပစ္စည်းလို့ ထင်လာရတာပေါ့နော်"

"နောက်စဉ်းစားကြည့်ပါဦး။ 'ဒေါသထွက်လာပြီ' ဆိုတဲ့ စကား။ အဲဒီဒေါသ ဆိုတာကြီးက မြင်ရတဲ့ပစ္စည်းကြီး ကိုယ်ထဲကထွက်လာသလိုပဲလေ။ 'ဒေါသတွေ အလိပ်လိုက် ထွက်လာတယ်'လို့ တောင် သရုပ်ဖော်သေးတယ်"

"ဟုတ်ကဲ့ပါ"

"အဲဒီလို အသုံးတွေ သားတို့သမီးတို့ စဉ်းစားကြည့်ပေါ့။ အများကြီးရှိမှာပါ။ နှိုင်းယှဉ်တဲ့အနေနဲ့ အဆင့်အတန်းမြင့်တယ်တို့၊ အဆင့်အတန်းနိမ့်တယ်တို့၊ အထက်လူ၊ အောက်လူတို့၊ ရာထူးတက်တယ်တို့၊ ရာထူးကျတယ်တို့ဆိုတဲ့ စကားတွေကိုကြည့်ရင်လည်း ဂုဏ်အဆင့်အတန်းရာထူးဆိုတဲ့ ဒြပ်မဲ့သဘောတွေကို အကောင်အထည်ရှိတဲ့ပစ္စည်းတွေလို သဘောထားပြီး မြင့်တယ်၊ နိမ့်တယ်၊ တက်တယ်၊ ကျတယ်၊ အထက်မှာရှိတယ်၊ အောက်မှာရှိတယ်ဆိုတဲ့ သဘောနဲ့သုံးနေတာထင်ရှားပါတယ်ကွယ်"

"တော်တော်သဘောပေါက်လာပါပြီဆရာ"

"ခုပြောတာတွေက နေ့စဉ်သုံးနေတဲ့စကားတွေထဲက သာဓကတွေပဲ။ စာပေတွေမှာ သဘောတရားတစ်ခုထင်ရှားအောင် အကောင်အထည်အဖြစ် တင်စားပြီး ရေးဖွဲ့တာတွေအများကြီးပေါ့ကွယ်။ တကယ်တော့ ဒီနည်းဟာ ဘုရားရှင်ကိုယ်တော်တိုင် ကျင့်သုံးတဲ့နည်းလို့ဆိုနိုင်ပါတယ်။ ဘုရားရှင် သဗ္ဗညုတညာဏ်ရတော်မူချိန်မှာ ပထမဆုံးကျူးရင့်တဲ့ ဥဒါန်းတော်လို့ခေါ်တဲ့ ဂါထာတော်အကြောင်း သားတို့၊ သမီးတို့သိမယ်ထင်ပါရဲ့"

"ဟုတ်ကဲ့ သမီးအဘိုးက အဲဒီဂါထာကို မကြာခဏရွတ်ပါတယ်။ သမီးကိုလည်း သင်ပေးလို့ ရနေပါတယ်ဆရာ။ 'အနေကဇာတိသံသာရဲ' ဂါထာပါဆရာ"

"ကျွန်တော်လည်းကြားဖူးပါတယ်ဆရာ။ ဘုရားရှင်က 'ဟယ် တဏှာလက်သမား၊ သင်သည် ငါ့ခန္ဓာအိမ်ကိုနောက်ထပ်ဆောက်ခွင့်မရတော့ပြီ' လို့ ဥဒါန်းကျူးရင့်တော်မူတာလို့ မှတ်သားဖူးပါတယ်"

"သားတို့ သမီးတို့ တော်တယ်ဟေ့။ ဘုရားရှင်က သဗ္ဗညုတညာဏ်ရတော့ တဏှာကုန်ခန်းသွားပြီမို့ နောက်ဘဝတစ်ကြိမ်ထပ်မဖြစ်တော့ကြောင်း ဥဒါန်းကျူးရာမှာ တဏှာကိုအိမ်ဆောက်တဲ့ လက်သမားအဖြစ်တင်စားတယ်။ မိမိခန္ဓာကို အိမ်အဖြစ်တင်စားတယ်။ အဲဒီလို အကောင်အထည်မရှိတဲ့ သဘောတွေကို အကောင်အထည်အဖြစ်တင်စားပြီးမိန့်ကြားတဲ့ ဂါထာတော်ပေါ့ကွယ်။ သဘောတရားကို အကောင်အထည်နဲ့တင်စားပြတဲ့ သာဓကကောင်းတစ်ခုပဲပေါ့"

"ဟုတ်ကဲ့ပါဆရာ"

"အဲဒီဂါထာကို ပညာရှင်အမျိုးမျိုးက မြန်မာဘာသာပြန်ထားကြပြီးပါပြီ။ အားလုံးကောင်းတာချည်းပါပဲ။ ဒီနေရာမှာ အလျှဉ်းသင့်လို့ အဲဒီဂါထာကို ဆရာကြီး မင်းသုဝဏ် မြန်မာဘာသာပြန်ထားတဲ့ ကဗျာကလေးကိုဆရာက သားနဲ့သမီးကို လက်ဆောင်ပေးလိုက်ချင်လို့ပါကွယ်။ ဆရာဆိုပြမယ်။ လိုက်မှတ်ကြနော်"

"ဟုတ်ကဲ့ပါဆရာ"

"ကဗျာခေါင်းစဉ်က 'ဥဒါန်းတော်'တဲ့။ ဆရာကြီးမင်းသုဝဏ်က ဒီလိုရေးဖွဲ့ထားတယ်ကွဲ့."

'အိမ်ဆောက်သမား၊ သင်ယောက်ျားကိုဘဝမျှားစွာ၊ သံသရာတွင်၊
ငါသည် လှည့်ပတ်ရှာဖွေခဲ့။
မတွေ့ရဘဲ၊ ဇာတိထဲတွင်၊ ဆင်းရဲခဲ့ရအကြိမ်ကြိမ်။
အိမ်ဆောက်သမား၊ အိုယောက်ျား။ ခုကားသင့်ကိုငါတွေ့ပြီ။
နောင်ခါတစ်ဖန်၊ အိမ်ဆောက်ရန်ကို၊ မကြံစည်နှင့်မရတော့။
ခေါင်လျှောက်ရက်မ၊ ဟူသမျှကို၊ ဖြိုချဖျက်ဆီးပစ်လိုက်ပြီ။
ငါ၏စိတ်လျှင်၊ ငါဝိညာဉ်သည်၊ ပြုပြင်ကင်းရာရောက်ခဲ့ပါ၍
တဏှာကုန်ခန်းပြီတကား။'

"ကောင်းလိုက်တာဆရာရယ်။ ကဗျာကလေးက အဓိပ္ပာယ်ရှင်းနေတာပဲ။ ရွတ်လို့ ဆိုလို့လည်းကောင်းတယ်နော်"

"ဆရာကြီးက မူလပါဠိဂါထာကို အတိအကျမြန်မာပြန်ပေးထားတာပဲကွယ်။ အလွတ်ရအောင်ကျက်ထားကြပေတော့"

"ဟုတ်ကဲ့ပါဆရာ။ ကျက်ထားပါ့မယ်"

"အေး. . . ဘုရားရှင်ဟောကြားဒေသနာတော်တွေကစပြီး ခေတ်အဆက်ဆက် ပညာရှင်တွေ၊ စာဆိုတွေရေးသားတဲ့စာပေတွေမှာ ခက်ခဲနက်နဲတဲ့ ဘာသာရေး၊ နိုင်ငံရေး၊လူမှုရေးစတဲ့ သဘောတရားတွေကို ထင်သာမြင်သာအောင် အကောင်အထည်ပြ စကားတွေနဲ့ ခိုင်းနှိုင်းတင်စားခဲ့ကြတာ ထင်ရှားတဲ့ အစဉ်အလာတစ်ခုပါပဲကွယ်။ သားတို့ သမီးတို့သိမှာပါ။ဘဝတွေအကြိမ်ကြိမ်လည်ပတ်နေတဲ့ ဒီသံသရာကြီးကို ဘာနဲ့နှိုင်းသလဲကွဲ့။"

"ဝဂယက်ကြီးနဲ့နှိုင်းပါတယ်ဆရာ"

"အေး . . . တဝဲလည်လည် လှည့်ပတ်နေတဲ့သဘော ထင်ရှားလာ

"အေး အဲဒီအကောင်အထည်မရှိတဲ့ အချိန်နဲ့ ပတ်သက်တဲ့စကားတွေ စဉ်းစားကြည့်စမ်း။ ဆရာတို့ ဘယ်လိုသုံးနေကျသလဲ။ အချိန်ရှိတယ်၊ အချိန်မရှိဘူးတဲ့။ အချိန်ကို အကျိုးရှိရှိမသုံးဘူး၊ အချိန်ဖြုန်းနေတယ်တဲ့။ အချိန်ကို ဝေမျှသုံးရတယ်တဲ့။ အချိန်ပေးတယ်တဲ့၊ အချိန်ယူတယ်တဲ့။ ကဲ စဉ်းစားကြည့်စမ်း။ အချိန်ကို ပိုက်ဆံလို၊ ပစ္စည်းလို အကောင်အထည်အဖြစ် သဘောထားပြီးပြောနေကြတာ မဟုတ်လား။ အချိန် မလောက်ဘူးတို့၊ အချိန်ကို ချေးသုံးလို့ရရင် ချေးသုံးချင်တယ်တို့တောင် ပါသေးတယ်"

တာပေါ့ အဲဒီလိုပဲ ပညာကို ဆီမီးနဲ့၊ ဒေါသကို မုန်တိုင်းနဲ့၊ မာနကိုတလူလူ လွင့်နေတဲ့အလံနဲ့၊ မေတ္တာကိုရေစင်နဲ့ စသည်ဖြင့် ခိုင်းနှိုင်းတင်စားတာတွေ အများကြီးရှိပါတယ်"

"ဟုတ်ကဲ့ ဆရာ၊ လူ့ဘဝကို ခရီးရှည်နဲ့နှိုင်းတာ၊ ဘဝရဲ့နောက်ဆုံးအချိန် ကျနေဝင်ချိန်နဲ့ နှိုင်းတာတွေလည်း တွေ့ရပါတယ်ဆရာ"

"မှန်တာပေါ့၊ နေဝင်ချိန်ဆိုလို့ပြောရဦးမယ် ।တစ်ခါကဆရာတို့ရဲ့ဆရာကြီး တစ်ယောက်ကို အခမ်းအနားတစ်ခုတက်ဖို့သွားဖိတ်တော့ ဆရာကြီးပြောလိုက်တာ မှတ်မိနေတယ်။ 'တပည့်ရေတဲ့၊ အခု ဆရာ့သက်တမ်းက ညနေ ၄ နာရီခွဲနေပါပြီတဲ့၊ မကြာခင်နေဝင်တော့မှာမို့ တရားပဲနှလုံးသွင်းချင်တော့တယ်။ အဲဒီပွဲတွေ မတက်ပါရစေနဲ့တော့တဲ့။ အဲဒီအချိန်မှာ ဆရာကြီးက အသက် ရှစ်ဆယ်နီးနေပြီလေ"

"မှတ်သားစရာပဲဆရာ။ ဘဝတစ်လျှောက်မှာ တွေ့ကြုံရတဲ့အခက်အခဲတွေကို ဆူးငြောင့်ခလုတ်တွေလို့ တင်စားတာတွေလည်း ရှိတယ်နော် ဆရာ။ ဟုတ်ပါတယ်။ မကြာခင်က ဆရာကြီးဒေါက်တာလှဘေက မြန်မာလူမျိုးတစ်ယောက်မွေးတဲ့ အချိန်က သေတဲ့အချိန်အထိဖြတ်သန်းရတဲ့ဘဝ အကြောင်းကို အင်္ဂလိပ်လိုစာအုပ်တစ်အုပ်ရေးတယ်။ ဒေါက်တာလှဘေ ဆိုတာ လန်ဒန် တက္ကသိုလ်မှာ အနောက်နိုင်ငံသားတွေကို နှစ်ပေါင်းများစွာ မြန်မာစာသင်ကြားခဲ့တဲ့ ပညာရှင်ကြီးပါ။ ဆရာကြီးဟာ အဲဒီစာအုပ်ကို from the cradle to the grave လို့နာမည်ပေးတယ်ကွဲ့။ ပုခက်တွင်းမှသည် သချိုင်းဂူအတွင်းအထိလို့ ဆိုလိုတာပေါ့"

"ဩော်. . . . မွေးတဲ့အချိန်ကသေတဲ့အချိန်အထိဆိုတဲ့သဘောကို ပုခက်တို့၊ သချိုင်းဂူတို့နဲ့ တင်စားလိုက်တာပေါ့နော်ဆရာ"

"ဟုတ်ပါတယ်။ ဒီတော့ အကောင်အထည်မမြင်သာတဲ့ သဘောတရားတွေကို အကောင်အထည်ပြစကားလုံးတွေနဲ့ မြင်သာအောင်ပြောတဲ့ ရေးတဲ့အလေ့ဟာ ဘယ်လောက်တွင်ကျယ်တယ်ဆိုတာ ထင်ရှားလောက်ပါပြီနော်"

"ဟုတ်ကဲ့ပါ"

"အဲဒီလို အကောင်အထည်ထင်ရှားအောင်ပြရာမှာ အကောင်အထည်ပြစကားလုံးတွေနဲ့ တစ်လုံးချင်း ဖော်ပြတာမျိုးအပြင် စကားတစ်ခွန်းလုံး ဝါကျတစ်ခုလုံးနဲ့ ဖော်ပြတာမျိုးလည်းရှိတယ်ကွဲ့."

"ပြောပြပါဆရာ"

"ဆိုပါတော့။ သားသူငယ်ချင်းတစ်ယောက်က အလုပ်တစ်ခုကို တကယ်လုပ်မကြည့်သေးဘဲ အားလျှော့နေရင် သူ့ကို 'မင်းကလည်းတကယ် လုပ်မကြည့်သေးဘဲ အားလျှော့နေပြီ'လို့ ပြောနိုင်တာပေါ့။ ဒါထက်ပိုပြီး ထင်သာမြင်သာအောင်ပြောမယ် ဆိုရင်. . . . "

"သမီး သိတယ်ဆရာ။ မင်းကလည်း စစ်မရောက်ခင်မြားကုန်နေပြီလို့ ပြောမှာပေါ့"

"အေး. . အေး၊ အဲဒီလိုပြောလိုက်တော့ပိုပြီး ထင်သာမြင်သာတယ် မဟုတ်လား။ အဲဒီလို စကားပုံတွေအများကြီးရှိတာပေါ့။ ဆီလျော်တဲ့နေရာမှာ ထည့်သုံးနိုင်တာပေါ့ကွယ်"

"ဒါဆိုရင် ခုလို ကျွန်တော်တို့နှစ်ယောက် ဆရာ့ဆီလာပြီး စာအရေးအသားနဲ့ ပတ်သက်တာတွေ မေးနေတာဟာ 'ပွဲမဝင်ခင် အပြင်ကကျင်းပ' နေတာလို့ ဆိုနိုင်တာပေါ့နော်"

"ဟုတ်တယ် ဟုတ်တယ်။ လက်တွေ့ မရေးခင်ကြိုတင်ပြင်ဆင်တဲ့ သဘောပေါ့"

"ဒါပေမယ့်၊ သမီးတို့က ငယ်ငယ်တုန်းကတော့ ဒါတွေမလေ့လာခဲ့ဘဲ ခုမှ လေ့လာနေရတာဟာ 'ခွေးကြီးမှလက်ပေးသင်'တာဖြစ်နေသလားမသိဘူးနော် ဆရာ"

"သားတို့ သမီးတို့က မကြီးသေးပါဘူးကွယ်။ "တောက်မည့်မီးခဲ အရှိန်နဲ့ ရဲရဲ'တွေပါ။ ဆက်ပြီး အရှိန်နဲ့ တောက်မယ့်လူငယ်တွေပါကွယ်"

"ဆရာ အဲဒီလိုပြောလို့ ကျေနပ်သွားပါပြီ ဆရာ"

"ကျေးဇူးတင်ပါတယ်ဆရာ"

ပညာရေးနှင့် အလုပ်အကိုင်အခွင့်အလမ်းဆိုင်ရာပြပွဲ ၂၀၁၅

သတင်း-ဝေယံဦး
ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)

ရန်ကုန် မတ် ၇

ပညာရေးဆိုင်ရာ အသိပညာများကို ပြည်သူများ ကျယ်ကျယ်ပြန့်ပြန့်သိရှိစေရန်နှင့် ပညာရေးကဏ္ဍပိုမိုမြင့်မားမှုအတွက် အထောက်အကူဖြစ်စေရန်အပြင် လူငယ်များ အလုပ်အကိုင် အခွင့်အလမ်းများရရှိရေးအတွက် ဖြည့်ဆည်းဆောင်ရွက်နိုင်မည့်ပညာရေးနှင့် အလုပ်အကိုင်အခွင့်အလမ်း ဆိုင်ရာပြပွဲ ၂၀၁၅ ကို ရန်ကုန်မြို့ ဦးဝိစာရလမ်း တပ်မတော်ခန်းမ၌ မတ် ၆ ရက်က စတင်ဖွင့်လှစ် ကျင်းပသည်။

တတိယအကြိမ်မြောက် ပညာရေးနှင့်အလုပ်အကိုင် အခွင့်အလမ်းပြပွဲ ၂၀၁၅ ဖွင့်ပွဲကို ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေ၊ တိုင်းဒေသကြီး စီမံကိန်းနှင့် စီးပွားရေးဝန်ကြီး ဦးသန်းမြင့်၊ မြန်မာနိုင်ငံစာပေထုတ်ဝေသူနှင့် ဖြန့်ချိရေးအသင်းမှ တွဲဖက်အတွင်းရေးမှူး ဦးသိန်းဦး၊ My Jobs . com.mm မှ မန်နေဂျင်းဒါရိုက်တာ Jemin popat နှင့် Dagon Exhibitions Ltd. မှ ဒါရိုက်တာ ဦးအောင်အောင်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးခဲ့သည်။

မတ် ၆ ရက်မှ ၈ ရက်အထိ ခင်းကျင်းပြသမည့် ယင်းပြပွဲတွင် ပြခန်းပေါင်း ၉၀ ခင်းကျင်းပြသထားပြီး ပြည်တွင်းပြည်ပမှ တက္ကသိုလ်နှင့် ကောလိပ်များ၊ ပုဂ္ဂလိက ပညာရေး သင်တန်းကျောင်းများ၊ စီးပွားရေးနှင့် စီမံခန့်ခွဲမှုသင်တန်းကျောင်းများ၊ အိုင်တီသင်တန်းကျောင်းများ၊ အင်ဂျင်နီယာနှင့် ဆေးပညာဆိုင်ရာ သင်တန်းကျောင်းများ၊ လေကြောင်းပညာရပ်ဆိုင်ရာ သင်တန်းကျောင်းများ၊ ပညာရေးဝန်ဆောင်မှုများ၊ အလုပ်အကိုင်အခွင့်အလမ်းဆိုင်ရာ အလုပ်ရှာဖွေရေး ပြခန်းများနှင့် စာအုပ်စာပေအမျိုးမျိုးကို နေ့စဉ်ပြသသွားမည်ဖြစ်သည်။

လူငယ်များအတွက် ပညာရေးနှင့်အလုပ်အကိုင်ဆိုင်ရာ အထောက်အကူပေးနိုင်သည့်အပြင် ဗဟုသုတများစွာ ရရှိစေမည့် ပြပွဲတစ်ရပ်လည်းဖြစ်ပြီး မတ် ၆ ရက်နှင့် ၈ ရက်အထိ နေ့စဉ် နံနက် ၉ နာရီမှ ညနေ ၅ နာရီအထိ ခင်းကျင်းပြသထားကြောင်းသိရသည်။ **(မြန်မာ့အလင်း)**

ဖိလစ်ပိုင်ငြိမ်းချမ်းရေးဖလားပြိုင်ပွဲတွင် ဗိုလ်စွဲစဉ်က မြန်မာ့လက်ရွေးစင်အသင်း။

မြန်မာနှင့်အင်ဒိုနီးရှားလက်ရွေးစင်အသင်းတို့ အင်ဒိုနီးရှား၌ ခြေစမ်းမည်

ဆူဇူကီးဖလားပြိုင်ပွဲအပြီး နိုင်ငံတကာ ပြိုင်ပွဲများနှင့် ဝေးကွာနေသည့် မြန်မာ့လက်ရွေးစင်အသင်းသည် မတ် ၃၀ ရက်တွင် အင်ဒိုနီးရှားလက်ရွေးစင်အသင်းနှင့် ခြေစမ်းကစားမည်ဖြစ်သည်။ ယင်းခြေစမ်းပွဲကို အင်ဒိုနီးရှားနိုင်ငံ၌ ကျင်းပမည်ဖြစ်ပြီး မြန်မာအသင်းမှာ မကြာမီပြင်ဆင်မှုများ ပြုလုပ်သွားမည်ဖြစ်သည်။

အဆိုပါ ခြေစမ်းပွဲယှဉ်ပြိုင်ရန် အင်ဒိုနီးရှားဘောလုံးအဖွဲ့ချုပ်က ဖိတ်ကြားခဲ့ခြင်းဖြစ်ပြီး မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်က သဘောတူလက်ခံခဲ့ခြင်းဖြစ်သည်။ လက်ရှိတွင် မြန်မာ့လက်ရွေးစင်အသင်းကို ဖွဲ့စည်းရခြင်းမရှိသေးသော်လည်း ယခုရက်ပိုင်းအတွင်း ဖွဲ့စည်းကာ မတ် ၁၂ ရက်တွင် စတင်လေ့ကျင့်သွားမည်ဖြစ်သည်။ ယင်းအသင်းကို နည်းပြချုပ်အဖြစ် အေဗရာမိုစစ်ကကိုင်တွယ်သွားမည်ဖြစ်သည်။ ကမ္ဘာ့ဖလားပြိုင်ပွဲ အာရှရုန်း ဒုတိယအဆင့် ခြေစစ်ပွဲများကို ဇွန်လအတွင်း၌ စတင်ကျင်းပမည်ဖြစ်ကာ အိမ်ကွင်း၊ အဝေးကွင်း နှစ်ကျော့စနစ်ဖြင့် ကစားရမည်ဖြစ်သည်။

နည်းပြချုပ် အေဗရာမိုဗစ်သည် မြန်မာ့လက်ရွေးစင်အသင်းကို ၂၀၁၄ ခုနှစ် နှစ်ဆန်းပိုင်းမှစတင်ကိုင်တွယ်လျက်ရှိပြီး ၄င်းလက်ထက်တွင် ဖိလစ်ပိုင်ငြိမ်းချမ်းရေးဖလားပြိုင်ပွဲ၌သာ ဗိုလ်စွဲခဲ့ပြီး AFC Challenge Cup ပြိုင်ပွဲနှင့် ဆူဇူကီးဖလားပြိုင်ပွဲတို့တွင် အုပ်စုမှ ထွက်ခဲ့ရသည်။

သတင်း- ရဲရင့်နိုင်
ဓာတ်ပုံ- ဖိုးသော်ဇင်

ဒီမိုကရေစီရှင်သန်ရေးအတွက် တည်ငြိမ်အေးချမ်းမှုကို လိုလားသူများက ငြိမ်းချမ်းစွာဆန္ဒဖော်ထုတ်ပွဲကို မတ် ၇ ရက် နံနက် ၉ နာရီက မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်ခရိုင် ပြင်ဦးလွင်မြို့နယ်တွင် ကျင်းပပြုလုပ်စဉ်။ မြမောင်ဦး

ပြည်တွင်းသတင်း

စာအုပ်စင်ကလေး

၁၇-၂-၂၀၁၅

ဦးအုန်းသန်း(ဥပဒေ)၏ ဥပဒေရေးဆွဲခြင်း အနုပညာစာအုပ်ထွက်ရှိ



ဤစာအုပ်၌ ဥပဒေရေးဆွဲရာတွင် လိုက်နာရသည့် အခြေခံမူသဘောတရားများ၊ ရေးထုံးရေးနည်းများအပြင် ဥပဒေရေးဆွဲရေးပညာကို စတင်လေ့လာသူတစ်ဦးအနေဖြင့် ကိုယ်တိုင်ရေးဆွဲတတ်စေရန် ပြဋ္ဌာန်းပြီး ဥပဒေအချို့နှင့်ပြင်ဆင်သည့် ဥပဒေအချို့ကို လေ့လာနိုင်ရန် ထည့်သွင်းဖော်ပြထားသည်။

စာရေးသူက နိုင်ငံတော်၌ ဥပဒေရေးဆွဲရေးပညာရှင် အမြောက်အမြား ပေါ်ထွန်းမှသာလျှင် ပြည်သူနှင့် နိုင်ငံတော်အား အကျိုးပြုသည့် ဥပဒေများ ပွင့်လင်းနိုင်မည်ဟု ယုံကြည်ကြောင်း၊ ဤစာအုပ်သည် ဥပဒေရေးဆွဲရေးပညာကို စတင်လေ့လာသူများအတွက် အုတ်တစ်ချပ်မဖြစ်ရင်တောင် သဲတစ်ပွင့်ဖြစ်မည်မှာ သေချာသည်ဟု ဆိုရဲပါကြောင်းဖြင့် စကားဦးနိဒါန်းတွင် ဆိုထားသည်။

ယင်းစာအုပ်ကို ရန်ကုန်မြို့တွင် ၇၇၇၇ စာပေ၊ အာရှပလာဇာဈေးရုံး၊ ဆိပ်ကမ်းသာလမ်း(အထက်)၊ မန္တလေးမြို့တွင် ထွန်းဦး၊ နဂါး၊ ညီစာပေ၊ စိတ်ကူးချိုချို ပိတောက်ရနဲ့ စာအုပ်တိုက်၊ တောင်ကြီးမြို့တွင် မီလံုနာစာပေတို့က တန်ဖိုးငွေကျပ် ၇၀၀၀ ဖြင့် ဖြန့်ချိထားကြောင်း သိရသည်။

(မြန်မာ့အလင်း)

ပါမောက္ခဒေါက်တာအောင်ထွန်းသက်၏ ကျွန်တော်နဲ့ဆောင်းပါးများ စုစည်းမှု-အတွဲ(၂) စာအုပ်ထွက်ရှိ



မြန်မာ့အလင်းသတင်းစာတွင် အပတ်စဉ်ဖော်ပြသည့်ဆောင်းပါးများကို စုစည်းပြီး အတွဲ(၂)အဖြစ် ထုတ်ဝေလိုက်ခြင်းဖြစ်သည်။

ဤစာအုပ်တွင် ကျွန်တော်နဲ့ UN Global Compact၊ ကျွန်တော်နဲ့ ကျူရှင်စနစ်၊ နောက်လိုက်ကောင်းများ၊ ဂျီ ၂၀၊ အလုပ်လုပ်ခြင်း၊ ဖီလစ်ကော့တလာ၊ ဥဏှာရည်ထက်မြက်မှု၊ ပါမောက္ခယူးနစ်(စ်)၊ ပြောင်းလဲမှုစီမံခြင်း၊ ခေါင်းဆောင်မှုပညာ စသည့် ဆောင်းပါး ၃၄ ပုဒ်ပါရှိပြီး ဆရာကြီး၏ ဖြတ်သန်းခဲ့သည့်ကာလ၊ ရခဲ့သည့် အတွေ့အကြုံများကို မျှဝေထားခြင်းဖြစ်သကဲ့သို့ မျက်မှောက်ခေတ်၏ အတွေ့အကြုံများနှင့် ပတ်သက်ပြီး ဆရာကြီး၏ အထင်အမြင်များကို ဖော်ထုတ်ထားခြင်းဖြစ်သည်ဟု ဆိုသည်။

ဆရာကြီးက "ကျွန်တော်တို့နိုင်ငံမှာ စဉ်းစားတတ်တဲ့သူတွေ၊ တွေးခေါ်တတ်တဲ့သူတွေ၊ ဆင်ခြင်တတ်တဲ့သူတွေ၊ မေးခွန်းထုတ်တတ်တဲ့သူတွေ အများကြီးလိုကြောင်း၊ အရာရာကို ခေါင်းညိတ်ပြီး လက်ခံတာမျိုးမဟုတ်ဘဲ မိမိကိုယ်ပိုင်အတွေးအခေါ်နဲ့ ဆင်ခြင်ပြီး အဖြေကို မိမိကိုယ်တိုင်ဖော်ထုတ်နိုင်စွမ်းရှိရမှာဖြစ်ကြောင်း"ဖြင့် အမှာစာတွင် သူ၏စေတနာစကားကို ရေးသားထားသည်။

စာအုပ်ဝယ်ယူလိုပါက သတင်းနှင့် စာနယ်ဇင်းလုပ်ငန်းအရောင်းဆိုင် ဖုန်း-၀၁-၂၄၈၁၀၂ နှင့် ၀၉-၇၃၁၀၀၂၇၄ သို့ ဆက်သွယ်ဝယ်ယူနိုင်ကြသည်။ တစ်အုပ်လျှင် ငွေကျပ် ၂၅၀၀ ဖြစ်သည်။

(မြန်မာ့အလင်း)

အဆိုပြုလွှာတင်ဒါခေါ်ယူခြင်း

ရှမ်းပြည်နယ်၊ တောင်ကြီးမြို့၊ သစ်တောရပ်ကွက်တွင် ၂၀၁၅-၂၀၁၆ခုနှစ် ဘဏ္ဍာရန်ပုံငွေနှင့် ရှမ်းပြည်နယ်အစိုးရအဖွဲ့ရုံး အဆောက်အအုံတည်ဆောက်ရန်အတွက် ဆောင်ရွက်လိုသူများ လာရောက်လျှောက်ထားနိုင်ပါသည်။

တင်ဒါလျှောက်လွှာရောင်းချမည့်ရက် - ၉-၃-၂၀၁၅ ရက်မှ ၈-၄-၂၀၁၅ရက် အထိ(ရုံးဖွင့်ရက်ရုံးချိန်အတွင်း)

တင်ဒါလျှောက်လွှာ - ၁၀-၄-၂၀၁၅ ရက်၊ ၁၆း၀၀ နာရီ

နောက်ဆုံးတင်ရမည့်ရက်

တင်ဒါလျှောက်လွှာရောင်းချမည့်နေရာ - လမ်းပန်းဆက်သွယ်ရေးဝန်ကြီးရုံး ရှမ်းပြည်နယ်အစိုးရအဖွဲ့၊ တောင်ကြီးမြို့။

ဆက်သွယ်ရန် - ဖုန်း-၀၈၁-၂၀၁၉၀၄ (ရုံးဖွင့်ရက်ရုံးချိန်အတွင်း)

အသေးစိတ်အချက်အလက်များကို လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာန၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့ရုံးတွင် ရုံးဖွင့်ရက် ရုံးချိန်အတွင်း စုံစမ်းမေးမြန်းနိုင်ပါသည်။

အထူးတရားပွဲ

သုံးလောကထွတ်ထား၊ မြတ်ဗုဒ္ဓအား အမှူးထား၍ တရားကိုချစ်ခင်၊ တရားကို မြတ်နိုး၊ တရားကိုယုံကြည် တရားဖြင့်မွေ့လျော် မွေ့ပျော်ကြကုန်သော သာသနာ့အန္တယဝင် သူတော်စင်အပေါင်းတို့အား ဤဇမ္ဗူသီရိမဟာနံတော်ကြီးတွင် အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ် ပါမောက္ခ(ဌာနမှူး) ဆရာတော် ဒေါက်တာ အရှင်ဆေကိန္နမ တရားရေအေးတိုက်ကျွေးမည်ဖြစ်ပါကြောင်း အလျှုရှင် ဦးမျိုးသိန်း၊ ဒေါ်ကေခိုင်(မွေးနေ့ရှင်)၊ ဓနသီဟကုမ္ဗဏီလီမိတက်တို့မှ တရားနာကြရောက်ကြပါရန် အောက်ပါအစီအစဉ်များအတိုင်း လေးစားစွာဖိတ်ကြားအပ်ပါသည်။

ဓမ္မပူဇာအစီအစဉ်

နေ့ရက် - ၁၃၇၆ ခုနှစ် တပေါင်းလပြည့်ကျော် ၆ ရက် ၂၀၁၅ ခုနှစ် မတ်လ ၁၀ ရက်၊ အင်္ဂါနေ့

အချိန် - ည ၇း၃၀ နာရီ။

လမ်းညွှန် - ဇမ္ဗူသီရိမဟာနံတော်၊ တံတားလေးလမ်း၀(နေ၀ေးရုပ်ရှင်ရုံရှေ့) အမှတ်(၈)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

ပြည်ထောင်စုလွှတ်တော် ပြည်သူ့ဌေးစာရင်းပူးပေါင်းကော်မတီ ပညာရှင်အကြံပေးပုဂ္ဂိုလ်အလိုရှိသည် (ပြည်တွင်း၌သာခန့်ထားရန်)

၁။ စီးပွားရေးပညာကျွမ်းကျင်ပြီး အောက်ပါအရည်အချင်းများနှင့် ပြည့်စုံသူ ပညာရှင် (၁) ဦးအလိုရှိသည်-

(က) အနိမ့်ဆုံးစီးပွားရေးပညာမဟာဘွဲ့ရရှိပြီးသူဖြစ်ရမည်။ (အလားတူဘွဲ့များကို နိုင်ငံခြားတွင် သင်ကြားအောင်မြင်ပြီးသူများလည်း လျှောက်ထားနိုင်သည်။)

(ခ) ပြည်တွင်း၊ ပြည်ပစီးပွားရေးပညာဆိုင်ရာ လုပ်ငန်းအတွေ့အကြုံရှိသူများ ဦးစားပေးစဉ်းစားမည်။

(ဂ) အင်္ဂလိပ်ဘာသာ Four Skills ကျွမ်းကျင်သူဖြစ်ရမည်။

(ဃ) ကွန်ပျူတာနှင့်အင်တာနက် ကျွမ်းကျင်စွာအသုံးပြုနိုင်သူဖြစ်ရမည်။

(င) အချိန်ပြည့်ဖြစ်စေ၊ အချိန်ပိုင်းဖြစ်စေ နှစ်စဉ်စာချုပ် ချုပ်ဆိုင်ားရမ်းခန့်ထားမည်။

(စ) တာဝန်ထမ်းဆောင်စဉ် ကာလအတွင်း နေပြည်တော်တွင် နေထိုင်ရမည်။

၂။ လျှောက်ထားလိုသူများသည် ကိုယ်ရေးရာဇဝင်အကျဉ်းနှင့်အတူ မျှော်မှန်းလစာ ဖော်ပြ၍ jointpac.mmp@gmail.com သို့ ၁၅-၃-၂၀၁၅ရက် နောက်ဆုံးထားပြီး e-mail ဖြင့် ပေးပို့လျှောက်ထားနိုင်ပါသည်။

၃။ ကိုယ်ရေးရာဇဝင်အချက်အလက်များပေါ် မူတည်၍ သင့်တော်မည့်သူများကို လူတွေ့စစ်ဆေးရန် e-mail ဖြင့် အကြောင်းကြားပါမည်။

၄။ အသေးစိတ်သိရှိလိုပါက ဖုန်း-၀၆၇-၅၉၀၂စသို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။



ပျောက်ဆုံးကြောင်း

ကျွန်တော် ဦးမြင့်ဆွေ ၁၀/မလမ(နိုင်)၀၃၄၃၉၉ ၏ Psno (မမှတ်မိ) ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၉၇၆၁၈၂၇၀၀



LMA လွင်မြင့်အောင် မြင်းခွာရွက်ဆေးရည်
ISO 9001:2008 နှင့် GMP လက်မှတ်ရ Lwin Myint Aung Industrial Co.,Ltd.

ပြည်တွင်းသတင်း

စင်ကာပူဆီးဂိမ်းပြိုင်ပွဲဝင်မည့် မြန်မာဟော်ကီအဖွဲ့ မလေးရှားနိုင်ငံသို့ လေ့ကျင့်ရန်ထွက်ခွာ

ရန်ကုန် မတ် ၇

စင်ကာပူနိုင်ငံတွင် ကျင်းပမည့် (၂၈) ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်မည့် မြန်မာနိုင်ငံ ဟော်ကီအဖွဲ့ချုပ် အမျိုးသားပဏာမ လက်ရွေးစင်အသင်းသည် အဖွဲ့ချုပ် အစီအစဉ်ဖြင့် ယနေ့ နံနက် ၈ နာရီခွဲက ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်မှ မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့သို့ထွက်ခွာသွားရာ အဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးထင်ဇော်ဝင်း၊ အဖွဲ့ချုပ် ဒုတိယ ဥက္ကဋ္ဌ ဦးဇော်ဝင်းနှင့် အမှုဆောင်များ၊ ဆွေမျိုးမိတ်သင်္ဂဟများ လိုက်ပါပို့ဆောင်ကြသည်။

အမျိုးသားပဏာမလက်ရွေးစင် အသင်းတွင် အုပ်ချုပ်သူ ဦးကျော်ကျော်ဦး၊ နည်းပြချုပ် မစ္စတာ မိုဟာမက် အာလက်နှင့် လက်ထောက်နည်းပြများ၊ အားကစားသမား ၂၀ စုစုပေါင်း ၂၅ ဦး လိုက်ပါသွားကြသည်။ ယခုနည်းပြချုပ်သည် (၂၇) ကြိမ်မြောက် ဆီးဂိမ်အားကစားပြိုင်ပွဲတွင် မြန်မာအမျိုးသား လက်ရွေးစင်အသင်း တတိယရရှိနိုင်ရန် စွမ်းဆောင်ပေးနိုင်ခဲ့ပြီး ပါကစ္စတန်နိုင်ငံ အမျိုးသမီးဟော်ကီလက်ရွေးစင်အသင်း၏ နည်းပြချုပ်ဖြစ်သည်။

အမျိုးသားပဏာမ လက်ရွေးစင်အသင်းသည် မလေးရှားနိုင်ငံ အီပိုမြို့ရှိ ဟော်ကီအကယ်ဒမီသင်တန်းကျောင်း၌ ဧပြီ ၆ ရက်ထိ တစ်လတိတိ စခန်းသွင်း လေ့ကျင့်မည်ဖြစ်သည်။

အမျိုးသားပဏာမ လက်ရွေးစင်အသင်းသည် မလေးရှားနိုင်ငံ၌ ရှိစဉ် မလေးရှားနိုင်ငံ အမျိုးသား ပဏာမလက်ရွေးစင်အသင်း အပါအဝင် ပြည်တွင်းကလပ်အသင်းများ၊ ပြည်နယ်ချန်ပီယံ အသင်းများ၊ တက္ကသိုလ်လက်ရွေးစင်အသင်းများ နှင့် ပူးတွဲလေ့ကျင့်ရင်း ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။

မြန်မာအမျိုးသား ပဏာမ ဟော်ကီလက်ရွေးစင် အသင်းသည် မြန်မာနိုင်ငံ၌ ကျင်းပခဲ့သည့် (၂၇) ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ရန်အတွက် မလေးရှားနိုင်ငံ အီပိုမြို့ရှိ ဟော်ကီအကယ်ဒမီ ကျောင်း၌စခန်းချကာ၊ မလေးရှားနိုင်ငံ ပဏာမ အမျိုးသားဟော်ကီလက်ရွေးစင်အသင်းအပါအဝင် အီပိုတက္ကသိုလ် လက်ရွေးစင်အသင်း၊ ပီရက်ခရိုင် ချန်ပီယံအသင်း၊ ဟောင်ကောင် ၁၆ နှစ်နှင့်အောက် လက်ရွေးစင်အသင်း၊ မလေးရှားနိုင်ငံ ၁၆ နှစ်နှင့်အောက် လက်ရွေးစင်အသင်း၊ မလေးရှားနိုင်ငံ MK အသင်း၊ ပါကစ္စတန်နိုင်ငံ ၁၆ နှစ်နှင့်အောက် လက်ရွေးစင်အသင်း၊ မလေးရှားနိုင်ငံ ကလပ်အသင်းများနှင့် ပူးတွဲလေ့ကျင့်ရင်း ယှဉ်ပြိုင်ကစားခဲ့ရာ ရှုံးပွဲမရှိ သရေ၊ အနိုင်နှင့် ဂိုးပြတ် အနိုင်ရရှိခြင်းများရှိခဲ့သည့် မှတ်တမ်းများရှိသည်။

သန်းဆွေ(ပန်းဘဲတန်း)

အလုပ်ရုံမှ ဒဏ်ရာရမြန်မာအလုပ်သမား နစ်နာကြေး ဘတ်ငွေ ၂၀၀၀၀၀ ရရှိ

ဗန်ကောက် မတ် ၇

ထိုင်းနိုင်ငံမြို့တော် ဗန်ကောက်အတွင်းရှိ ဖဖတ်ဒန် P.N.C. ပန်ကာရုံမှ ဒဏ်ရာရ မြန်မာအလုပ်သမားမှာ ၄င်းရရှိမည့် ထိုက်သင့်လျော်ကြေးငွေ အားရရှိခဲ့ပြီးဖြစ်ကြောင်း ထိုင်းနိုင်ငံရောက် မြန်မာနိုင်ငံသားများအဖွဲ့ (Myanmar Association in Thailand)မှ ဆက်သွယ်ပြောကြားချက်အရ သိရသည်။

ဖြစ်စဉ်အရ ရခိုင်ပြည်နယ် မြောက်ဦးမြို့နေ မြန်မာအလုပ်သမား ကိုအောင်ကျော်ဇော်မှာ ၂၀၁၃ ခုနှစ် ဩဂုတ် ၂၁ ရက် ဒေသစံတော်ချိန် မွန်းလွဲ ၁ နာရီခွဲက အဆိုပါ P.N.C. ပန်ကာရုံ၌ အလုပ်လုပ်ကိုင်နေစဉ် ညာဘက် (ဝဲ) လက် လက်ညှိုးနှင့်လက်ခလယ်မှာ စက်နှင့်ညှပ်မိခဲ့ရာ လက်ညှိုးမှာ အရိုးကျိုးသွားခဲ့ခြင်းဖြစ်ပြီး လက်ခလယ်တစ်ချောင်းမှာ ဒဏ်ရာလွန်စွာပြင်းထန်သဖြင့် ဖြတ်တောက်ခဲ့ရခြင်းဖြစ်သည်။

ထို့နောက် အလုပ်ရုံမှ ဆေးကုသခနှင့် လုပ်အားခ ၁၅ ရက်စာသာ ပေးခဲ့သောကြောင့် ၄င်း၏ နစ်နာကြေးများအား ရရှိရန်အတွက် မြန်မာသံရုံး အလုပ်သမား ကူညီစောင့်ရှောက်ရေးကော်မတီဖြစ်သည့် ထိုင်းနိုင်ငံရောက် မြန်မာနိုင်ငံသားများအဖွဲ့ MAT သို့ အကူအညီတောင်းခံလာခဲ့ကြောင်း သိရပြီး MAT တာဝန်ရှိသူများက တတ်စွမ်းသရွေ့ လိုက်လံဆောင်ရွက်ပေးခဲ့ရာ ပြီးခဲ့သည့် မတ် ၃ ရက် နံနက်ပိုင်းက မြန်မာအလုပ်သမား ကိုအောင်ကျော်ဇော်၏ နစ်နာကြေး ဘတ်ငွေ ၂၀၀၀၀၀ ရရှိခဲ့ပြီးဖြစ်ကြောင်း သိရသည်။

စိုးဝင်း(SP)

မဲဇာချောင်း၌ တရားမဝင်ရွှေတူးဖော်နေသောရွှေမျောများ ပိုင်ရှင်မဲ့တွေ့

အင်းတော် မတ် ၇

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် အင်းတော်မြို့နယ် မဲဇာချောင်းအတွင်း တရားမဝင် ရွှေတူးဖော်နေမှုကို မတ် ၅ ရက်က ပိုင်ရှင်မဲ့ဖမ်းဆီးရမိခဲ့သည်။

မတ် ၅ ရက် နံနက် ၁၀ နာရီခွဲက အင်းတော်မြို့နယ် မဲဇာချောင်းတစ်လျှောက်ကို တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးစဉ် ရွှေတူးဖော်နေသူတစ်ဦးမျှမရှိဘဲ ဂျင်းဒေါင်းအမျိုးအစားတစ်လုံး မြင်းကောင်ရေ ၂၅ ကောင် အင်ဂျင်စက်ငါးလုံး၊ တရုတ်နိုင်ငံလုပ် လေးလုံးထိုး အင်ဂျင်စက်နှစ်လုံး၊ ဘီးလူးခေါင်း တပ်လျက် လည်ချောင်းပိုက် ခုနစ်ချောင်း၊ ခြောက်လက်မ ဖိုက်ဘာပိုက်ပြား ၁၀ ပေစီရှိ ခုနစ်ချောင်း၊ အိတ်ဖတ်စိမ်း ၃၅ ခု၊ မှုန်အိုး ၆×၆ ခုနစ်လုံးကို ပိုင်ရှင်မဲ့ဖမ်းဆီးရမိခဲ့ပြီး ဆက်လက်စစ်ဆေးရာ မန်လည်ကျေးရွာအုပ်စု ဝါးဖြူတောင်ကျေးရွာအနီး တရားမဝင် ရွှေမျောမောင်းနှင်ခဲ့သော ရေယာဉ် ၂၃ စီးကို လုပ်ငန်းများလုပ်ကိုင်မှုမရှိဘဲ ရပ်နားထားသည်ကို စစ်ဆေးတွေ့ရှိခဲ့သည်။

အထက်ပါရေယာဉ် ၂၃ စီးအား အသေးစိတ်စစ်ဆေးခဲ့ရာ အလျားပေ ၃၀၊အကျယ်၇ ပေ၊ ဇောက်ပိုင်းသုံးပေရှိ ရေယာဉ်ကြီးသုံးစီးနှင့် အလျား ၂၄ ပေ၊ အကျယ် ၅ ဒသမ ၅ ပေ၊ ဇောက်ပိုင်းနှစ်ပေရှိ ရေယာဉ်ငယ် အစီး ၂၀ စုစုပေါင်း ၂၃ စီး ရှိခြင်း၊ မဲဇာချောင်း ရေစီးအနက်မှာ ၄ ဒသမ ၅ ပေခန့်ရှိခြင်း၊ မဲဇာချောင်းအကျယ်မှာ အကျဉ်းဆုံးနေရာ၌ ပေ ၃၀ ခန့်ရှိပြီး အကျယ်ဆုံးနေရာမှာ ပေ ၂၅၀ ခန့်ရှိခြင်း၊ ရေယာဉ်ငယ် သုံးစီးပေါ်တွင် အစောင့်တစ်ယောက်စီသာရှိပြီး ကျန်အစီး ၂၀ပေါ်တွင် လူတစ်ဦးမျှမရှိခြင်း၊ ရေယာဉ် ၂၃ စီးအပေါ်တွင် တရားမဝင် ရွှေမျောတိုက်ရာတွင် အသုံးပြုသော အင်ဂျင်နှင့်ဆက်စပ် ပစ္စည်းများကို မတွေ့ရှိရခြင်းနှင့် ဖမ်းဆီးရမိသော ပစ္စည်းများအား အမြန်သယ်ယူနိုင်ရေး ဆောင်ရွက်လျက်ရှိသည်။

ကိုနိုင်(အင်းတော်)

ပျောက်ဆုံးကြောင်း

ကျွန်တော် မောင်စိုင်းကျော်ဇောလင်း (MA-768905)၏ နိုင်ငံကူးလက်မှတ် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၅၀၆၀၇၆၀၊ ၀၉-၉၇၂၆၆၅၈၅၅

ပျောက်ဆုံးကြောင်း

ကျွန်တော် စောသောမတ် ၁၄/ကလန (နိုင်)၁၀၇၄၃၁၏ နိုင်ငံကူးလက်မှတ်မှာ ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၅၀၇၈၈၇၃

သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ထန်းတပင်မြို့နယ်၊ ၄က်သိုက်ကျေးရွာအုပ်စု၊ သဲဖြူကျေးရွာနေ ဦးရဲမြင့်-ဒေါ်အေးခိုင်တို့၏သား မောင်ကျော်ကျော်ဆန်း(ခ)မောင်ရဲမင်းအောင် ၁၂/ထတပ(နိုင်)၀၉၂၃၃ သည် မိဘဆိုဆုံးမမှုကို မနာယူဘဲ မိမိသဘောအတိုင်း ပြုမူဆောင်ရွက်ပါသဖြင့် ယနေ့မှစ၍ သားအဖြစ်မှစွန့်လွှတ်ပါကြောင်းနှင့် နောက်နောင် ၄င်းနှင့်ပတ်သက်သော ကိစ္စအဝဝကို လိုက်လံဖြေရှင်းပေးမည် မဟုတ်ပါကြောင်း။

စုံစမ်းမေးမြန်းခြင်း သည်းခံပါ။

ဦးရဲမြင့်-ဒေါ်အေးခိုင်

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း
(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း၏ ပစ္စည်းများအား ရန်ကုန်စတို၊ ရန်ကုန်ဆိပ်ကမ်းနှင့် စီမံကိန်းစခန်းတို့မှ စီမံကိန်းနေရာအသီးသီးသို့ သယ်ယူပို့ဆောင်ရန် မြန်မာကျပ်ငွေဖြင့် တင်ဒါခေါ်ယူလိုပါသည်-

၂။ **တင်ဒါပုံစံစတင်ရောင်းချမည့်ရက်** - ၉-၃-၂၀၁၅ရက်
၃။ **တင်ဒါဖိတ်မည့်ရက်** - ၁၂-၃-၂၀၁၅ရက်
၄။ **တင်ဒါဖိတ်မည့်အချိန်** - ၁၂:၀၀နာရီ
၅။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန တင်ဒါကြီးကြပ်ရေးအဖွဲ့
မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း၊ ပစ္စည်းစီမံရေးဌာန
ရုံးအမှတ် (၂၇)၊ နေပြည်တော်
ဖုန်း-၀၆၇-၄၁၀၂၀၉၊ ၄၁၀၂၈၂

ရထားပို့ဆောင်ရေးဝန်ကြီးဌာန
ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှူးဦးစီးဌာန
(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှူးဦးစီးဌာနတွင် မှတ်ပုံတင်ထားသည့် မော်တော်ယာဉ်များ၌ တပ်ဆင်အသုံးပြုမည့် အင်္ဂလိပ်အက္ခရာဖောင်းကြန့်ပါတ်ပြားများအား အပ်နှံရိုက်နှိပ်လိုပါသဖြင့် စိတ်ပါဝင်စားသူများ တင်ဒါပေးသွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ တင်ဒါဖိတ်မည့်ရက်နှင့်အချိန်-၉-၄-၂၀၁၅ ရက်၊ ၁၆:၀၀ နာရီ နောက်ဆုံးထား၍ တင်သွင်းရမည်။

၃။ တင်ဒါပုံစံနှင့် စည်းကမ်းချက်များကို အောက်ဖော်ပြပါဌာနတွင် သတင်းစာကြော်ငြာထည့်သည့်ရက်မှစ၍ ရုံးချိန်အတွင်းဝယ်ယူနိုင်ပြီး အသေးစိတ်အချက်အလက်များကိုလည်း ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှူးဦးစီးဌာန
ရုံးအမှတ်(၂၉)၊ နေပြည်တော်
ဖုန်း-၀၆၇-၄၀၅၄၁၅၊ ၀၆၇-၄၀၅၃၆၂

(၅၃)လမ်း/(၆၃)လမ်း အစန်းအရောင်းရန်ရှိသည်။
(၅၃)လမ်း(အလယ်ကလပ်) 15 x 60' (ဆယ့်ငါး)ကြိုးရှည်
ပို့ဆောင်ပေးမည်။ ဖုန်း - ၀၉ ၈၆၁၃၀၈၅၆၊ ၀၁ ၃၀ ၂၁၄၄

ဝန်ထမ်းအလိုရှိသည် (ပြည်တွင်း၌သာခန့်ထားရန်)

၁။	ဟုတ်ချောင်ခရေကျူ (သို့) ကြိုးကြာပ်ခရေကျူ (HR) လက်မှတ်ရ	(ကျား/မ) - ၅ ဦး
၂။	ဘဏ်ဆင်းဘဏ်ဆင်းကိုင်တာခရေမဝန်ထမ်း	(မ) - ၁၀ ဦး
၃။	ခေတ်ပေါက် (ခေတ်ကော်ဟင်းခရေကျွေးသည်)	(ကျား/မ) - ၅ ဦး
၄။	Marketing Manager	(ကျား/မ) - ၅ ဦး
၅။	Marketing Supervisor	(ကျား/မ) - ၅ ဦး
၆။	Marketing	(ကျား/မ) - ၅ ဦး
၇။	ယာဉ်မောင်း (လတ် ကြီးလေး + ∘)	(ကျား) - ၅ ဦး
၈။	အခေတ်ခရေမဝန်ထမ်း	(ကျား) - ၁၀ ဦး

စိတ်ဝင်စားသူများသည် အလုပ်သမား မှတ်ပုံတင်မိတ္တူ အမြီးယာမှတ်ပုံတင်မိတ္တူ သန်းခေါင်စာရင်းမိတ္တူ အောက်တင်ကြေးကားမှန်ကြာဝယ်ကားပိတ်ကား (ကြိုးဆင် ဆိပ်ပုံ(၂)ခုနှင့်သားရေ ဖောက်ပါပိတ်ကားဘီ) (ကားပေါ်ကတင်ပြီး) ကားကောက်ကားနိုင်ပါသည်။ (ကျွမ်းကျင်မှုပေါ် မူတည်၍ လစာကြည့်ရှုနိုင်မည်ဖြစ်သည်။)

ရွေးတွေ့စစ်ဆေးမည့်ရက် - ဗုဒ္ဓဟူးနေ့ (နေ့လယ်ပိုင်း - ၁ နာရီ)
ဆက်သွယ်ရန် - ပင်ဆောက်ယာနှင့် အလှပြုဖူးတင်ယမ်းတွေ
အမှတ်(၂၇)၊ အောင်ပန်းမွှေ့တိုင်ပန်းထောင်ကြီးနေ့ပန်ကုန်ကြီး

အဆင့်မြင့်မော်တော်ယာဉ်များ ချွတ်ယွင်းချက်ရှာဖွေစစ်ဆေးခြင်းနှင့်ပြင်ဆင်ခြင်းသင်တန်း

မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းနှင့် မြန်မာမော်တော်ကော်ပိုရေးရှင်းတို့ပူးပေါင်း၍ အဆင့်မြင့်မော်တော်ယာဉ်များ၏ ချွတ်ယွင်းချက်ရှာဖွေစစ်ဆေးခြင်းနှင့်ပြင်ဆင်ခြင်းသင်တန်း အပတ်စဉ်(၃/၂၀၁၅)အား ၁၆-၃-၂၀၁၅ရက်မှ ၁၅-၅-၂၀၁၅ ရက်အထိ (၂)လတာ သင်တန်းကို နိုင်ငံခြားပြန် ဝါရင့်ကျွမ်းကျင်သူပညာရှင်များ၊ အင်ဂျင်နီယာများမှ စာတွေ့လက်တွေ့ သင်တန်းဖွင့်လှစ် သင်ကြားမည်ဖြစ်ပါသည်။ သင်တန်းသားတစ်ဦးလျှင် သင်တန်းကြေး ကျပ် ၂၅၀၀၀၀ပေးသွင်းရမည်ဖြစ်ပြီး သင်တန်းပြီးဆုံးအောင်မြင်ပါက သင်တန်းဆင်းအောင်လက်မှတ်ကို မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း Automobile Technical Division မှ ထုတ်ပေးမည်ဖြစ်ပါသည်။ သင်တန်းသားဦးရေကို ကန့်သတ်ထားပြီး ပညာအရည်အချင်းအနည်းဆုံး အခြေခံပညာအထက်တန်း အဆင့်ရှိရမည်ဖြစ်ပါသည်။ လျှောက်လွှာများကို ၂၀-၂-၂၀၁၅ ရက်မှ စတင်လက်ခံပြီး ၁၀-၃-၂၀၁၅ရက်၌ လျှောက်လွှာပိတ်မည်ဖြစ်ပါသည်။ လျှောက်ထားသူများကို လူတွေ့စနစ်ဖြင့် ရွေးချယ်မည်ဖြစ်ပြီး လျှောက်လွှာနှင့်အတူ ရောင်စုံလိုင်စင်ဓာတ်ပုံ (၂)ပုံ၊ ကိုယ်ရေးအချက်အလက်များ၊ ပညာအရည်အချင်းဆိုင်ရာ သက်သေခံလက်မှတ်မိတ္တူများပါဝင်ရပါမည်။

လျှောက်လွှာတင်ရန်-

(၁) **မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း၊ Automobile Technical Division လှိုင်တက္ကသိုလ်နယ်မြေ၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၁-၅၁၉၆၇၃၊ ၀၁-၅၁၉၆၇၅၊ ၀၁-၅၁၉၆၇၅၊ ၀၁-၅၁၉၆၇၆**

(၂) **မြန်မာမော်တော်ကော်ပိုရေးရှင်း၊ ချယ်ရီဥယျာဉ်အိမ်ရာ၊ အမှတ် (၁၄/၃)ရပ်ကွက်၊ သံသုမာလမ်းမကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉-၈၆၁၈၃၈၆၊ Email-michaelsanoo@gmail.com**

မုံရွာမြို့နယ် တောင်ပုံကျေးရွာနှင့် အောင်သာကျေးရွာတို့၌ မီးလောင်

မုံရွာ မတ် ၇

မုံရွာတောင်ဘက် ပုရစ်ကုန်းကျေးရွာအုပ်စု တောင်ပုံကျေးရွာရှိ နေလထွန်းကြာဆံအလုပ်ရုံ မီးဖိုခေါင်းတိုင် မီးပွား အမိုးပေါ်ကျရာမှ ကူးစက်လောင်ကျွမ်းမှု မတ်လ ၇ ရက်နံနက် ၁၁ နာရီခွဲက ဖြစ်ပွားအပြီး မွန်းလွဲ ၁ နာရီခွဲခန့်တွင် မုံရွာမြို့အရှေ့တောင်ဘက် လယ်ဇင်ရွာအနီး အောင်သာကျေးရွာ၌ အိမ်ကိုးလုံး မီးလောင်မှုဖြစ်ပွားရာ ၁ နာရီခွဲအတွင်း မီးလောင်မှုနှစ်ကြိမ် ဖြစ်ပွားခဲ့ကြောင်း သိရသည်။

"မုံရွာမြို့ အရှေ့တောင်ဘက်က လယ်ဇင်ရွာနားက အောင်သာရွာမှာ လျှပ်စစ်ရေနွေးအိုးတည်ထားခဲ့ပြီး ကွမ်းခြံကိုသွားခဲ့ရာက ရေနွေးအိုးရေခန်းပြီး အပူလွန်ကဲကူးစက်လောင်ကျွမ်းခဲ့တာပါ။ အဲဒီအရင် မုံရွာမြို့တောင်ဘက်က ပုရစ်ကုန်းကျေးရွာအုပ်စု တောင်ပုံကျေးရွာနေ လထွန်းကြာဆံအလုပ်ရုံက ကြာဆံပြုတ်ရာမှာသုံးတဲ့ မီးခိုးခေါင်းတိုင်ကမီးပွား အမိုးပေါ်ကျကူးစက်ရာကနေ လောင်တာပါ"ဟု မုံရွာမြို့နယ် မီးသတ်ဦးစီးဌာနမှ တာဝန်ရှိသူ တစ်ဦးက ပြောပြသည်။

မွန်းလွဲ ၁ နာရီခွဲခန့်က စတင်လောင်ကျွမ်းခဲ့သော လယ်ဇင်ကျေးရွာအနီး အောင်သာကျေးရွာ အိမ်ကိုးလုံးမီးလောင်မှုကို မုံရွာမြို့နယ် မီးသတ်ဦးစီးဌာန မီးသတ်ယာဉ်သုံးစီး အပါအဝင် ရပ်ကွက်ကျေးရွာအသီးသီးမှ မီးသတ်ယာဉ် ၁၂ စီး၊ ရေသယ်ယာဉ် လေးစီး၊ သန္ဓေမီးသတ်တပ်ဖွဲ့ဝင် ၃၀၊ အရန်မီးသတ်တပ်ဖွဲ့ဝင် ၇၀ ဖြင့် ဒေသခံများ ဝိုင်းဝန်းငြိမ်းသတ်ရာ မွန်းလွဲ ၂ နာရီခန့်တွင် မီးငြိမ်းသတ်နိုင်ခဲ့ကြောင်း သိရသည်။ အောင်သာရွာ အိမ်ကိုးလုံးမီးလောင်မှုတွင် မီးပေါ့ဆသူ ဦးသန်းဝင်းကို မုံရွာမြို့နယ် မြို့မရဲစခန်းက အမှုဖွင့်အရေးယူ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

နံနက် ၁၁နာရီခန့်က လွန်ခဲ့သော ကြာဆံအလုပ်ရုံမီးကို တောင်ပုံကျေးရွာ အရန်မီးသတ်တပ်ဖွဲ့ဝင်များနှင့် ကျေးရွာဒေသခံများ ဝိုင်းဝန်းငြိမ်းသတ်ခဲ့ရာ ခြောက်မိနစ်အတွင်း မီးငြိမ်းသတ်နိုင်ခဲ့ပြီး မီးပေါ့ဆသူ ကိုအောင်သိုက်ကို မုံရွာမြို့မရဲစခန်းက အမှုဖွင့်အရေးယူ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

မျိုးဝင်းထွန်း (မုံရွာ)

ပြည်တွင်းသတင်း

လျှပ်စစ်ဝိုင်ယာကြိုးဟောင်းမှ မီးလောင်မှုဖြစ်ပွား

ရန်ကုန် မတ် ၇

မတ် ၇ ရက် နံနက် ၁၁ နာရီ ၄၃ မိနစ်က ကြည့်မြင်တိုင်မြို့နယ် စျေးကလေးရပ်ကွက် စျေးကလေးလမ်းမတန်း အမှတ် ၁၇၇ ပိုင်ရှင် ဦးသိန်းအောင်၏ သွပ်မိုး ပျဉ်ထောင်နှစ်ထပ်အိမ်အပေါ်ထပ်၌ မီးလောင်မှုဖြစ်ခဲ့သည်။

မီးလောင်ရသည့် အကြောင်းမှာ အိမ်မျက်နှာကြက်အတွင်းရှိ ဝိုင်ယာကြိုးဟောင်းများမှ အပူလွန်ကဲ မီးလောင်မှုဖြစ်ရကြောင်း မီးသတ်တပ်ဖွဲ့ဝင်တစ်ဦး၏ ပြောကြားချက်အရ သိရသည်။

မီးလောင်ရာသို့ ပတ်ဝန်းကျင်မြို့နယ်များမှ မီးသတ်ကား ၁၀ စီးခန့် အချိန်မီ လာရောက်ငြိမ်းသတ်ပေးကြသည်။ မီးသတ်ကားများ မလာမီ ရပ်ကွက်အတွင်းမှ အမျိုးသားများက ရေပုံးများဖြင့် ပက်ဖျန်းငြိမ်းသတ်ပေးခဲ့ကြသည်။

လျှပ်စစ်မီးအား စိုးရိမ်စိတ်ဖြင့် သတိမမူဘဲ ရေများဖြင့် ပက်ဖျန်းမှုကြောင့် မီးငြိမ်းသတ်ပေးသော လူငယ်အချို့ လျှပ်စစ်ဓာတ်လိုက်ခြင်း ခံခဲ့ရသည်ဟု မီးငြိမ်းသတ်ရာတွင် ကြည့်နေသော အမျိုးသမီးတစ်ဦးက ပြောပြသည်။

စမ်းချောင်းမြို့နယ် မီးသတ်ဦးစီးမှူး ဦးကျော်လွင်ဦး ဦးဆောင်သော သန္ဓေမီးသတ်တပ်ဖွဲ့ဝင်များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ ရပ်ကွက်ပြည်သူများ၏ ဝိုင်းဝန်းငြိမ်းသတ်မှုကြောင့် အခြားသို့ ကူးစက်ခြင်းမရှိဘဲ နံနက် ၁၁ နာရီ မိနစ် ၅၀ တွင် မီးငြိမ်းခဲ့သည်။

မီးလောင်မှုကြောင့် အိမ်ရှင်ဖြစ်သူ ဦးသိန်းအောင်ကို ကြည့်မြင်တိုင်မြို့မရဲစခန်းမှ အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

ကိုကြီးတင်

ဗဒေါ်ခင်ညွှန့်ခံပွဲကျေးဇူးတင်လွှာ

ရန်ကုန်မြို့နေ
ဒုတိယဗိုလ်မှူးကြီး သူရဖုန်းစိန်(ငြိမ်း)-ဒေါ်မူမူအေးတို့၏သားလတ်
ယာယီတပ်ခွဲမှူး(ဗိုလ်မှူး)ဗိုလ်ကြီးဖုန်းဖြိုးဝေ
B.C.Sc(DSA)
နှင့်
နေပြည်တော်နေ
ဒုတိယဗိုလ်ချုပ်ကြီးသောင်းအေး(တပ်မတော်စစ်ဆေးရေးအရာရှိချုပ်)-
ဒေါ်သင်းမျိုးမျိုးအောင်တို့၏ သမီးကြီး
မအေးခန့်ဘုန်းပြည့်
B.A(Eco)
Director(August Myanmar Co.,Ltd.)

တို့၏ ၇-၃-၂၀၁၅ရက်(စနေနေ့)တွင် ရန်ကုန်မြို့၊ ကုန်းမြင့်သာ၊ ဧရာဝတီရိုဗိမာန်၌ ကျင်းပပြုလုပ်ခဲ့သော မင်္ဂလာဧည့်ခံပွဲအခမ်းအနားသို့ ကြွရောက်ချီးမြှင့်ပေးပါသော နိုင်ငံတော်သမ္မတ အဂ္ဂမဟာသရေစည်သူ၊ အဂ္ဂမဟာသီရိသုဓမ္မဦးသိန်းစိန်၏ ဇနီး ဒေါ်ခင်ခင်ဝင်းအားလည်းကောင်း၊ မင်္ဂလာအောင်စံပယ်ပန်းကုန်းနှင့် လက်ထပ်မင်္ဂလာလက်စွပ်ချီးမြှင့်ပေးပါသော တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသရေစည်သူမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှအားလည်းကောင်း၊ မင်္ဂလာဧည့်ခံပွဲသို့ ကြွရောက်ချီးမြှင့်ပေးကြပါသော စစ်ဘက်၊ နယ်ဘက်မှ ဂုဏ်သရေရှိလူကြီးမင်းများနှင့်ဆွေမျိုးမိတ်သင်္ဂီဟများအား လည်းကောင်း၊ မင်္ဂလာအခမ်းအနားမှူးဦးကျော်စိုးဦး၊ မင်္ဂလာအခါတော်ပေးနှင့်တေးသံသာများဖျော်ဖြေပေးပါသော နိုင်ငံကျော် အဆိုတော် ဒေါ်ရီရီသန့်နှင့်ဒေါ်ရီရီသန့် မြန်မာမှုတေးဂီတအဖွဲ့၊ ဂီတမှူးစန္ဒရားဧရာမင်း၊ ဆိုင်းဖိုးသင်္ကြန်၊ သတို့သားအရံ ဗိုလ်ကြီးစိုင်းသက်ထူးနိုင်၊ ဗိုလ်ကြီးအောင်ထွန်းမင်း၊ သတို့သမီးအရံ မအေးချမ်းမြင့်မြတ်၊ မလက်လက်သီ၊ မင်္ဂလာဝတ်စုံဒီဇိုင်နာ မျိုးမင်းစိုး၊ မိတ်ကပ်ခင်စန်းဝင်းနှင့်အဖွဲ့၊ Prewedding Photoနှင့် စေ့စပ်ပွဲတွင် ဓာတ်ပုံနှင့်ဗီဒီယိုမှတ်တမ်းရိုက်ကူးပေးပါသော Photo နိုင်လင်းဝေ(ယဉ်ဂိုချမ်း)နှင့်အဖွဲ့၊ မင်္ဂလာဧည့်ခံပွဲတွင် မှတ်တမ်းတင်ဗီဒီယိုနှင့်ဓာတ်ပုံများရိုက်ကူးပေးပါသော ဓာတ်ပုံစိုင်းဘုဏ်းထူးနှင့်အဖွဲ့၊ မေတ္တာဖြင့်လက်ဝတ်ရတနာနှင့်ပိုးထည်များ ဆင်မြန်းပေးပါသော အောင်သမာဓိရွှေဆိုင်နှင့်ပိုးထည်တိုက်၊ သန့်တော်ဝင်အထည်ရောင်းဝယ်ရေး၊ ရွှေစန္ဒီပိုးထည်တိုက်၊ Kandawgyi Palace Hotel မှ မန်နေဂျာ ဦးစိန်ဝင်းနှင့်ဝန်ထမ်းများ၊ ဧရာဝတီရိုဗိမာန်အား ပန်းအလှဆင်ပေးပါသော Eternal Flowers၊ မင်္ဂလာဖိတ်စာများ ရိုက်နှိပ်ပေးပါသော Dagon ပုံနှိပ်တိုက်၊ ဤမင်္ဂလာပွဲအခမ်းအနားဖြစ်မြောက်ရေးအတွက် ဝိုင်းဝန်းကူညီပေးခဲ့ပါသော ရန်ကုန်တိုင်းစစ်ဌာနချုပ်မှ အရာရှိ၊ စစ်သည်များ၊ ဆွေမျိုးမိတ်သင်္ဂီဟအပေါင်းနှင့်ကျေးဇူးတင်ထိုက်သူအားလုံးတို့အား လှိုက်လှဲစွာ ကျေးဇူးဥပကာရတင်ရှိပါသည်။

နှစ်ဖက်သောမိဘများနှင့်
ယာယီတပ်ခွဲမှူး(ဗိုလ်မှူး) ဗိုလ်ကြီးဖုန်းဖြိုးဝေ-မအေးခန့်ဘုန်းပြည့်

စေ့စပ်ပွဲနှင့် မော်ကွန်းတင်လက်မှတ်ရေးထိုးပွဲကျေးဇူးတင်လွှာ

ရန်ကုန်မြို့နေ
ဒုတိယဗိုလ်မှူးကြီး သူရဖုန်းစိန်(ငြိမ်း)-ဒေါ်မူမူအေးတို့၏သားလတ်
ယာယီတပ်ခွဲမှူး(ဗိုလ်မှူး)ဗိုလ်ကြီးဖုန်းဖြိုးဝေ
B.C.Sc(DSA)
နှင့်
နေပြည်တော်နေ
ဒုတိယဗိုလ်ချုပ်ကြီးသောင်းအေး(တပ်မတော်စစ်ဆေးရေးအရာရှိချုပ်)-ဒေါ်သင်းမျိုးမျိုးအောင်တို့၏
သမီးကြီး
မအေးခန့်ဘုန်းပြည့်
B.A(Eco)
Director(August Myanmar Co.,Ltd.)

တို့၏ ၁-၂-၂၀၁၅ရက်(စနေနေ့)တွင် နေပြည်တော် Kempinski Hotel ၌ ကျင်းပပြုလုပ်သော စေ့စပ်ပွဲ မင်္ဂလာအခမ်းအနားတွင် နှစ်ဖက်မိဘများကိုယ်စား စေ့စပ်မင်္ဂလာစကားပြောကြားပေးခဲ့ကြပါသော ကာကွယ်ရေးဦးစီးချုပ်(ရေ)ဗိုလ်ချုပ်ကြီးသူရသက်ဆွေ၊ စစ်ရာထူးခန့်ချုပ် ဒုတိယဗိုလ်ချုပ်ကြီးဝင်းမြင့်နှင့် အခမ်းအနားသို့ ကြွရောက်ချီးမြှင့်ပေးခဲ့ပါသော စစ်ဘက်၊ နယ်ဘက်မှ ဂုဏ်သရေရှိလူကြီးမင်းများနှင့် ဆွေမျိုးမိတ်သင်္ဂီဟအပေါင်းတို့အားလည်းကောင်း၊ ၁၈-၂-၂၀၁၅ရက်(ဗုဒ္ဓဟူးနေ့)တွင် နေပြည်တော် Horizon Lake View Resort ၌ ကျင်းပပြုလုပ်ခဲ့သော မင်္ဂလာမော်ကွန်းတင်လက်မှတ်ရေးထိုးပွဲနှင့် မင်္ဂလာဦးအလှူတော်ပွဲတွင် လက်ထပ်ထိမ်းမြားပေးခဲ့ပါသော ပြည်ထောင်စုလွတ်တော်တရားသူကြီး ဦးသာဌေး၊ မင်္ဂလာသြဝါဒဆုံးမစကားပြောကြားပေးပါသော အမျိုးသားလွတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့်၊ သတို့သား၊ သတို့သမီးဘက်မှ အသိသက်သေလက်မှတ်ရေးထိုးပေးခဲ့ပါသော တပ်မတော်လေ့ကျင့်ရေးအရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်၊ စစ်ဥပဒေချုပ် ဒုတိယဗိုလ်ချုပ်ကြီးရဲအောင်၊ အခမ်းအနားမှူး ဦးရန်ကျော်ခေါင်၊ မင်္ဂလာစောင်းဖြင့် တီးခတ်ဖျော်ဖြေပေးပါသော မြဝတီတေးဂီတအဖွဲ့မှ မနန္ဒာဇော်ဝင်းနှင့် မရွှေမိမိအောင်တို့အားလည်းကောင်း၊ မင်္ဂလာဦးအလှူတော်တွင် ပျဉ်းမနားမြို့ကျောင်းတိုက်(၁၀၀)မှ ဆရာတော် ၁၅၅ပါးအား ပင့်ဆောင်ဦးစီးကြွရောက်၍ မင်္ဂလာသြဝါဒတရားဟောကြားပေးတော်မူသော မဟာဝိသုတာရာမ(စျေးကုန်းကျောင်းတိုက်)ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရုဘဒ္ဒန္တကဝိသာရနှင့်တကွ ကြွရောက်ကြည်ညိုကြကုန်သော စစ်ဘက်၊ နယ်ဘက်မှ ဂုဏ်သရေရှိဧည့်ပရိသတ်များ၊ သံဃာတော်များ ပင့်ဆောင်ရေးအတွက် မော်တော်ယာဉ်များ ကူညီစီစဉ်ဆောင်ရွက်ပေးခဲ့ပါသော အမှတ်(၁)မော်တော်ယာဉ်တပ်ရင်းမှ အရာရှိ၊ စစ်သည်များ၊ မင်္ဂလာစားသောက်ဖွယ်ရာများ စီစဉ်ပေးပါသော ရန်နိုင်စားသောက်ဆိုင်နှင့် ရွှေပုစွန်မိသားစုများ၊ ဧည့်ခံကျွေးမွေးရာတွင် စေတနာအပြည့်ဖြင့် ဆောင်ရွက်ပေးခဲ့ပါသော Horizon Lake View Resort မှ မန်နေဂျာ ကိုကျော်ရန်ဂျင်းနှင့်ဝန်ထမ်းများ၊ အခမ်းအနားသို့ ကြွရောက်ချီးမြှင့်ပေးခဲ့ပါသော စစ်ဘက်၊ နယ်ဘက်မှ ဂုဏ်သရေရှိလူကြီးမင်းများ၊ ဆွေမျိုးမိတ်သင်္ဂီဟအပေါင်းနှင့် ကျေးဇူးတင်ထိုက်သူအားလုံးတို့အား လှိုက်လှဲစွာ ကျေးဇူးဥပကာရတင်ရှိပါသည်။

နှစ်ဖက်သောမိဘများနှင့်
ယာယီတပ်ခွဲမှူး(ဗိုလ်မှူး) ဗိုလ်ကြီးဖုန်းဖြိုးဝေ-မအေးခန့်ဘုန်းပြည့်

ကြော်ငြာ

နှစ်ပေါင်း (၇၀) တိုင် Main Stream Media အဖြစ် ရပ်တည်လာခဲ့သော .....

IMAGE DIMENSIONS OF SELECTED CHANNELS

သင့်ရဲ့ တန်ဖိုးမြင့် ထုတ်ကုန်ပစ္စည်းကြော်ငြာတွေကို
(၅၁) သန်းလုံးသောပြည်သူတွေထံ အရောက်ပို့ပေးနိုင်သော .....

နိုင်ငံတကာသုတေသနအဖွဲ့များ၏ လေ့လာတွေ့ရှိချက်အရ
သတင်းအချက်အလက် မှန်ကန်တိကျမှုကို ပရိသတ်တွေရဲ့ ယုံကြည်မှု အမြင့်မားထုံးရှိထားသော .....

တစ်နေ့တည်းသော Nation Wide News Channel

MRTV

နိုင်ငံပိုင်သတင်းစာများမှာ သင့်ရဲ့အရည်အသွေးမြင့် ထုတ်ကုန်ပစ္စည်းတွေကို
ထည့်သွင်းကြော်ငြာခြင်းအားဖြင့်
ရှပ်မြင်သံကြားကြော်ငြာများတွင် ရာနှုန်းပြည့်အလိုက် သက်သာစွာရရှိစေမည့်
Cross Package အစွင့်အလမ်း

သတင်းစာကြော်ငြာ အရွယ်အစား	MRTV တွင် သက်သာမည့်နှုန်းထား	
မျက်နှာပြည့်ကြော်ငြာ (Full Page)	၄၀ %	မည်သည့်ကြော်ငြာ၊ မည်သည့်စက္ကန့်
မျက်နှာဝက်ကြော်ငြာ (Half Page)	၂၀ %	အပေါ်တွင်မဆို
၄ လက်မ * ၄ကော်လံ (Quater Page)	၁၀ %	တစ်ကြိမ်
		လျှောပေါ်ပေးသွားမည်

၂၀၁၅ စုနှစ်၊ စက်တင်လ (၁) ရက်နေ့မှ ဇွန်လ (၃၀) ရက်နေ့ထိသာ

ဥပဒေ

မြန်မာ့ကမ်းရိုးတန်းနှင့် ပြည်တွင်းရေကြောင်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းလုပ်ကိုင်ခွင့်ဥပဒေပြဋ္ဌာန်း

မြန်မာ့ကမ်းရိုးတန်းနှင့် ပြည်တွင်းရေကြောင်းသယ်ယူပို့ဆောင်ရေး လုပ်ငန်းလုပ်ကိုင်ခွင့်ဥပဒေ

(၂၀၁၅ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၁၀။)

၁၃၇၆ခုနှစ်၊ တပေါင်းလပြည့်ကျော် ၁ ရက်

(၂၀၁၅ခုနှစ်၊ မတ်လ ၅ ရက်)

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

အခန်း (၁)

အမည်နှင့် အဓိပ္ပာယ်ဖော်ပြချက်

၁။ ဤဥပဒေကို မြန်မာ့ကမ်းရိုးတန်းနှင့်ပြည်တွင်း ရေကြောင်းသယ်ယူပို့ဆောင်ရေးလုပ်ငန်း လုပ်ကိုင်ခွင့်ဥပဒေဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်-

(က) **နိုင်ငံတော်**ဆိုသည်မှာ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ကို ဆိုသည်။

(ခ) **အစိုးရအဖွဲ့** ဆိုသည်မှာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပြည်ထောင်စုအစိုးရအဖွဲ့ကို ဆိုသည်။

(ဂ) **ဝန်ကြီးဌာန**ဆိုသည်မှာ ပြည်ထောင်စုအစိုးရ ပို့ဆောင်ရေးဝန်ကြီးဌာနကို ဆိုသည်။

(ဃ) **ဦးစီးဌာန** ဆိုသည်မှာ ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှူးဦးစီးဌာနကို ဆိုသည်။

(င) **ကြီးကြပ်ရေးဗဟိုအဖွဲ့** ဆိုသည်မှာ ဤဥပဒေအရ ဖွဲ့စည်းသော မြန်မာ့ကမ်းရိုးတန်းနှင့်ပြည်တွင်းရေကြောင်း သယ်ယူပို့ဆောင်ရေးလုပ်ငန်း ကြီးကြပ်ရေးဗဟိုအဖွဲ့ကို ဆိုသည်။

(စ) **ဒေသဆိုင်ရာကြီးကြပ်ရေးအဖွဲ့**ဆိုသည်မှာ မြန်မာ့ကမ်းရိုးတန်းနှင့် ပြည်တွင်းရေကြောင်း သယ်ယူပို့ဆောင်ရေးလုပ်ငန်းကြီးကြပ်ရေးဗဟိုအဖွဲ့က လွှဲအပ်သည့်လုပ်ငန်းတာဝန်နှင့် လုပ်ပိုင်ခွင့်များကို ကျင့်သုံးဆောင်ရွက်နိုင်ရန်နှင့် မြန်မာ့ကမ်းရိုးတန်းနှင့် ပြည်တွင်းရေကြောင်း သယ်ယူပို့ဆောင်ရေးလုပ်ငန်းများကို ကြီးကြပ်နိုင်ရန် ဤဥပဒေအရ လိုအပ်သော တိုင်းဒေသကြီး၊ ပြည်နယ်၊ ခရိုင်နှင့် မြို့နယ်များတွင် ဖွဲ့စည်းပေးသော ဒေသဆိုင်ရာအဖွဲ့များကို ဆိုသည်။

(ဆ) **မြန်မာ့ကမ်းရိုးတန်း** ဆိုသည်မှာ နိုင်ငံတော်၏ ရေပြင်နယ်နိမိတ်အတွင်းရှိ ကမ်းရိုးတန်းကို ဆိုသည်။

(ဇ) **ပြည်တွင်းရေကြောင်း** ဆိုသည်မှာ နိုင်ငံတော်အတွင်း ရေယာဉ်များ ခုတ်မောင်းသွားလာနိုင်သော ရေလမ်းကြောင်းကိုဆိုသည်။ ယင်းစကားရပ်တွင် ပို့ဆောင်ရေးဝန်ကြီးဌာနက အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် သတ်မှတ်သော အခြားရေလမ်းကြောင်း တစ်ခုခုလည်း ပါဝင်သည်။

(စျ) **လုပ်ငန်းလိုင်စင်** ဆိုသည်မှာ ရေကြောင်းသယ်ယူပို့ဆောင်ရေးလုပ်ငန်း လုပ်ကိုင်ဆောင်ရွက်ရန် ကြီးကြပ်ရေးဗဟိုအဖွဲ့ သို့မဟုတ် ယင်းအဖွဲ့က တာဝန်လွှဲအပ်သည့် ဒေသဆိုင်ရာ ကြီးကြပ်ရေးအဖွဲ့က ထုတ်ပေးသည့် ခွင့်ပြုချက်ကို ဆိုသည်။

(ည) **ရေယာဉ်**ဆိုရာတွင် စီးပွားရေးလုပ်ငန်း အလို့ငှာ ခရီးသည်ကိုဖြစ်စေ၊ ကုန်စည်ကိုဖြစ်စေ၊ခရီးသည်နှင့် ကုန်စည်နှစ်မျိုးလုံးကိုဖြစ်စေ ရေကြောင်း၌ သယ်ယူပို့ဆောင်ရေးအတွက် အသုံးပြုသော စက်တပ်ရေယာဉ် သို့မဟုတ် စက်မဲ့ရေယာဉ်တစ်မျိုးမျိုး ပါဝင်သည်။

(ဋ) **ရေကြောင်းသယ်ယူပို့ဆောင်ရေးလုပ်ငန်း** ဆိုသည်မှာ မြန်မာ့ကမ်းရိုးတန်း၌ ဖြစ်စေ၊ ပြည်တွင်းရေကြောင်း၌ ဖြစ်စေ စီးပွားရေးအလို့ငှာ ခရီးသည်၊ ကုန်စည် သို့မဟုတ် ခရီးသည်နှင့် ကုန်စည်နှစ်မျိုးလုံးကို ရေယာဉ်ဖြင့် သယ်ယူပို့ဆောင်သည့်လုပ်ငန်းကိုဆိုသည်။ ယင်းစကားရပ်တွင် ရေယာဉ်ဖြင့် လုပ်ကိုင်သော အခြားလုပ်ငန်းတစ်ခုခုလည်း ပါဝင်သည်။

(ဌ) **မြန်မာ့ကမ်းရိုးတန်းနှင့် ပြည်တွင်းရေကြောင်း သယ်ယူပို့ဆောင်ရေးလုပ်ငန်း**ဆိုသည်မှာ မြန်မာ့ကမ်းရိုးတန်း ရေကြောင်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းနှင့် ပြည်တွင်းရေကြောင်း သယ်ယူပို့ဆောင်ရေးလုပ်ငန်းတို့ကို ဆိုသည်။

အခန်း (၂)

ရည်ရွယ်ချက်များ

၃။ ဤဥပဒေ၏ ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) ဒေသတွင်းနိုင်ငံများ၊ အိမ်နီးချင်းနိုင်ငံများနှင့်သော်လည်းကောင်း၊ ဒေသတွင်းဖွဲ့စည်းထားသည့် အဖွဲ့အစည်းများနှင့်သော်လည်းကောင်း ချုပ်ဆိုထားသောရေကြောင်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းများနှင့် သက်ဆိုင်သည့် သဘောတူစာချုပ်များကို အကောင်အထည်ဖော်ဆောင်ရွက်ရန်၊

(ခ) ရေကြောင်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းဆိုင်ရာ မူဝါဒများ ချမှတ်ဆောင်ရွက်နိုင်ရန်၊

(ဂ) မြန်မာ့ကမ်းရိုးတန်းနှင့် ပြည်တွင်းရေကြောင်းတွင် ခရီးသည်နှင့် ကုန်စည်ပို့ဆောင်ရေးလုပ်ငန်းများကို သတ်မှတ်ချက်များနှင့်အညီ စနစ်တကျ ဆောင်ရွက်စေရန်။

အခန်း (၃)

ကြီးကြပ်ရေးဗဟိုအဖွဲ့ ဖွဲ့စည်းခြင်း

၄။ ဝန်ကြီးဌာနသည် ရေကြောင်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းကို ကြီးကြပ်ရန် အောက်ပါပုဂ္ဂိုလ်များ ပါဝင်သော ကြီးကြပ်ရေးဗဟိုအဖွဲ့ကို အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ဖွဲ့စည်းရမည်-

(က) ဒုတိယဝန်ကြီး ဥက္ကဋ္ဌ
ပို့ဆောင်ရေးဝန်ကြီးဌာန

(ခ) ညွှန်ကြားရေးမှူးချုပ် အဖွဲ့ဝင်
ပို့ဆောင်ရေးဦးစီးဌာန

(ဂ) ညွှန်ကြားရေးမှူးချုပ် အဖွဲ့ဝင်
ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ
ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန

(ဃ) ညွှန်ကြားရေးမှူးချုပ် အဖွဲ့ဝင်
အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန

(င) ဦးဆောင်ညွှန်ကြားရေးမှူး အဖွဲ့ဝင်
မြန်မာ့ဆိပ်ကမ်းအာဏာပိုင်

(စ) ဦးဆောင်ညွှန်ကြားရေးမှူး အဖွဲ့ဝင်
ပြည်တွင်းရေကြောင်းပို့ဆောင်ရေး

(ဆ) ဦးဆောင်ညွှန်ကြားရေးမှူး အဖွဲ့ဝင်
မြန်မာ့သင်္ဘောကျင်းလုပ်ငန်း

(ဇ) တပ်ဖွဲ့မှူး၊ ရေကြောင်းရဲတပ်ဖွဲ့၊ အဖွဲ့ဝင်
မြန်မာနိုင်ငံရဲတပ်ဖွဲ့

(စျ) အခြားသင့်လျော်သော ပုဂ္ဂိုလ်နှစ်ဦး အဖွဲ့ဝင်

(ည) ညွှန်ကြားရေးမှူးချုပ် အတွင်းရေးမှူး
ရေကြောင်းပို့ဆောင်ရေး
ညွှန်ကြားမှူးဦးစီးဌာန

၅။ ဝန်ကြီးဌာနသည် -

(က) ပုဒ်မ ၄ အရ ဖွဲ့စည်းရာတွင် လိုအပ်ပါက ဒုတိယဥက္ကဋ္ဌနှင့် တွဲဖက်အတွင်းရေးမှူးတို့ကိုလည်း သတ်မှတ်ပေးနိုင်သည်။

(ခ) ပုဒ်မ ၄ အရ ဖွဲ့စည်းထားသော ကြီးကြပ်ရေးဗဟိုအဖွဲ့ကို လိုအပ်ပါက အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ပြင်ဆင်ဖွဲ့စည်းနိုင်သည်။

အခန်း (၄)

ကြီးကြပ်ရေးဗဟိုအဖွဲ့၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များ

၆။ ကြီးကြပ်ရေးဗဟိုအဖွဲ့၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) ဒေသတွင်းနိုင်ငံများ၊ အိမ်နီးချင်းနိုင်ငံများနှင့် သော်လည်းကောင်း၊ ဒေသတွင်းအဖွဲ့အစည်းများနှင့် သော်လည်းကောင်း ချုပ်ဆိုထားသော ရေကြောင်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းများနှင့် သက်ဆိုင်သည့် သဘောတူစာချုပ်များကို အကောင်အထည်ဖော်ဆောင်ရွက်ခြင်း၊

(ခ) လုပ်ငန်းလိုင်စင် လျှောက်ထားခြင်းနှင့်စပ်လျဉ်း၍ သတ်မှတ်သည့် လုပ်ငန်းလိုင်စင်အမျိုးအစားအလိုက် လုပ်ငန်းလိုင်စင်ထုတ်ပေးရန် ခွင့်ပြုခြင်း၊ သက်ဆိုင်သည့်ခရီးစဉ်နှင့်နယ်မြေသတ်မှတ်၍ လုပ်ငန်းလိုင်စင်ထုတ်ပေးခြင်း၊ လုပ်ငန်းလိုင်စင် သက်တမ်းတိုးမြှင့်ခြင်း၊ လုပ်ငန်းလိုင်စင်ပါ လုပ်ငန်းပြောင်းလဲခြင်း၊ ပြင်ဆင်ခြင်း၊ ကာလသတ်မှတ်၍ လုပ်ငန်းလိုင်စင် ရပ်ဆိုင်းခြင်း၊ ပယ်ဖျက်ခြင်းနှင့် အခကြေးငွေများ စည်းကြပ်ကောက်ခံခြင်း၊

(ဂ) ပုဒ်မခွဲ(ခ)ပါ လုပ်ငန်းတာဝန်နှင့် လုပ်ပိုင်ခွင့်များကို ဒေသဆိုင်ရာကြီးကြပ်ရေးအဖွဲ့များသို့ လွှဲအပ်ခြင်း၊

(ဃ) လုပ်ငန်းလိုင်စင်စည်းကမ်းချက်များသတ်မှတ်ခြင်း၊

(င) မိမိ၏လုပ်ငန်းတာဝန်များ ဆောင်ရွက်ရာတွင် အထောက်အကူပြုရန် ဝန်ထမ်းဖွဲ့စည်းပုံနှင့်အညီ ရုံးအဖွဲ့ကို ဖွဲ့စည်းပြီး လိုအပ်သည့် အရာထမ်းအမှုထမ်းများ ခန့်အပ်တာဝန်ပေးခြင်း၊

(စ) လိုအပ်ချက်ရှိပါက ရေယာဉ်များကို ရပ်တန့်၍ သတ်မှတ်ချက်များနှင့် ညီညွတ်ခြင်းရှိ မရှိ စစ်ဆေးခြင်း၊ လိုအပ်သည့် စာရွက်စာတမ်း အထောက်အထားစသည်တို့ကို စိစစ်သိမ်းဆည်းခြင်းပြုရန်အတွက် သက်ဆိုင်ရာဌာနများနှင့် ပေါင်းစပ်ညှိနှိုင်းပေးခြင်း၊

(ဆ) ဤဥပဒေနှင့် ဤဥပဒေအရပြုသည့် နည်းဥပဒေများ၊ အမိန့်နှင့် ညွှန်ကြားချက်များပါ တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်သောရေယာဉ်ကို တားဆီးခြင်းနှင့် ရေယာဉ်အား ယာယီထိန်းသိမ်းခြင်းတို့ကို သက်ဆိုင်ရာဌာနများနှင့် ပေါင်းစပ်ဆောင်ရွက်ခြင်း၊

(ဇ) ဝန်ကြီးဌာနက အခါအားလျော်စွာ ပေးအပ်သည့် ရေကြောင်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းနှင့်စပ်လျဉ်းသည့် တာဝန်များကို ထမ်းဆောင်ခြင်း။

၇။ ကြီးကြပ်ရေးဗဟိုအဖွဲ့သည် မိမိ၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များကို ကျင့်သုံးဆောင်ရွက်ရာတွင် လိုအပ်ပါက ဦးစီးဌာနကို တာဝန်နှင့်လုပ်ပိုင်ခွင့်များ သတ်မှတ်၍ လွှဲအပ်တာဝန်ပေးနိုင်သည်။

အခန်း (၅)

ဒေသဆိုင်ရာကြီးကြပ်ရေးအဖွဲ့များ ဖွဲ့စည်းခြင်းနှင့် လုပ်ငန်းတာဝန်များ

၈။ ကြီးကြပ်ရေးဗဟိုအဖွဲ့သည် လိုအပ်သော တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်၊ ခရိုင်နှင့် မြို့နယ်များတွင် မြန်မာ့ကမ်းရိုးတန်းနှင့် ပြည်တွင်းရေကြောင်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းကို ကြီးကြပ်နိုင်ရန် သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့များနှင့် ညှိနှိုင်းပြီး ရေကြောင်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းနှင့် ဆက်စပ်သည့် အစိုးရဌာန၊ အဖွဲ့အစည်းများမှ သင့်လျော်သော ပုဂ္ဂိုလ်များဖြင့် ဒေသဆိုင်ရာ ကြီးကြပ်ရေးအဖွဲ့များကို ဖွဲ့စည်းနိုင်သည်။

၉။ ဒေသဆိုင်ရာ ကြီးကြပ်ရေးအဖွဲ့များသည် ကြီးကြပ်ရေးဗဟိုအဖွဲ့က အခါအားလျော်စွာလွှဲအပ်သည့် လုပ်ငန်းတာဝန်များကို အကောင်အထည်ဖော်ဆောင်ရွက်ရမည်။ ယင်းသို့ဆောင်ရွက်ရာတွင် လိုအပ်ပါက တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့၏ သဘောတူညီချက်ရယူ၍ ခရိုင်သို့မဟုတ် မြို့နယ်များတွင် သင့်လျော်သော ပုဂ္ဂိုလ်များဖြင့် ရေကြောင်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းဆိုင်ရာ ကြီးကြပ်ရေးအဖွဲ့များ ဖွဲ့စည်းဆောင်ရွက်စေနိုင်သည်။

၁၀။ ဒေသဆိုင်ရာ ကြီးကြပ်ရေးအဖွဲ့များသည် မိမိတို့ဆောင်ရွက်ချက်များနှင့်စပ်လျဉ်း၍ ကြီးကြပ်ရေးဗဟိုအဖွဲ့သို့ သတ်မှတ်ချက်များနှင့်အညီ အစီရင်ခံရမည်။

အခန်း (၆)

မြန်မာ့ကမ်းရိုးတန်းနှင့် ပြည်တွင်းရေကြောင်း သယ်ယူပို့ဆောင်ရေးလုပ်ငန်း လုပ်ကိုင်ခွင့်

၁၁။ ရေကြောင်းသယ်ယူပို့ဆောင်ရေး လုပ်ငန်းတစ်ခုခုကို ဖြစ်စေ၊ အားလုံးကိုဖြစ်စေ လုပ်ကိုင်လိုသူသည် သက်ဆိုင်သည့် ဒေသဆိုင်ရာ ကြီးကြပ်ရေးအဖွဲ့သို့ လုပ်ငန်းလိုင်စင်ရရှိရန် သတ်မှတ်ချက်များနှင့်အညီ လျှောက်ထားရမည်။

၁၂။ ပုဒ်မ ၁၁ အရ လျှောက်ထားချက်ကိုရရှိသည့် ဒေသဆိုင်ရာ ကြီးကြပ်ရေးအဖွဲ့များသည်-

(က) ကြီးကြပ်ရေးဗဟိုအဖွဲ့က သတ်မှတ်ထားသည့် ရေယာဉ်အမျိုးအစားအလိုက် မိမိတို့လုပ်ငန်းလိုင်စင် ထုတ်ပေးနိုင်ခွင့်ရှိသော ရေယာဉ်အမျိုးအစားဖြစ်ပါက သတ်မှတ်ချက်များနှင့်အညီ စိစစ်ပြီး လုပ်ငန်းလိုင်စင်ထုတ်ပေးရန် ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်းပြုနိုင်သည်။

(ခ) ပုဒ်မခွဲ (က)အရ ခွင့်ပြုပါက နောင့်နှေးကြန့်ကြာမှု မရှိစေဘဲ လုပ်ငန်းအမျိုးအစားအလိုက် စည်းကမ်းချက်များ သတ်မှတ်၍ လုပ်ငန်းလိုင်စင်ကို ထုတ်ပေးရမည်။

(ဂ) မိမိတို့အဖွဲ့က လုပ်ငန်းလိုင်စင် ထုတ်ပေးနိုင်ခွင့်ရှိသော ရေယာဉ်အမျိုးအစား မဟုတ်ပါက ကြီးကြပ်ရေးဗဟိုအဖွဲ့သို့ ဆက်လက်တင်ပြရမည်။

၁၃။ ကြီးကြပ်ရေးဗဟိုအဖွဲ့သည် ပုဒ်မ ၁၂ ပုဒ်မခွဲ (ဂ) အရ တင်ပြချက်ကို ရရှိသည့်အခါ သတ်မှတ်ချက်များနှင့်အညီ စိစစ်ပြီး -

(က) လုပ်ငန်းလိုင်စင်ထုတ်ပေးရန် ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်း ပြုနိုင်သည်။

(ခ) ပုဒ်မခွဲ (က)အရ ခွင့်ပြုပါက သက်ဆိုင်သည့် ဒေသဆိုင်ရာ ကြီးကြပ်ရေးအဖွဲ့မှတစ်ဆင့်လျှောက်ထားသူအား လုပ်ငန်းအမျိုးအစားအလိုက် စည်းကမ်းချက်များသတ်မှတ်၍ လုပ်ငန်းလိုင်စင်ကို ထုတ်ပေးရမည်။

၁၄။ လုပ်ငန်းလိုင်စင်ရရှိသူသည် -

(က) သတ်မှတ်ထားသော လုပ်ငန်းလိုင်စင်ခကို ကြီးကြပ်ရေး ဗဟိုအဖွဲ့ သို့မဟုတ် သက်ဆိုင်သည့်ဒေသဆိုင်ရာကြီးကြပ်ရေးအဖွဲ့သို့ ပေးသွင်းရမည်။

(ခ) လုပ်ငန်းလိုင်စင် အမျိုးအစားအလိုက် သတ်မှတ်ထားသော စည်းကမ်းချက်များကို လိုက်နာရမည်။

(ဂ) လုပ်ငန်းလိုင်စင် သက်တမ်းကုန်ဆုံးပြီးနောက် ရေကြောင်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းကို ဆက်လက်၍ လုပ်ကိုင်လိုပါက လိုင်စင်သက်တမ်းတိုးမြှင့်ပေးရန် သတ်မှတ်ချက်များနှင့်အညီ လျှောက်ထားရမည်။

၁၅။ ဝန်ကြီးဌာနသည် -

(က) အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ရေကြောင်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းကိုလုပ်ကိုင်သော အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းပိုင် ရေယာဉ်များအား လုပ်ငန်းလိုင်စင်ရယူခြင်းနှင့်စပ်လျဉ်း၍ ကင်းလွတ်ခွင့်ပြုနိုင်သည်။

(ခ) ယင်းသို့ ကင်းလွတ်ခွင့်ပြုကြောင်းကို အမိန့်ကြော်ငြာစာဖြင့် ထုတ်ပြန်ရမည်။

၁၆။ ဤဥပဒေအာဏာတည်သည့်နေ့ရက်တွင် မြန်မာ့ကမ်းရိုးတန်း ရေကြောင်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းကို ၁၉၅၄ ခုနှစ်၊ သင်္ဘောသွားလာမှုအုပ်ချုပ်ရေး အက်ဥပဒေအရ လိုင်စင်ဖြင့် လုပ်ကိုင်နေသူသည် လည်းကောင်း၊ ပြည်တွင်းရေကြောင်း သယ်ယူပို့ဆောင်ရေးလုပ်ငန်းကို ၁၉၆၃ ခုနှစ်၊ ကုန်းလမ်းနှင့် ပြည်တွင်းရေကြောင်း သယ်ယူပို့ဆောင်ရေးလုပ်ငန်းများဥပဒေအရ လိုင်စင်ဖြင့်လုပ်ကိုင်နေသူသည် လည်းကောင်း အဆိုပါ လိုင်စင်သက်တမ်းကုန်ဆုံးပြီးနောက် ဆက်လက်လုပ်ကိုင်လိုပါက သတ်မှတ်ပေးသည့်ကာလအတွင်း ပုဒ်မ ၁၁ နှင့်အညီ လုပ်ငန်းလိုင်စင် လျှောက်ထားရမည်။

စာမျက်နှာ ၁၆ သို့

ဥပဒေ

စာမျက်နှာ ၁၅ မှ

အခန်း (၇)

စီမံခန့်ခွဲရေးဆိုင်ရာ အရေးယူဆောင်ရွက်မှု

၁၇။ ကြီးကြပ်ရေးဗဟိုအဖွဲ့ သို့မဟုတ် ဒေသဆိုင်ရာကြီးကြပ်ရေးအဖွဲ့သည် မိမိထုတ်ပေးထားသည့်လုပ်ငန်းလိုင်စင်ရရှိသူက ဤဥပဒေအရပြုသည့် နည်းဥပဒေများ၊ အမိန့် သို့မဟုတ် ညွှန်ကြားချက်တစ်ခုခုကို ဖြစ်စေ၊ လုပ်ငန်းလိုင်စင်ပါ စည်းကမ်းချက်တစ်ခုခုကိုဖြစ်စေ လိုက်နာရန် ပျက်ကွက်လျှင် ထိုသူအား အောက်ပါစီမံခန့်ခွဲရေးဆိုင်ရာ အရေးယူဆောင်ရွက်မှုတစ်ခုခုကို ပြုလုပ်နိုင်သည်-

(က) သတိပေးပြီး သတ်မှတ်ထားသော ဒဏ်ကြေးကို ပေးဆောင်စေခြင်း၊

(ခ) လုပ်ငန်းလိုင်စင်ကို ကာလသတ်မှတ်၍ ရပ်ဆိုင်းခြင်း၊

(ဂ) လုပ်ငန်းလိုင်စင်ကို ပယ်ဖျက်ခြင်း။

အခန်း (၈)

အယူခံခြင်း

၁၈။ ဒေသဆိုင်ရာ ကြီးကြပ်ရေးအဖွဲ့က ပုဒ်မ ၁၇ အရပြုလုပ်သည့် စီမံခန့်ခွဲရေးဆိုင်ရာ အရေးယူဆောင်ရွက်မှုတစ်ခုခုကို မကျေနပ်သူသည် အရေးယူဆောင်ရွက်သည့်နေ့မှ ရက်ပေါင်း ၆၀ အတွင်း ကြီးကြပ်ရေးဗဟိုအဖွဲ့သို့ အယူခံနိုင်သည်။

၁၉။ ကြီးကြပ်ရေးဗဟိုအဖွဲ့သည် ပုဒ်မ ၁၈ အရ အယူခံခြင်းကို စိစစ်ပြီး ဒေသဆိုင်ရာ ကြီးကြပ်ရေးအဖွဲ့၏ အရေးယူဆောင်ရွက်မှုကို အတည်ပြုခြင်း၊ ပယ်ဖျက်ခြင်း သို့မဟုတ် ပြင်ဆင်ခြင်းပြုနိုင်သည်။

၂၀။ ကြီးကြပ်ရေးဗဟိုအဖွဲ့က ပုဒ်မ ၁၇ အရ ပြုလုပ်သည့် စီမံခန့်ခွဲရေးဆိုင်ရာ အရေးယူဆောင်ရွက်မှုတစ်ခုခုကို မကျေနပ်သူသည် အရေးယူဆောင်ရွက်သည့်နေ့မှရက်ပေါင်း ၆၀ အတွင်း ဝန်ကြီးဌာနသို့ အယူခံနိုင်သည်။

၂၁။ (က) ဝန်ကြီးဌာနသည် ပုဒ်မ ၂၀အရ အယူခံခြင်းကို စိစစ်ပြီး ကြီးကြပ်ရေးဗဟိုအဖွဲ့၏ အရေးယူဆောင်ရွက်မှုကို အတည်ပြုခြင်း၊ ပယ်ဖျက်ခြင်း သို့မဟုတ် ပြင်ဆင်ခြင်းပြုနိုင်သည်။

(ခ) ဝန်ကြီးဌာန၏ ဆုံးဖြတ်ချက်သည် အပြီးအပြတ် အတည်ဖြစ်သည်။

အခန်း (၉)

တားမြစ်ချက်နှင့်ပြစ်ဒဏ်

၂၂။ မည်သူမျှ လုပ်ငန်းလိုင်စင်မရှိဘဲ ရေကြောင်းသယ်ယူပို့ဆောင်ရေး လုပ်ငန်းလုပ်ကိုင်ခြင်း သို့မဟုတ် လုပ်ကိုင်စေခြင်း မပြုရ။

၂၃။ (က) မည်သူမဆိုပုဒ်မ ၂၂ ပါ တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ခြောက်လထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်ငါးသိန်းထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ခြင်းခံရမည်။

(ခ) ပုဒ်မခွဲ (က) ပါ ပြစ်မှုကို ထပ်မံကျူးလွန်လျှင် ထိုသူကို ခြောက်လထက်မပိုသောထောင်ဒဏ်ချမှတ်ရမည်။ ထို့ပြင် ကျပ်တစ်ဆယ်သိန်းထက်မပိုသော ငွေဒဏ်လည်းချမှတ်ရမည်။

အခန်း (၁၀)

အထွေထွေ

၂၄။ ဝန်ကြီးဌာနသည် -

(က) ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် လုပ်ငန်းလိုင်စင် အမျိုးအစားအလိုက်လုပ်ငန်းလိုင်စင်ကြေး၊ လုပ်ငန်းလိုင်စင် သက်တမ်းတိုးမြှင့်ခ၊ ရက်လွန်ကြေး၊ ဒဏ်ကြေးနှင့် အခြားအခကြေးငွေများကို သတ်မှတ်ထားရမည်။

(ခ) လုပ်ငန်းလိုင်စင် အမျိုးအစားအလိုက် လုပ်ငန်းလိုင်စင်သက်တမ်းနှင့် စည်းကမ်းချက်များကို သတ်မှတ်ရမည်။

၂၅။ ဤဥပဒေပါ ပြစ်မှုများကို ရဲအရေးယူပိုင်ခွင့်ရှိသော ပြစ်မှုများအဖြစ် သတ်မှတ်သည်။

၂၆။ ဤဥပဒေအရ တရားစွဲဆိုတင်ပို့ထားသော ပြစ်မှုတစ်ရပ်ရပ်နှင့် သက်ဆိုင်သည့် သက်သေခံ ပစ္စည်းသည် တရားရုံးရှေ့သို့ တင်ပို့ရန်မလွယ်ကူသောပစ္စည်းဖြစ်ပါက ယင်းသက်သေခံပစ္စည်းကို တရားရုံးရှေ့သို့ တင်ပို့ရန်မလိုဘဲ မည်ကဲ့သို့ထိန်းသိမ်းထားကြောင်း အစီရင်ခံစာ သို့မဟုတ် သက်ဆိုင်ရာအခြားစာရွက်စာတမ်းအထောက်အထားများဖြင့် တင်ပြနိုင်သည်။ ယင်းသို့ တင်ပြခြင်းကိုတရားရုံးရှေ့သို့ သက်သေခံပစ္စည်း တင်ပြဘိသကဲ့သို့ မှတ်ယူကာ သက်ဆိုင်ရာတရားရုံးက ဥပဒေနှင့်အညီ စီမံခန့်ခွဲသည့် အမိန့်ချမှတ်ရမည်။

၂၇။ ဤဥပဒေ ပုဒ်မ ၂၂ ပါ တားမြစ်ချက်သည် ဖျားနာသော သို့မဟုတ် ထိခိုက်ဒဏ်ရာရသောသူများအား သယ်ဆောင်ခြင်း၊ ဘေးအန္တရာယ် တစ်စုံတစ်ရာကျရောက်မှုမှ ကယ်ဆယ်ရန် အစားအစာ၊ ဝတ္ထုပစ္စည်း သို့မဟုတ် ဆေးဝါးများသယ်ယူပို့ဆောင်ခြင်းနှင့် အရေးတကြီး လိုအပ်၍ရေယာဉ်ကို အသုံးပြုခြင်းတို့နှင့် သက်ဆိုင်ခြင်းမရှိစေရ။

၂၈။ ကြီးကြပ်ရေးဗဟိုအဖွဲ့နှင့် ဒေသဆိုင်ရာကြီးကြပ်ရေးအဖွဲ့များသည် ဤဥပဒေအရ ရရန်ရှိသော အခကြေးငွေများနှင့် ဒဏ်ကြေးများအား ပေးဆောင်ရန် ပျက်ကွက်သူထံမှ တည်ဆဲအခွန်အခဆိုင်ရာ ဥပဒေများနှင့်အညီ အရကောက်ခံရမည်။

၂၉။ နိုင်ငံ၀နထမ်းမဟုတ်သော ကြီးကြပ်ရေးဗဟိုအဖွဲ့ဝင်နှင့်ဒေသဆိုင်ရာ ကြီးကြပ်ရေးအဖွဲ့ဝင်များသည် ဤဥပဒေအရ ပေးအပ်သော လုပ်ငန်းတာဝန်များကို ထမ်းဆောင်နေချိန်တွင်ရာဇသတ်ကြီး ပုဒ်မ ၂၁ အရ ပြည်သူ့ဝန်ထမ်းဖြစ်သည်ဟု မှတ်ယူရမည်။

၃၀။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် -

(က) ဝန်ကြီးဌာနသည် လိုအပ်သော နည်းဥပဒေများ၊ စည်းမျဉ်းနှင့် စည်းကမ်းများကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။

(ခ) ဝန်ကြီးဌာနနှင့် ကြီးကြပ်ရေးဗဟိုအဖွဲ့တို့သည် လိုအပ်သော အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

(ဂ) ဦးစီးဌာနသည် လိုအပ်သော အမိန့်နှင့် ညွှန်ကြားချက်များကို ထုတ်ပြန်နိုင်သည်။

၃၁။ သင်္ဘောသွားလာမှုအုပ်ချုပ်ရေး အက်ဥပဒေ (၁၉၅၄ ခုနှစ်၊ အက်ဥပဒေအမှတ် ၂၀) ကို ဤဥပဒေဖြင့် ရုပ်သိမ်းလိုက်သည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

(ဝုံ) သိန်းစိန်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး လက်တွေ့ မီးငြိမ်းသတ်သရုပ်ပြ

ထားဝယ် မတ် ၇

တနင်္သာရီတိုင်းဒေသကြီး ထားဝယ်ခရိုင် သရက်ချောင်းမြို့နယ်တွင် မြန်မာ့ရေနံထွက်ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်း သိုလှောင်ဖြန့်ဖြူးရေးဌာနခွဲ (က-အဆင့်)နှင့် တိုင်းဒေသကြီးမီးသတ်ဦးစီးဌာနတို့ပူးပေါင်း၍ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး လုပ်ငန်းစဉ်အနေဖြင့်ရေနံထွက်ပစ္စည်းများ စနစ်တကျကိုင်တွယ်ထိန်းသိမ်းခြင်း (Handling Process) နှင့် လက်တွေ့ မီးငြိမ်းသတ် သရုပ်ပြပွဲအခမ်းအနားကို မတ် ၅ ရက်က အဆိုပါ သိုလှောင်ဖြန့်ဖြူးရေးဌာနခွဲ၌ ကျင်းပသည်။

အခမ်းအနားတွင် သိုလှောင်ဖြန့်ဖြူးရေးဌာနခွဲ မန်နေဂျာ ဦးအောင်နိုင်က Handling Process နှင့် ပတ်သက်၍ ရှင်းလင်းပြောကြားပြီး တိုင်းဒေသကြီးမီးသတ်ဦးစီးမှူး ရဲသူရိန်ခင်မောင်ရီက မီးလောင်မှုဖြစ်ပွားရခြင်းအကြောင်းအရင်းများ၊ မီးငြိမ်းသတ်ခြင်းဆိုင်ရာ နည်းစနစ်များနှင့် မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရာတွင် လိုက်နာရမည့်အချက်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ သိုလှောင်ဖြန့်ဖြူးရေးဌာနခွဲဝင်းအတွင်း မီးဘေးကြိုတင်တားဆီးရေး အစီအမံများကို ကြည့်ရှုစစ်ဆေးပြီး မီးသတ်ဆေးဘူး၊ မီးသတ်ယာဉ်များဖြင့် မီးငြိမ်းသတ်ခြင်းကို လက်တွေ့သရုပ်ပြဆောင်ရွက်ခဲ့ကြောင်း သိရသည်။

(ခရိုင် ပြန်/ဆက်)

ကျေးရွာပေါင်း ၃၀ ကို ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်မည်

ညောင်ဦး မတ် ၇

ညောင်ဦးတွင် ကျေးရွာများ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် ပြည်ထောင်စုလွှတ်တော်ဆိုင်ရာဖွံ့ဖြိုးရေး ရန်ပုံငွေကျပ် သိန်း ၁၀၀၀ ကို သက်ဆိုင်ရာ ကျေးရွာများအား ပေးအပ်ပွဲကို မတ် ၅ ရက်က ညောင်ဦးမြို့ အနော်ရထာခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ ဖွံ့ဖြိုးရေးရန်ပုံငွေကို နိုင်ငံအတွင်း မြို့နယ်ပေါင်း ၃၃၀ ကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများတွင် အသုံးပြုနိုင်ရန်အတွက် တစ်မြို့နယ်လျှင် ငွေကျပ် သိန်းတစ်ထောင်စီခွဲ၍ပြုချထားပေးခဲ့ခြင်းဖြစ်ကြောင်း၊ ယခုရရှိသည့် ဖွံ့ဖြိုးရေးရန်ပုံငွေမှာ ဒုတိယအကြိမ်ဖြစ်ပြီး ပထမအကြိမ်က ကျေးရွာပေါင်း ၄၅ ရွာကို ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ပေးနိုင်ခဲ့ပြီး ရန်ပုံငွေများကို မြို့နယ်အတွင်းရှိ အမှန်တကယ်လိုအပ်လျက်ရှိသည့် ကျေးရွာများကို ခွဲဝေချထားပေးခြင်းဖြစ်ကြောင်း၊ ယခု ဒုတိယအကြိမ်ရရှိသည့် ရန်ပုံငွေဖြင့် ကျေးရွာပေါင်း ၃၀ ကို ဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်နိုင်တော့မည်ဖြစ်ရာ ကျေးရွာအထောက်အကူပြု ကော်မတီဝင်များနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ကြမည့် ကျေးရွာများမှ လုပ်ငန်းကော်မတီဝင်များအနေဖြင့် နိုင်ငံတော်၏ စေတနာကို တုံ့ပြန်နားလည်သောအားဖြင့် လုပ်ငန်းများ အောင်မြင်အောင် စေတနာထား ဆောင်ရွက်ကြစေလိုကြောင်း ခရိုင်အုပ်ချုပ်ရေးမှူး ဦးတင်ထူးမောင်က ပြောကြားကြောင်း သိရသည်။ **ရဲသူရအောင်(ညောင်ဦး)**

ကျွန်းလှမြို့နယ်၌ ငါးမျိုးစိုက်ထည့်ပွဲကျင်းပ

ကျွန်းလှ မတ် ၇

ဒေသဖွံ့ဖြိုးရေး/ဆင်းရဲမှုလျှော့ချရေး သားငါးကဏ္ဍဖွံ့ဖြိုးတိုးတက်စေရန်ရည်ရွယ်၍ စစ်ကိုင်းတိုင်းဒေသကြီး ကျွန်းလှမြို့နယ် သဖန်းဆိပ်ဆည်အတွင်း ငါးမျိုးစိုက်ထည့်ပွဲ အခမ်းအနားကို မတ် ၅ ရက်က အကူရေပိုလွှဲအနီးတွင် ကျင်းပကြောင်း သိရသည်။ ယခင်နှစ်ကသဖန်းဆိပ်ဆည်အတွင်း ငါးမျိုး ငါးသိန်းစိုက်ထည့်ခဲ့ပြီး ယခုနှစ်တွင် ငါးသန်အုပ်စုဖြစ်သော ရွှေဝါငါးကြင်း၊ ငါးမြစ်ချင်း၊ ထိုင်ဝမ်ငါးခုံးမ၊ တီလားပီးယားငါးမျိုး ခြောက်သိန်းစိုက်ထည့်မည် ဖြစ်ကြောင်း ကန့်ဘလူမြို့နယ် ငါးလုပ်ငန်းဦးစီးဌာန ဦးစီးမှူး ဦးတင်ဦးက ပြောကြားသည်။

အဆိုပါ အခမ်းအနားတွင် တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးသင်းလှိုင်က အမှာစကားပြောကြားပြီး ငါးလုပ်ငန်းဦးစီးဌာန တိုင်းဦးစီးမှူး ဦးတင်ထွန်းလင်းက ငါးမျိုးစိုက်ထည့်ရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြီး တိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီး ဦးတင်လှိုင်မြင့်၊ တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများက သဖန်း ဆိပ်ဆည်အတွင်း ငါးမျိုးများ စိုက်ထည့်ပေးကြသည်။

မျိုးဝင်းညို(ကျွန်းလှ)

ရွှေးကောက်ပွဲဆိုင်ရာ လုံခြုံရေးအသိပညာထပ်ဆင့်ရှင်းလင်း

နေပြည်တော် မတ် ၇

နေပြည်တော်ကောင်စီနယ်မြေ ဥတ္တရသီရိမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန စုပေါင်းရုံးအစည်းအဝေးခန်းမ၌ မတ် ၅ ရက်က ၂၀၁၅ ခုနှစ် ရွေးကောက်ပွဲဆိုင်ရာ လုံခြုံရေးအသိပညာပေး ထပ်ဆင့်ရှင်းလင်းပွဲကျင်းပသည်။

ရှေးဦးစွာ မြို့နယ်ရဲတပ်ဖွဲ့မှူးရဲမှူးအောင်သန်းက ၂၀၁၅ ခုနှစ်အတွင်း အထွေထွေရွေးကောက်ပွဲကို တစ်နိုင်ငံလုံး ပြုလုပ်သွားမည်ဖြစ်ရာ မြန်မာနိုင်ငံရဲတပ်ဖွဲ့အနေဖြင့် ရွေးကောက်ပွဲဆိုင်ရာ လုံခြုံရေးကိစ္စများကို ဘက်လိုက်မှုကင်းရှင်းစေရန်နှင့် ကြံ့တွေ့ရမည့်ကိစ္စရပ်များကို ကြိုတင်လေ့လာဆောင်ရွက်မှုများ ပြုလုပ်ထားရန်မှာကြားရှင်းလင်းသည်။ ဆက်လက်၍ မြို့နယ်ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးသိန်းဇော်က ရွေးကောက်ပွဲဆိုင်ရာ ဥပဒေ၊ နည်းဥပဒေများအကြောင်းကို အသေးစိတ် ထပ်ဆင့်ရှင်းလင်းခဲ့သည်။

အဆိုပါ အခမ်းအနားသို့ မြို့နယ်အတွင်းရှိ ကော်မရှင်အဖွဲ့ဝင်များ၊ ဥတ္တရသီရိမြို့နယ် ရဲတပ်ဖွဲ့အတွင်းရှိ မြို့နယ်ရဲတပ်ဖွဲ့မှူးရုံး၊ ဘုရားကုန်း မြို့မရဲစခန်း၊ တောင်ညို၊ တပ်ရှိန်း၊ နယ်မြေရဲစခန်းများမှ အရာရှိများနှင့် အခြားတပ်ဖွဲ့ဝင်စုစုပေါင်း ၆၀ တက်ရောက်ကြောင်း သိရသည်။ **(၄၀၆)**

တရားမဝင်သယ်ဆောင်လာသောနွားများ ဖမ်းဆီးရမိ

ပဲခူး မတ် ၇

မတ် ၄ ရက် နံနက် ၃ နာရီခွဲက ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့နယ်ဘုရားကြီး နယ်မြေရဲစခန်းမှတပ်ဖွဲ့ဝင်များသည် နွားများတရားမဝင်သယ်ဆောင်လာကြောင်း သတင်းအရသက်သေများနှင့်အတူ ဘုရားကြီးမြို့ ဘုရားကြီးလမ်းဆုံ၌ စောင့်ဆိုင်းနေစဉ် ပဲခူးမြို့ဘက်မှ မွန်ပြည်နယ်ဘက်သို့ နတ်တလင်းမြို့ မြို့မရပ်ကွက်နေ တင်ဇော်ထွေး(၃၈ နှစ်)မောင်းနှင်ပြီး ဇီးကုန်းကလေး ရပ်ကွက်နေ ယာဉ်နောက်လိုက် ထွန်းနေလင်း(၂၅ နှစ်)လိုက်ပါလာသော 4F/-----နံပါတ်အောက်တွင် 3C/-----နှင့် ၃၀/-----နံပါတ်ပြားများ ရှေ့/နောက် သုံးချပ်စီ တပ်ဆင်ထားသည့် နစ်ဆန်း ၁၂ ဘီးယာဉ်ကို ရပ်တန့်စစ်ဆေးခဲ့သည်။ ထိုသို့စစ်ဆေးရာ ယာဉ်ပေါ်မှ ခွင့်ပြုချက်တစ်စုံတစ်ရာမပါဘဲ တရားမဝင်သယ်ဆောင်လာသည့် နွားထီးအကောင် ၃၀ နှင့် နွားထိန်းများဖြစ်သော ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးမြို့နယ် ဥက္ကံမြို့နေကျော်သူ(၃၀ နှစ်) နှင့်ခြောက်သဲကျေးရွာနေ ကျော်ဝင်း(၂၈ နှစ်)တို့ကို တွေ့ရှိရသောကြောင့် တင်ဇော်ထွေးပါ လေးဦးအား ဘုရားကြီးနယ်မြေရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။ **ကိုရဲ**

ရေရရှိမှုအခက်အခဲကြောင့် နွေစပါးစိုက်ပျိုးမှု သတ်မှတ်လျှာထားချက်ကေမပြည့်မီ

အင်းတော် မတ် ၇

စစ်ကိုင်းတိုင်း ဒေသကြီး အင်းတော်မြို့နယ်အတွင်း နွေစပါးစိုက်ပျိုးမှုနှင့် ပတ်သက်၍ ၂၀၁၄-၂၀၁၅ ခုနှစ်အတွင်း စိုက်ကေ ၅၇၉ ဧက လျှာထားသတ်မှတ်ထားရာတွင် ယနေ့အချိန်ထိ ၄၈၉ ဧက စိုက်ပျိုးပြီးစီးခဲ့ကြောင်း သိရသည်။

နွေစပါးကို အဓိက အောင်ရေရရှိနိုင်သော ကျေးရွာအုပ်စုများတွင် စိုက်ပျိုးခဲ့ကြပြီး မျိုးခွဲအဖြစ် ဆင်းဧက (၃)ကို ၃၄၆ ဧက၊ ရွှေဘို(၁) ၄၃ ဧက၊ သီးထပ်ရင် ၈၂ ဧက စိုက်ပျိုးခဲ့ကြောင်း သိရသည်။

အင်းတော်မြို့နယ်အတွင်း နွေစပါး အများဆုံးစိုက်ပျိုးသော ကျေးရွာအုပ်စုမှာ နတ်မဟုတ်ကျေးရွာအုပ်စု ဖြစ်ပြီး ဧက ၁၁၀ မျှ စိုက်ပျိုးပြီးစီးခဲ့ကြောင်း၊ မဲဇာခရမ်းစပ်ကုန်းတွင် ရေရရှိနိုင်သော အင်းအသေးစားများကို အခြေခံ၍ အင်းပတ်လည်တွင် ၈၅ ဧက စိုက်ပျိုးခဲ့ခြင်း၊ နန်ခင်ကျေးရွာအုပ်စု လက်ပံကုန်း၊ အင်းရွာတို့တွင်လည်း အင်းတော်အင်းကြီး၏ ရေကိုအမှီပြုလျက် လယ်ဧက ၅၅ ဧက စိုက်ပျိုးခဲ့ကြောင်း ပို၍ထူးခြားသည်မှာ မော်တိတ်ဒေသ သုကွာကျေးရွာအုပ်စု ကျွန်းတောကျေးရွာတွင် လျှပ်စစ်မှူး၏ ကူညီပံ့ပိုးမှုဖြင့် မီးတိုင်များ သွယ်တန်းကာ လျှပ်စစ်ဖြင့် ရေတင်၍ နွေစပါးဧက ၃၀ ကို စိုက်ပျိုးခဲ့ကြောင်း၊ နွေစပါးသည် အောင်ရေရရှိမှုကို အခြေခံ၍စိုက်ပျိုးကြသဖြင့် ရေအလွယ်တကူ မရရှိနိုင်သောနေရာတို့တွင် စိုက်ပျိုးမှုနည်းပါးကြောင်း မော်လူးဒေသတွင် ရေအခက်အခဲများရှိသဖြင့် နွေစပါးစိုက်ပျိုးမှုဧက လျှာထားချက်မရှိခဲ့ကြောင်းနှင့် ယခုအချိန်အခါတွင် နွေစပါးစိုက်ပျိုး သူများကို ရေတင်စိုက်ပျိုးရန် ဒီဇယ်ဆီပံ့ပိုးမှုများ လုပ်ဆောင်ပေး နိုင်ခြင်းမရှိကြောင်း အင်းတော်မြို့နယ် စိုက်ပျိုးရေးဌာန လက်ထောက်ဦးစီးမှူး ဦးသာဆန်းထံမှ သိရသည်။ **ညိုမင်းထက်**

ကသာ-ဗန်းမော်မီးရထားလမ်းပိုင်းမှ ကသာ-စင်းခန်းလမ်းပိုင်း မကြာမီဖွင့်မည်

ကသာ မတ် ၇

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ကသာမြို့သည် လမ်းပန်းဆက်သွယ်ရေးအနေဖြင့် ရေကြောင်း၊ ကုန်းကြောင်းတို့ဖြင့် အထက်တွင် ဗန်းမော်၊ မြစ်ကြီးနား၊ အောက်ဘက်တွင် မန္တလေး၊ ရန်ကုန် စသည့်မြို့ကြီးများသို့ နေ့ညမရွေး သွားလာနိုင်သောမြို့လည်း ဖြစ်သည်။

ကချင်ပြည်နယ် ဗန်းမော်မြို့ခရီးစဉ်တွင် ယခင်က ဧရာဝတီမြစ်အတွင်းမှ သင်္ဘော၊ မော်တော်များဖြင့် ကြာမြင့်စွာ ခရီးသွားခဲ့ရသော်လည်း ယခုအခါ ကသာမှ ဗန်းမော်မြို့သို့ ကသာ-ဗန်းမော်မဟာဗျူဟာ ကားလမ်းမကြီးမှ နေ့ချင်းသွားလာနိုင်ကြောင်း သိရသည်။

ယခုအခါ နိုင်ငံတော်အစိုးရမှ ကသာ-ဗန်းမော် မီးရထားလမ်းကြီးကို ၂၀၀၇ ခုနှစ် မေလမှစတင်၍ အကောင်အထည်ဖော် ဖောက်လုပ်ခဲ့ရာ ဗန်းမော်မြို့အထိ အကြမ်းခင်းခြင်းလုပ်ငန်းများ ပြီးစီးဆောင်ရွက်နိုင်ခဲ့ကြောင်း သိရသည်။ ကသာမြို့မှ ကသာမြောက် ပေါမမြိုင်၊ မင်းလယ်၊ မိုးတားကြီး၊ ချောင်းဝ၊ ကျောက်ကြီး၊ မြို့ကုန်း၊ စင်းခန်း၊ မြလယ်၊ ဟန်ထက်၊ မံစီ၊ ဗန်းမော်စသည့် ဘူတာ ၁၃ ခု ရှိကြောင်း သိရသည်။

ယခုအခါ ကသာမြို့မှ ၆၇ ဒသမ ၆ မိုင်ရှည်လျားသော ကသာ-စင်းခန်း လမ်းပိုင်းကို အချိန်မီဖွင့်လှစ်နိုင်ရေးအတွက် မြန်မာ့မီးရထားမှ စီမံကိန်း၀န်ထမ်းများသည် နေ့ညမရွေး ဆောင်ရွက်နေကြကြောင်း သိရသည်။ ယင်းကသာမြို့မှ စင်းခန်းဘက်လမ်းပိုင်းကို မေလပိုင်းတွင် ဖွင့်လှစ်နိုင်မည်ဟု တာ၀န်ရှိသူတစ်ဦးထံမှ သိရသည်။ ၂၀၁၅ ခုနှစ်အတွင်း ကသာ-စင်းခန်း မီးရထားလမ်းပိုင်း အရှည် ၆၇ ဒသမ ၆ မိုင် ဖွင့်လှစ်ပါက ကသာ- ဗန်းမော်မီးရထား တိုက်ရိုက်ပြေးဆွဲနိုင်ရေးအတွက် မိုင် ၃၀ နီးပါး သာကျန်ရှိတော့မည်ဖြစ်ကြောင်း သိရသည်။

ကျန်ရှိနေသည့် စင်းခန်း-မြလယ်-ဟန်ထက်လမ်းပိုင်းကို ၂၀၁၅-၂၀၁၆ ခုနှစ်များတွင် လည်းကောင်း၊ ဟန်ထက်-မံစီ-ဗန်းမော်လမ်းပိုင်းကို ၂၀၁၇ ခုနှစ်တွင် လည်းကောင်း ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း သိရသည်။

နိုင်ငံတော်အစိုးရ၏ ပံ့ပိုးမှု၊ မီးရထား စီမံကိန်း၀န်ထမ်းများ၏ ကြိုးစားအားထုတ်မှု၊ ဒေသခံပြည်သူများ၏ ဝိုင်း၀န်းကူညီဆောင်ရွက်မှုများကြောင့် ကသာ-ဗန်းမော်မီးရထားလမ်းပိုင်း မိုင် ၉၀ ကျော်အနက် ၂၀၁၅ ခုနှစ်အတွင်းတွင် ကသာ-စင်းခန်းမိုင် ၆၀ ကျော်ကို အချိန်မီဖွင့်လှစ်နိုင်ရေးအတွက် မီးရထားစီမံကိန်း ၀န်ထမ်းများ အစွမ်းကုန်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **လူအောင်(ကသာ)**

ဆူးလေကုန်းကျေးရွာ၌ နွင်းတက် တွင်ကျယ်စွာစိုက်ပျိုးလာ

မန္တလေး မတ် ၇

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင် ဆူးလေကုန်းကျေးရွာအုပ်စုရှိ ဒေသခံပြည်သူများသည် တောင်ယာသီးနှံများ စိုက်ပျိုးကြသကဲ့သို့ ဆိတ်မွေးမြူရေးများကိုပါ အဓိကလုပ်ကိုင်ကြပြီး နွင်းတက် စိုက်ပျိုးသည့်ကျေးရွာများဖြစ်သည်ဟု သိရသည်။

"နွင်းတက် စိုက်ပျိုးမှုအနေနဲ့ နွင်းတက်ကို မျိုးဥကနေတစ်ဆင့် ပြန်လည်စိုက်ရပါတယ်။ နွင်းတက်ကို ကဆုန်လမှာ စတင်စိုက်ပျိုးကြပြီး စိုက်ပျိုးတဲ့အခါမှာလည်း ပေါင်စနစ်နဲ့ စိုက်ရပါတယ်။ နွင်းတက်စိုက်လို့ ရတဲ့မြေရှိသလို စိုက်မရတဲ့မြေလည်း ရှိပါတယ်။ စိုက်ရတဲ့မြေဟာ သဲနုန်းမြေ ဖြစ်ပါတယ်။ စိုက်ပြီး ၁၀ လခန့် မှာ ရောင်းတန်း၀င် နွင်းတက် တူးဖော်လို့ရပါတယ်။ စိုက်ပျိုးကုန်ကျမှုက တစ်ဧကကို ငွေကျပ်ရှစ်သိန်းခန့် ကုန်ကျပါတယ်။ တင်ပို့ရောင်းချမှု အနေနဲ့ နယ်ခံပွဲရုံကတစ်ဆင့် တရုတ်နိုင်ငံအထိ တင်ပို့ရောင်းချပါတယ်" ဟု အဆိုပါကျေးရွာမှ နွင်းစိုက်ပျိုးသူ တောင်သူတစ်ဦးထံမှ သိရသည်။

ကျော်ကျော်(မလှိုင်)

မီးကြွင်းမီးကျန်မှတစ်ဆင့် မီးလောင်မှုဖြစ်

ကသာ မတ် ၇

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် အင်းတော်မြို့နယ် ကြာအင်းကျေးရွာတွင် မီးကြွင်းမီးကျန်မှတစ်ဆင့် မီးလောင်မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ အင်းတော်မြို့နယ် ကြာအင်းကျေးရွာတွင် မတ် ၅ ရက်မွန်းလွဲ ၂ နာရီ ၁၅ မိနစ်ခန့်က မီးလောင်မှုဖြစ်ပွားကြောင်း သတင်းအရ အင်းတော်မြို့နယ် လက်ထောက်မီးသတ်ဦးစီးမှူး ဦးလှမျိုးလွင်နှင့် အဖွဲ့သည် ရဲတပ်ဖွဲ့ဝင်များနှင့်အတူ သွားရောက်မီးငြိမ်းသတ်ခဲ့ပြီး စစ်ဆေးခဲ့ရာ ကြာအင်းကျေးရွာနေ ဦးစိန်ထွန်း၏ သုံးပင်နှစ်ခန်း သွပ်မိုး ထရံကာ၊ ပျဉ်ခင်းနေအိမ် မီးဖိုချောင် မီးကြွင်းမီးကျန်မှ ပေါ့ဆမီးကူးစက်လောင်ကျွမ်းခဲ့ရာ နေအိမ်မီးဖိုခန်း အခင်းနှင့်အကာများ မီးလောင်ကျွမ်းခဲ့သည်။

မီးပေါ့ဆသူ ဦးစိန်ထွန်း(၃၂ နှစ်)ကို အင်းတော်မြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

ဦးရဲ(ကသာ)

ပြည်တွင်းသတင်း

မြန်မာနိုင်ငံ ကြက်ခြေနီအသင်းနှင့် သွေးမေတ္တာ သွေးလှူရှင်အသင်းသို့ အလှူငွေပေးအပ်

ရန်ကုန် မတ် ၇

IKBZ Insuranceမှ မြန်မာနိုင်ငံကြက်ခြေနီအသင်းနှင့် သွေးမေတ္တာသွေးလှူရှင်အသင်းသို့ အလှူငွေပေးအပ်ပွဲကို ရန်ကုန်မြို့ ဗိုလ်ဆွန်ပက်ကွန်ဒိုရှိ IKBZ Insurance ရုံးချုပ်တွင် ဖေဖော်ဝါရီ စတုတ္ထပတ်က ကျင်းပသည်။

ထိုသို့လှူဒါန်းရခြင်းမှာ ရှမ်းပြည်နယ်(မြောက်ပိုင်း) လောက်ကိုင်ဒေသတွင် နိုင်ငံတော်၏ အချုပ်အခြာပိုင်ဆိုင်မှုအတွက် ကာကွယ်ရေးတာ၀နခံထမ်းဆောင်နေကြသော တပ်မတော်သားများနှင့် တိုက်ပွဲဒဏ်ခံနေကြရသော ပြည်သူများ၏ အထွေထွေလိုအပ်ချက်များကို သွားရောက်ကူညီပံ့ပိုးနေကြသော မြန်မာနိုင်ငံ ကြက်ခြေနီအသင်းနှင့် သွေးမေတ္တာသွေးလှူရှင်အဖွဲ့မှ ဦးဝေဠုကျော်ဦးဆောင်သောအဖွဲ့အတွက် KBZ Group ဥက္ကဋ္ဌ၏ လမ်းညွှန်မှုဖြင့် လှူဒါန်းခြင်း ဖြစ်သည်။ လှူဒါန်းသည့်ငွေကျပ် သိန်း ၁၀၀ ကို IKBZ Insurance မှ အကြီးတန်းအုပ်ချုပ်မှုဒါရိုက်တာ ဦးညိုမြင့်နှင့်အဖွဲ့က ရန်ကုန်တိုင်းဒေသကြီး ကြက်ခြေနီသူနာပြုတပ်ဖွဲ့ထံသို့ ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

IKBZ Insurance မှ ငွေကြေးထောက်ပံ့လှူဒါန်းမှုအပြင် ရန်ကုန်မြို့မှ ထိုဒေသသို့ သွားရောက်၍ ပြည်သူ့အကျိုးပြုလုပ်ငန်းများကို ကူညီလုပ်ကိုင်ပေးကြသည့် သွေးမေတ္တာသွေးလှူရှင်အဖွဲ့မှ အဖွဲ့ဝင်များ၏ အသက်အာမခံထားရှိမှုများကိုလည်း အခမဲ့တာ၀နခံယူဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

(မြန်မာ့အလင်း)

မိုးပွင့်စီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများကွင်းဆင်းဆောင်ရွက်

သိန်းနီ မတ် ၇

ရှမ်းပြည်နယ်(တောင်ပိုင်း) လားရှိုးခရိုင် သိန်းနီမြို့နယ် ဦးစီးဌာနမှူးရုံးမှ ဦးစီးမှူး ဦးဖုန်းမြင့်ဝေနှင့်အဖွဲ့သည် မတ် ၅ ရက်က ပန်းလော့ကျေးရွာအုပ်စု မူလတန်းကျောင်း၌ အသက် ၁၈ နှစ်ပြည့်ပြီးသည့် တိုင်းရင်းသား ၅၃ ဦးကို နိုင်ငံသားစိစစ်ရေးကတ်ပြားများ နေ့ချင်းပြီး ကွင်းဆင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **ချစ်လှ**

အမျိုးသားပညာရေးဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း ရှင်းလင်းဆွေးနွေးပွဲကျင်းပ

ရှားတော မတ် ၇

အမျိုးသားပညာရေးဥပဒေကိုပြင်ဆင်သည့် ဥပဒေကြမ်း ရှင်းလင်းဆွေးနွေးပွဲကို မတ် ၅ ရက်က ကယားပြည်နယ် ရှားတောမြို့စုပေါင်းရုံးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးသန့်ဇင်ထွန်းက အမှာစကားပြောကြားပြီး မြို့နယ်ဥပဒေအရာရှိ ဦးမျိုးမြင့်ကျော်က အမျိုးသားပညာရေးဥပဒေအား ပြင်ဆင်သည့်ဥပဒေကြမ်းကို ဖတ်ကြားသည်။

ဆက်လက်၍ ဆွေးနွေးပွဲသို့ တက်ရောက်လာကြသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်နန်းခွန်၊ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးသန့်ဇင်ထွန်းနှင့် ဌာနဆိုင်ရာများ၊ ဆရာ ဆရာမများ၊ ရပ်မိရပ်ဖများအား ပြင်ဆင်သည့် ဥပဒေကြမ်းနှင့်ပတ်သက်၍ ဝိုင်း၀န်းအကြံပြုဆွေးနွေးခဲ့ကြကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

ဆင်းရဲမှုလျှော့ချရေး မြစိမ်းရောင်စီမံကိန်း ကျေးရွာအရောက်ကွင်းဆင်းဌေးချေး

ကဝ မတ် ၇

ပဲခူးတိုင်းဒေသကြီး ကဝမြို့နယ် အုန်းခဲ့စံပြကျေးရွာ လယ်တီဘုန်းတော်ကြီးကျောင်း မွှာရုံတွင် ဆင်းရဲမှုလျှော့ချရေး၊ ကျေးလက်ဒေသဖွံ့ဖြိုးရေး (မြစိမ်းရောင်)စီမံချက်ဖြင့် ပဲခူးခရိုင် ငါးလုပ်ငန်းဦးစီးဌာနနှင့်အဖွဲ့သည် ရေလုပ်ငန်းလုပ်ကိုင်သည့် ရေလုပ်သားများအား ငါးဖမ်းလုပ်ငန်းနှင့် သက်ဆိုင်သောကိစ္စများတွင် ရင်းနှီးနိုင်ရန် လာရောက်ငွေထုတ်ချေးခြင်း အခမ်းအနားကို ဆောင်ရွက်ခဲ့သည်။

အခမ်းအနားတွင် ခရိုင်ငါးလုပ်ငန်းဦးစီးမှူး ဦးသက်ဦးက ငါးလုပ်ငန်း(ရေလုပ်သား) လုပ်ကိုင်လျက်ရှိသောသူများအား ဆင်းရဲမှုလျှော့ချရေး၊ ကျေးလက်ဒေသဖွံ့ဖြိုးရေး (မြစိမ်းရောင်)စီမံချက်လုပ်ငန်းကို ရှင်းလင်းပြောကြားပြီး ပဲခူးတိုင်းဒေသကြီး ကဝမြို့နယ် အုန်းခဲ့စံပြကျေးရွာရှိ ငါးလုပ်ငန်း(ရေလုပ်သား)လုပ်ကိုင်သူ ၂၁၀ အား ငွေကျပ်သိန်း ၃၀၀ ကို မတည်ရန်ပုံငွေအဖြစ် ပေးအပ်ခဲ့ပြီး အရင်းမပျောက် ၁၀ လ အရစ်ကျပေးဆပ်နိုင်ကြောင်း သိရသည်။ **ကိုကြီးစိုး(ဆိပ်ကမ်း)**

ပြည်တွင်းသတင်း

ပရဟိတကျောင်းသူမိန်းကလေးများအတွက် အိပ်ဆောင်အခက်အခဲဖြစ်ပြီး အလျှုရှင်လိုအပ်နေ

မော်လမြိုင် မတ် ၇

မွန်ပြည်နယ် ဘီးလင်းမြို့နယ် တောင်စွန်းစံပြ ကျေးရွာရှိ မြို့ဦးပရဟိတဘုန်းတော်ကြီးသင်ပညာရေးကျောင်း၌ ပရဟိတကျောင်းသူမိန်းကလေးများအတွက် အိပ်ဆောင်အခက်အခဲဖြစ်ပေါ်နေသဖြင့် လျှုဒါန်းမည့်အလျှုရှင်များအား စောင့်မျှော်လျက်ရှိကြောင်း သိရသည်။

အဆိုပါ ပရဟိတကျောင်းတွင် မူလတန်း၊ အလယ်တန်း၊ အထက်တန်းတို့၌ လက်ရှိပညာသင်ကြားနေသော မိဘမဲ့နှင့် ဆင်းရဲနွမ်းပါးသည့် တိုင်းရင်းသားကျောင်းသား ကျောင်းသူ စုစုပေါင်း ၂၇၀ ကျော်ရှိပြီး ကျောင်းသူအရေအတွက်မှာ ၁၀၀ ခန့်ရှိကြောင်း သိရသည်။

"ကျောင်းသားတွေအတွက် အိပ်ရာနေရာက အရေးတကြီးပြဿနာမဟုတ်ပေမယ့် ကျောင်းသူတွေအတွက်ကတော့ အခက်အခဲဖြစ်နေပါတယ်။ လောလောဆယ် ရွာထဲကအိမ်တွေကိုအကူအညီတောင်းပြီး ထားရပါတယ်။ ကျောင်းသူတွေ ကိုယ့်ကျောင်းမှာပဲ လုံလုံခြုံခြုံနေနိုင်ဖို့ အလျားပေ ၈၀၊ အနံပေ ၄၀ ကျယ်တဲ့ အဆောက်အအုံသစ်ဆောက်ဖို့ ကြိုးစားနေပါတယ်။ ဒါပေမယ့် အဓိကက ငွေကြေးအခက်အခဲပါ။ ဘုန်းဘုန်းတို့က စပြီး တည်ထောင်ဖြစ်ကတည်းက ကျောထောက်နောက်ခံ ရန်ပုံငွေ တောင့်တောင့်တင်းတင်း မရှိခဲ့ပါဘူး။ ဟိုကဒီကလာလှူကြတဲ့ အလျှုရှင်တွေအားကိုးပြီး ရပ်တည်နေရတာပါ။ ဒါကြောင့် လျှုဒါန်းမယ့် စေတနာရှင်တွေကို ဖိတ်ခေါ်ပါတယ်"ဟု ကျောင်းအုပ်ဆရာတော် ဦးဇဋ္ဌိလက မိန့်ကြားသည်။

ဆောက်လုပ်မည့် အဆောက်အအုံမှာ အခန်း ၁၆ ခန်းပါမည်ဖြစ်ပြီး တစ်ခန်းလျှင် ငွေကျပ် ၂၅ သိန်းခန့်ကုန်ကျမည်ဖြစ်ကြောင်း ဆရာတော်က ဆက်လက်ရှင်းပြသည်။ အဆိုပါကျောင်းကို ၂၀၀၀ ပြည့်နှစ်ကစတင်အစပျိုးခဲ့ကာ ၂၀၀၁ ခုနှစ် ဇွန်လတွင် သာသနာရေးဝန်ကြီးဌာနနှင့် ပညာရေးဝန်ကြီးဌာနတို့၏ ခွင့်ပြုချက်ရယူကာ ကျောင်းအုပ်ဆရာတော် ဦးဇဋ္ဌိလဦးစီး၍ ဖွင့်လှစ်ခဲ့ခြင်းဖြစ်သည်။ ကျောင်းဆောင်ဆောက်လုပ်ရေးအတွက် လျှုဒါန်းလိုသူ စေတနာရှင်များအနေဖြင့် ကျောင်းအုပ်ဆရာတော်နှင့် ကျောင်းအကျိုးဆောင်များ၏ ဖုန်း-၀၉-၂၅၅၃၄၈၆၂၄နှင့် ၀၅၇-၆၆၃၀၂ တို့သို့ ဆက်သွယ်လျှုဒါန်းနိုင်ကြောင်း သိရသည်။

မြတ်မွန်ထွေး(မြန်မာ့အလင်း)

ကျေးရွာချင်းဆက်မြေသားလမ်း ဖောက်လုပ်ပြီးစီး

ပန်းတနော် မတ် ၇

ဧရာဝတီတိုင်းဒေသကြီး ပန်းတနော်မြို့နယ် ပျဉ်တုံးကြီးကျေးရွာနှင့် ကဿဝင်ကျေးရွာတို့ကို ဆက်သွယ်သည့် ကျေးရွာချင်းဆက် မြေသားလမ်းခင်းခြင်းလုပ်ငန်းများ မတ် ၅ ရက်တွင် ရာနှုန်းပြည့်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

ကျေးရွာချင်းဆက်မြေသားလမ်းသည် အရှည် ၆ မိုင်၊ အကျယ် ၁၈ ပေ၊ အမြင့် ၄ ပေဖြစ်၍ ကဿဝင်ကျေးရွာအုပ်စုအတွင်းရှိ ကျေးရွာပေါင်း ၂၂ ရွာမှ ကျေးလက်ပြည်သူများ ပျဉ်တုံးကြီးကျေးရွာသို့ အဆင်ပြေချောမွေ့စွာသွားလာနိုင်ကြပြီဖြစ်ပြီး အဆိုပါလမ်းမှတစ်ဆင့် တောကျောင်းကျေးရွာအုပ်စု၊ ရေပေါ်ရေလဲကျေးရွာအုပ်စု၊ ရေဘော်ကြီးကျေးရွာအုပ်စု၊ ရွှေကျောင်းမြောက်ကျေးရွာအုပ်စု၊ စစ်ကိုင်းကျေးရွာအုပ်စု၊ ပြလင်းကျေးရွာအုပ်စုတို့သို့ ဆက်သွယ်သွားလာနိုင်ကာ ပန်းတနော်မြို့သို့လည်း အချိန်တိုအတွင်း သွားလာနိုင်ပြီဖြစ်သည်။

အဆိုပါကျေးရွာချင်းဆက်လမ်းကို ပန်းတနော်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၁၄ - ၂၀၁၅ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်းရန်ပုံငွေမှ ငွေကျပ် ၇၉ ဒသမ ၈ သန်းဖြင့် တင်ဒါအောင်မြင်သော ရွှေနွင်းပွင့်ကုမ္ပဏီက တာဝန်ယူဖောက်လုပ်ခဲ့ခြင်းဖြစ်သည်။ လမ်းဖောက်လုပ်ပြီးစီးသည့်အတွက် လမ်းပန်းဆက်သွယ်ရေးခက်ခဲသည့် ကဿဝင်ကျေးရွာရှိ ကျွန်းရွာများမှ ဒေသခံပြည်သူများ၏ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးကဏ္ဍများတွင် ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း သိရသည်။

ခင်မောင်စော်မြင့်

ကျွန်း၊ပိတောက်နှင့် တမလန်းသစ်ခွဲသားများ တရားမဝင်သယ်ဆောင်လာသည့်ယာဉ်ဖမ်းဆီးရမိ

မြင်းမူ မတ် ၇

မြင်းမူမြို့နယ် ချောင်ဦးမြို့ မြို့သစ်ရပ်ကွက်၌ တရားမဝင်သစ်များ တင်ဆောင်ထားသည့် မော်တော်ယာဉ်တစ်စီးကို မတ် ၄ ရက်က ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ချောင်ဦးမြို့ မြို့သစ်ရပ်ကွက် နီလာလမ်းတွင် တရားမဝင်သစ်များ တင်ဆောင်ထားသည့် ယာဉ်တစ်စီးရပ်တန့်ထားကြောင်းသတင်းအရ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးလှသိန်းနှင့်အဖွဲ့ဝင်များ၊ သစ်တောဦးစီးဌာနမှ တောအုပ်ဦးဘိုမြင့်နှင့်အဖွဲ့၊ ချောင်ဦးမြို့မရဲစခန်းမှ ရဲအုပ်စိုင်းယဉ်မင်းထွန်း၊ သတင်းတပ်ဖွဲ့မှဒုရဲအုပ်ဝင်းကိုကိုနှင့် တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့က သွားရောက်စစ်ဆေးခဲ့ရာ အပြာအဖြူကြား (၁၂)ဘီးယာဉ်တစ်စီးနှင့် ကားပေါ်တွင် ပလတ်စတစ်ဘူးခွံအိတ်များဖြင့် ဖုံးအုပ်ထားသည့် ကျွန်းသစ်၊ ပိတောက်နှင့် တမလန်းသစ်ခွဲသားများ စုစုပေါင်းအလေးချိန် ခုနစ်တန်ခန့်ကို ရှာဖွေတွေ့ရှိခဲ့သဖြင့် သစ်တောဦးစီးဌာနသို့ အပ်နှံထားပြီး မုံရွာမြို့ နန္ဒဝန်ကွက်သစ်ရှိ တိုင်းဒေသကြီးသစ်တောဦးစီးဌာနသို့သယ်ဆောင်၍ တိုင်းတာစစ်ဆေးမည်ဖြစ်ကြောင်း၊ ချောင်ဦးမြို့မရဲစခန်းက အမှုဖွင့်စစ်ဆေးလျက်ရှိကြောင်း သိရသည်။

(ဝ၇၉)

၂၀၁၅ခုနှစ်အတွင်း သဖန်းဆိပ်ဆည်သို့ ငါးကောင်ရေခြောက်သိန်းမျိုးစိုက်ထည့်မည်

ကျွန်းလှ မတ် ၇

ဒေသဖွံ့ဖြိုးရေး၊ ဆင်းရဲမှုလျော့ချရေးနှင့် သားငါးကဏ္ဍဖွံ့ဖြိုးတိုးတက်စေရေးအတွက် စစ်ကိုင်းတိုင်းဒေသကြီး ကျွန်းလှမြို့နယ် သဖန်းဆိပ်ဆည်အတွင်းသို့ ငါးကောင်ရေခြောက်သိန်းကို ယခုနှစ်အတွင်း မျိုးစိုက်ထည့်သွားမည်ဖြစ်ကြောင်း သိရသည်။

ယခင်နှစ်က သဖန်းဆိပ်ဆည်အတွင်း ငါးကောင်ရေငါးသိန်းကို မျိုးစိုက်ထည့်ခဲ့ကြောင်း၊ ယခုနှစ်တွင် ငါးသန်အုပ်စုဖြစ်သော ရွှေဝါငါးကြင်း၊ ငါးမြစ်ချင်း၊ ထိုင်ဝမ်ငါးခုံးမ၊ တီလားပီးယားငါးများအပါအဝင် ငါးကောင်ရေခြောက်သိန်းကို မျိုးစိုက်ထည့်မည်ဖြစ်ကြောင်း ကန့်ဘလူမြို့နယ် ငါးလုပ်ငန်းဦးစီးဌာနဦးစီးမှူး ဦးတင်ဦးက ပြောသည်။ သဖန်းဆိပ်ဆည် အကူရေပိုလွှဲ၌ မတ် ၅ ရက်က ကျင်းပခဲ့သော ငါးမျိုးစိုက်ထည့်ပွဲတွင် ပြောကြားခဲ့ခြင်းဖြစ်သည်။

အဆိုပါငါးမျိုးစိုက်ထည့်ပွဲတွင် တိုင်းဒေသကြီးလွတ်တော်ဥက္ကဋ္ဌ ဦးသင်းလှိုင်က အမှာစကားပြောကြားပြီး ငါးလုပ်ငန်းဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူး ဦးတင်ထွန်းလင်းက ငါးမျိုးစိုက်ထည့်ခြင်းနှင့် ငါးမျိုးစိုက်ထည့်ခြင်းကြောင့် ရရှိနိုင်မည့်အကျိုးကျေးဇူးများနှင့် ပတ်သက်၍ရှင်းလင်းပြောကြားကာ တိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီး ဦးတင်လှိုင်မြင့်၊ တိုင်းဒေသကြီးလွတ်တော်ကိုယ်စားလှယ်များ၊ တိုင်းဒေသကြီး/ခရိုင်အဆင့်ဌာနဆိုင်ရာများ၊ မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌနှင့်ကော်မတီဝင်များ၊ မြို့နယ်အထောက်အကူပြုကော်မတီဝင်များ၊ မြို့နယ်စည်ပင်သာယာရေးကော်မတီဝင်များ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများက ငါးမျိုးစိုက်ထည့်ခဲ့ကြကြောင်း သိရသည်။

ဆည်များနှင့် မြစ်၊ ချောင်း၊ အင်းအိုင်များတွင် ငါးမျိုးများစိုက်ထည့်ခြင်းကြောင့် သားငါးထုတ်လုပ်မှုဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ပြီး ဒေသတွင်း စားသုံးမှုအတွက် ဖူလုံရုံသာမက ဆင်းရဲမှုလျော့ချရေးနှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးကိုလည်း အထောက်အကူပြုမည်ဖြစ်ကြောင်း မြို့နယ်ငါးလုပ်ငန်းဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ သိရသည်။

မျိုးဝင်းညီ(ကျွန်းလှ)

လောက်ကိုင်တွင် ဒဏ်ရာရသော ကြက်ခြေနီစေတနာလုပ်အားရှင်အား တိုင်းဒေသကြီး လူမှုရေးဝန်ကြီး လာရောက်အားပေး

မန္တလေး မတ် ၇

လောက်ကိုင်ဒေသတိုက်ပွဲများကြားတွင် ထိခိုက်ဒဏ်ရာရရှိပြီး ခွဲစိတ်ကုသမှုခံယူလျက်ရှိသော မြန်မာနိုင်ငံကြက်ခြေနီအသင်း ကြက်ခြေနီစေတနာလုပ်အားရှင် ကိုမိုးကျော်သန်းအား မန္တလေးတိုင်းဒေသကြီး လူမှုရေးဝန်ကြီးနှင့် တာဝန်ရှိသူများ မတ် ၅ ရက်က လာရောက်တွေ့ဆုံအားပေးခဲ့ပြီး လိုအပ်သည်များကို ပံ့ပိုးကူညီပေးခဲ့ကြောင်း သိရသည်။

ကိုမိုးကျော်သန်းသည် ပြီးခဲ့သည့်ရက်များက လောက်ကိုင်ဒေသမှ တိုက်ပွဲရှောင်ပြည်သူများအား ကူညီကယ်တင် ကျန်းမာရေးစောင့်ရှောက်မှုဆောင်ရွက်ပေးရင်း ထိခိုက်ဒဏ်ရာရရှိခဲ့ခြင်းဖြစ်သည်။ ဒဏ်ရာကို ကွမ်းလုံတွင် ပထမတစ်ကြိမ် ခွဲစိတ်ခဲ့ပြီး လားရှိုးဆေးပြည်သူ့ဆေးရုံကြီးတွင် ဆေးဝါးကုသခြင်းနှင့် ဒုတိယအကြိမ် ခွဲစိတ်ကုသမှုများကို ဆောင်ရွက်ခဲ့ကာ လူနာအား ပိုမိုဂရုပြုစောင့်ရှောက်နိုင်ရန်အတွက် မတ် ၃ ရက်တွင် မန္တလေး အထွေထွေရောဂါကုပြည်သူ့ဆေးရုံကြီးခွဲစိတ်ကုသဆောင် (၂)သို့ ပြောင်းရွှေ့ပေးခဲ့ခြင်းဖြစ်သည်။ ဒဏ်ရာအခြေအနေမှာ စိုးရိမ်စရာမရှိတော့ဘဲ ကောင်းမွန်နေပြီဖြစ်ကြောင်း သိရသည်။

ကိုမိုးကျော်သန်းအတွက် လိုအပ်သောဆေးဝါးပစ္စည်းအားလုံးကို မန္တလေးအထွေထွေရောဂါကုပြည်သူ့ဆေးရုံကြီးမှ လျှုဒါန်းကူညီသွားမည်ဖြစ်ပြီး လူနာနှင့်ပါလာခဲ့သော လူနာစောင့်များနှင့် လူနာအတွက် အခြားလိုအပ်သော ကိစ္စအဝဝကိုလည်း မြန်မာနိုင်ငံကြက်ခြေနီအသင်း၊ မန္တလေးတိုင်းဒေသကြီးကြက်ခြေနီကြီးကြပ်မှုကော်မတီတို့က နေ့စဉ်စောင့်ရှောက်ကူညီပံ့ပိုးကာ မန္တလေးတိုင်းဒေသကြီး ကြက်ခြေနီစေတနာလုပ်အားရှင်များက အလှည့်ကျနေ့ညစောင့်ရှောက်ကူညီပေးလျက်ရှိကြောင်း၊ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့အနေဖြင့်လည်း လိုအပ်သည်များကို စောင့်ရှောက်ကူညီပံ့ပိုးပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ကျော်စိုးဦး(မန္တလေး)

ပြည်တွင်းသတင်း

ထိုင်းနိုင်ငံတွင် တရားမဝင်အလုပ်လုပ်နေသူများအား ပြန်လည်လွှဲပြောင်းပို့အပ်

တာချီလိတ် မတ် ၇

ထိုင်းနိုင်ငံသို့ တရားမဝင်သွားရောက်အလုပ်လုပ်ကိုင်နေကြသော မြန်မာနိုင်ငံသား ၆၁ ဦးအား ထိုင်းနိုင်ငံမှ တာဝန်ရှိသူများက မြန်မာနိုင်ငံမှ တာဝန်ရှိသူများထံသို့ မတ် ၅ ရက်က ပြန်လည်လွှဲပြောင်းပို့အပ်ခဲ့ကြောင်း သိရသည်။

မြန်မာနိုင်ငံသား အမျိုးသား ၃၈ ဦး၊ အမျိုးသမီး ၁၉ ဦး၊ ကလေးငယ်လေးဦး စုစုပေါင်း ၆၁ ဦးကို ထိုင်းနိုင်ငံမှ တာဝန်ရှိသူများက တာချီလိတ်မြို့ အမှတ်(၁) ချစ်ကြည်ရေးတံတားအလယ်တွင် မြန်မာနိုင်ငံမှ တာဝန်ရှိသူများထံ လာရောက်တွေ့ဆုံပြီး လွှဲပြောင်းပေးခဲ့ခြင်းဖြစ်သည်။

"အခုလို တစ်ဖက်နိုင်ငံကို တရားမဝင်သွားရောက် အလုပ်လုပ်ကြတဲ့သူတွေထဲမှာ တိုင်းရင်းသားတွေများတယ်။ လူမှောင်ခိုကူးသူတွေ၊ အလုပ်ပွဲစားတွေက တိုင်းရင်းသားတွေရဲ့ရိုးသားမှုအပေါ် မက်လုံးတွေအမျိုးမျိုးပေးပြီး ဆွဲဆောင်ကြတယ်။ လက်တွေ့တစ်ဖက်နိုင်ငံကိုရောက်တော့ အခက်အခဲမျိုးစုံနဲ့ ကြုံရတယ်။ ဆင်းရဲဒုက္ခရောက်ရတယ်။ တရားမဝင်ဝင်ရောက်လို့ အခုလိုဖမ်းဆီးခံရတာတွေလည်းရှိတယ်။ ဒါကြောင့် လူကုန်ကူးမှုတားဆီးကာကွယ်ရေးလုပ်ငန်းတွေကို ဒီထက်ပိုပြီး ကျယ်ကျယ်ပြန့်ပြန့်ဆောင်ရွက်ပေးစေချင်ပါတယ်" ဟု တာချီလိတ်ဒေသခံတစ်ဦးက ပြောသည်။

မောင်ယဉ်ကျေး

ဘားအံမြို့ ပြည်တော်ဧစေတီတော်ကြီးနှင့် အရံစေတီများ ထီးတော်တင်အခမ်းအနားကျင်းပ

ဘားအံ မတ် ၇

ကရင်ပြည်နယ် ဘားအံမြို့ကျက်သရေဆောင် ရွှေယဉ်မျှော်ပြည်တော်ဧစေတီတော်မြတ်ကြီးကို စိန်ဖူးတော်တင်လျှုခြင်းနှင့် အရံစေတီ လေးဆူနှင့် နောင်တော်ကြီးစေတီတို့ကို ထီးတော်များတင်လျှူပူဇော်ပွဲကို မတ် ၄ ရက်က စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့သည်။

အခမ်းအနားတွင် ကရင်ပြည်နယ် သံဃာ့နာယကဥက္ကဋ္ဌ ဆရာတော်နှင့် ရွှေယဉ်မျှော်ပြည်တော်ဧစေတီတော်မြတ်ကြီး၏ ဩဝါဒါစရိယဆရာတော်များက တရားတော်များဟောကြားပြီး စိန်ဖူးတော်နှင့် ထီးတော်များကို ဆက်လက်တင်လျှူပူဇော်ကြသည်။

အဆိုပါအခမ်းအနားသို့ ကရင်ပြည်နယ် ဝန်ကြီးချုပ် ဦးဇော်မင်းနှင့်ဇနီး၊ ကရင်ပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ ထီးတော်အလျှူရှင်များ၊ လုံးတော်ပြည့် ရွှေသက်နီးကပ်လျှူပူဇော်ခဲ့ကြသည့် အလျှူရှင်များနှင့် ဘားအံမြို့မှ ဒေသခံပြည်သူများ တက်ရောက်ပူဇော်ခဲ့ကြသည်။ ထို့ပြင် ထီးတော်တင်ပွဲတွင် ယခင်နှစ်များနှင့်မတူ နိဗ္ဗာန်စေ့ဖူးများခင်းပြီး ကျွေးမွေးလျှုဒါန်းခဲ့ကြသဖြင့် အထူးစည်ကားစွာ ကျင်းပနိုင်ခဲ့ကြောင်းသိရသည်။

ထွန်းထွန်းထွေး(ဘားအံ)

တပေါင်းလပြည့်နေ့ ဗုဒ္ဓပူဇနီယ အနေကဇာတင်ပွဲနှင့် ဓမ္မရောင်ခြည်စာကြည့်တိုက်ဖွင့်

မြန်အောင် မတ် ၇

ရောဝတီတိုင်းဒေသကြီး မြန်အောင်မြို့ အမှတ်(၁)ရပ်ကွက် မကျီးစုကျောင်းကြီးအတွင်း၌ တည်ထားကိုးကွယ်လျက်ရှိသော အတုလမုနိသရစေတီတော်မြတ်စွာဘုရားကြီး (၂၈)ကြိမ်မြောက် ဗုဒ္ဓပူဇနီယ အနေကဇာတင်ပွဲနှင့် ရန်ကုန်မြို့ ဓမ္မရောင်ခြည်ဖောင်ဒေးရှင်း၏ ဓမ္မဒါနလုပ်ငန်းခွဲ အမှတ်စဉ် (၄၀၂) ဓမ္မရောင်ခြည်စာကြည့်တိုက် ဖွင့်ပွဲအခမ်းအနားကို မတ် ၁ ရက်က မကျီးစုကျောင်းကြီးအတွင်း၌ ကျင်းပသည်။

အခမ်းအနားကို နံနက် ၈ နာရီတွင် အတုလမုနိသရစေတီတော်မြတ်စွာဘုရားကြီးအတွင်း၌ ဗုဒ္ဓပူဇနီယဘုရားအနေကဇာတင်ခြင်းကို မြို့နယ်သံဃနာယကဆရာတော်များက ရွတ်ဖတ်ပူဇော်ကြပြီး နံနက် ၉ နာရီတွင် ဓမ္မရောင်ခြည်စာကြည့်တိုက်ဖွင့်ပွဲအခမ်းအနားကျင်းပရာ စာကြည့်တိုက်ကို မြို့နယ်သံဃာနာယကဥက္ကဋ္ဌ ကံလှကျောင်းဆရာတော် ဦးသုမင်္ဂလ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးစိုးမြင့်၊ စာကြည့်တိုက်ဖြစ်မြောက်ရေးကော်မတီအတွင်းရေးမှူး ဦးသိန်းဆန်းနှင့် ဓမ္မရောင်ခြည်စာကြည့်တိုက်ဖောင်ဒေးရှင်းမှ မတည်အလျှုရှင် ဦးလှမြင့်နှင့်ဇနီး ဒေါ်ယုယုသွင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

အခမ်းအနားတွင် ဓမ္မရောင်ခြည်စာကြည့်တိုက်ဖြစ်မြောက်ရေးအတွက် လှူဒါန်းကြသော အလျှုရှင်များအား ဓမ္မရောင်ခြည်စာကြည့်တိုက်ဖြစ်မြောက်ရေးကော်မတီ ဩဝါဒါစရိယ မကျီးစုကျောင်းကြီး ပဓာန နာယကဆရာတော် ဘဒ္ဒန္တဥတ္တမာနန္ဒက အလျှုရှင်ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ခဲ့ကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

မြို့နယ်ကော်မရှင်နှင့် ဒေသခံပါတီများ၊ မီဒီယာများ တွေ့ဆုံဆွေးနွေး

ဖြူး မတ် ၇

ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် ဖြူးမြို့နယ်အတွင်း ကော်မရှင်လုပ်ငန်းဆိုင်ရာ ညှိနှိုင်းအစည်းအဝေးကို မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူးရုံး အစည်းအဝေးခန်းမ၌ မတ် ၅ ရက်က ပြုလုပ်ခဲ့ပြီး အစည်းအဝေးသို့ ဖြူးမြို့နယ်အတွင်းရှိ သတင်းမီဒီယာများ၊ နိုင်ငံရေးပါတီများမှကိုယ်စားလှယ်များ၊ ဖြူးမြို့နယ်ကော်မရှင်အဖွဲ့ဝင်များ၊ NGO အဖွဲ့ဝင်များနှင့် ဖြူးမြို့နယ်စာရေးဆရာအသင်းဝင်များ တက်ရောက်ခဲ့ကြသည်။ အစည်းအဝေးတွင် ဖြူးမြို့နယ်ကော်မရှင်ဥက္ကဋ္ဌ ဦးသောင်းအေးက အမှာစကားပြောကြားပြီး နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များနှင့် သတင်းမီဒီယာသမားများက သိရှိလိုသည်များကို ဆွေးနွေးမေးမြန်းခဲ့ကြောင်း သိရသည်။

ဖြူးမြင့်ဦး

တရားမဝင်ဆင်ဆာမဲ့ခွေများ ကသာမြို့၌ ဖမ်းဆီးရမိ

ကသာ မတ် ၇

ကသာခရိုင် ကသာမြို့ အမှတ်(၁)ရပ်ကွက်တွင် မတ် ၃ ရက်က တရားမဝင် ဆင်ဆာမဲ့နိုင်ငံခြားရုပ်ရှင်ဇာတ်လမ်းနှင့် သီချင်းခွေများ ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ကသာမြို့မရဲစခန်းမှ နယ်ထိန်းခေါင်းဆောင် ရဲအုပ်အောင်လင်းဦးနှင့်တပ်ဖွဲ့ဝင်များသည် အမှတ်(၁)ရပ်ကွက်ရှိ အောင်သူ၏ အခွေဆိုင်တွင် တရားမဝင် ဆင်ဆာမဲ့အခွေများ ရောင်းချနေကြောင်း သတင်းအရ သက်သေများနှင့် အတူ ဝင်ရောက်ရှာဖွေခဲ့ရာ တရားမဝင် ဆင်ဆာမဲ့ နိုင်ငံခြားဇာတ်လမ်းခွေ ၈၅ ခွေ၊ သီချင်းခွေ ၂၇ ခွေကို ပလတ်စတစ်ခြင်းအတွင်းထည့်ပြီး ရောင်းချနေသည်ကို တွေ့ရှိရသဖြင့် သက်သေများရှေ့တွင် ရှာဖွေပုံစံဖြင့်ရေးသွင်းသိမ်းဆည်းခဲ့ပြီး ကသာမြို့မရဲစခန်း၌ အမှုဖွင့်တိုင်တန်းခဲ့သဖြင့် ကသာမြို့မရဲစခန်းက စစ်ဆေးလျက်ရှိကြောင်း သိရသည်။

ဦးရဲ(ကသာ)

ရှေ့တန်းရောက်တပ်မတော်သားများအတွက် သရက်မြို့တွင် အလှူငွေပေးအပ်

သရက် မတ် ၇

ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတွင် နိုင်ငံတော်ကာကွယ်ရေးတာဝန်များကို သက်စွန့်ကြိုးပမ်းထမ်းဆောင်နေသော တပ်မတော်သားများ၊ ကျဆုံးဒဏ်ရာရတပ်မတော်သားများ၊ လုံခြုံရေးအဖွဲ့အစည်းများအတွက် အလှူငွေပေးအပ်ခြင်းအခမ်းအနားကို မတ် ၅ ရက်က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အလှူငွေပေးအပ်ပွဲတွင် ခရိုင်အုပ်ချုပ်ရေးမှူး ဦးတေဇာအောင်က အဖွင့်စကားပြောကြားပြီး အလှူငွေများပေးအပ်လှူဒါန်းကြရာ လွှတ်တော်ကိုယ်စားလှယ်ရုံးမှ ငွေကျပ် တစ်သိန်း၊ မြို့နယ်စာရေးဆရာအသင်းဥက္ကဋ္ဌ ဦးအေးဝေမှ ငွေကျပ် တစ်သိန်း၊ ကုန်သည်ကြီးများအသင်းမှ ငွေကျပ်တစ်သိန်း၊ ခရိုင်အမျိုးသမီးရေးရာအဖွဲ့မှ ငွေကျပ်တစ်သိန်း၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့မှ ငွေကျပ် တစ်သိန်း၊ ခရိုင်နှင့်မြို့နယ်အဆင့် ဌာနဆိုင်ရာများမှ ငွေကျပ် ၁၀၉၀၀၀၀ တို့ကို ပေးအပ်လှူဒါန်းရာ အမှတ်(၁၂)ကာကွယ်ရေးပစ္စည်းစက်ရုံမှ စက်ရုံမှူး ဗိုလ်မှူးကြီးဌေးမြင့်က လက်ခံယူခဲ့ကြောင်း သိရသည်။

ပေါက်ကလေး(သရက်)

ကျေးရွာအလက(ခွဲ)ကျောင်းဆောင်သစ်ဆောက်ရန် ကျပ်သိန်း ၃၀၀ လှူဒါန်း

ဖျာပုံ မတ် ၇

ရောဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ဖျာပုံမြို့နယ် ရှမ်းကွင်းကြီးကျေးရွာ အခြေခံပညာအလယ်တန်းကျောင်း(ခွဲ)၌ ကျောင်းဆောင်သစ်ဆောက်လုပ်ရန်အတွက် အလှူငွေကျပ်သိန်း ၃၀၀ ကို ရွှေတောင်ကုမ္ပဏီမှ ဦးအိုက်ထွန်းက မတ် ၃ ရက်တွင် ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

အလှူငွေပေးအပ်လှူဒါန်းပွဲတွင် ဖျာပုံမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် သီရိပုံ့ချီ ဦးစိုးနိုင်က အမှာစကားပြောကြားပြီး ကျောင်းဆောင်သစ်အလှူရှင် ရွှေတောင်ကုမ္ပဏီမှ ဦးအိုက်ထွန်းက ကျောင်းဆောင်သစ်လှူဒါန်းခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားပြီး အလှူငွေ ကျပ်သိန်း ၃၀၀ နှင့် ကျောင်းသုံးဗလာစာအုပ်များကို ရှမ်းကွင်းကြီးကျေးရွာမှ ရပ်မိရပ်ဖများနှင့် ကျောင်းအကျိုးတော်ဆောင်များထံ ပေးအပ်လှူဒါန်းခဲ့သည်။

ထို့နောက် ကျေးရွာသူ၊ ကျေးရွာသားများ ကိုယ်စား ရပ်မိရပ်ဖ ဆရာဦးတင်မြင့်က ကျေးဇူးတင်စကားပြန်လည်ပြောကြားကာ ကျောင်းဆောင်သစ်ဆောက်လုပ်ရန် ပန္နက်တင်မင်္ဂလာကို ဆက်လက်ကျင်းပခဲ့သည်။

အဆိုပါကျောင်းဆောင်သစ်သည် အလျားပေ ၉၀ ပေ၊ အနံပေ ၃၀၅ ရှိ တိုက်ကျောင်းဖြစ်ပြီး ရှမ်းကွင်းကြီးကျေးရွာရှိ ပြည်သူများကိုယ်တိုင် အလှူငွေများကို စီမံခန့်ခွဲသုံးစွဲ၍ တည်ဆောက်သွားမည်ဖြစ်ကြောင်း၊ ကျောင်းဆောင်သစ်ပြီးစီးပါက ရှမ်းကွင်းကြီးကျေးရွာ အလယ်တန်းကျောင်း(ခွဲ)ကို အားထားပညာသင်ယူနေကြသည့် ကျောင်းသားကျောင်းသူများအတွက် များစွာအထောက်အကူပြုမည်ဖြစ်ကြောင်း ရပ်မိရပ်ဖတစ်ဦးက ပြောသည်။

သူဇာနွယ်(ဖျာပုံ)

တက္ကသိုလ်ဝင်တန်းစာစစ်ဌာနသစ်ဖွင့်ပေး၍ကျောင်းသားများအဆင်ပြေ

ရေစကြို မတ် ၇

ပခုက္ကူခရိုင် ရေစကြိုမြို့နယ်အတွင်း ဧရာဝတီနှင့် ချင်းတွင်းမြစ်ကြားရှိ မြစ်ဆုံကျေးရွာများမှ တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုကြမည့် ကျောင်းသား ကျောင်းသူများအတွက် မြေတော်စာစစ်ဌာနကို ယခုနှစ်တွင် အသစ်ဖွင့်ပေးခဲ့သဖြင့် ဒေသခံကျောင်းသား ကျောင်းသူများအတွက် များစွာအဆင်ပြေလျက်ရှိကြောင်း သိရသည်။

ရေစကြိုမြို့နယ် မြစ်ဆုံကျေးရွာများမှ တက္ကသိုလ်ဝင်တန်းဖြေဆိုမည့် ကျောင်းသား ကျောင်းသူများသည် ယခင်နှစ်များတွင် ရေစကြိုမြို့ပေါ်ရှိစာစစ်ဌာနများသို့ လာရောက်၍ စာမေးပွဲဖြေဆိုကြရသည်။ ထိုသို့လာရောက်ဖြေဆိုကြရာတွင် စာမေးပွဲဖြေဆိုချိန်မတိုင်မီကပင် မိမိတို့နေထိုင်ရာကျေးရွာများမှ ရေစကြိုမြို့သို့ ရောတစ်တန် ကုန်းတစ်တန်ဖြင့် လာရောက်ဖြေဆိုကြရခြင်း၊ ရေစကြိုမြို့ပေါ်ရှိ ဘုန်းတော်ကြီးကျောင်းများနှင့် ဌာနဆိုင်ရာ အချို့၏အခန်းလွတ်များတွင် တည်းခိုနေထိုင်ကြရပြီး ချက်ပြုတ်စားသောက်၍ ဖြေဆိုကြရခြင်း၊ မိမိတို့ရပ်ရွာ လူကြီးမိဘများရှေ့မှောက်တွင် နေထိုင်ဖြေဆိုကြရခြင်းမဟုတ်ဘဲ မျက်ကွယ်သို့ ရောက်နေသောကြောင့် စာမေးပွဲကာလအတွင်း ကလေးများစိတ်လေလွင့်လွယ်ကြခြင်းစသည့် အခက်အခဲများစွာ ကြုံတွေ့ခဲ့ရသည်။

ထို့ကြောင့် မျှော်မှန်းထားသလောက် အောင်ချက်ရာခိုင်နှုန်း ကောင်းကောင်းမရသဖြင့် မြေတော်ကျေးရွာ အထကတွင် စာစစ်ဌာနချထားပေးပါရန်တောင်းခံခဲ့ရာ ယခု ၂၀၁၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲမှ စတင်ကာ မြေတော်စာစစ်ဌာန ခွင့်ပြုပေးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ စာစစ်ဌာနဖွင့်လှစ်ပေးခဲ့သဖြင့် ဒေသတွင်းကျောင်းသားကျောင်းသူများအတွက် စာမေးပွဲဖြေဆိုရန် များစွာလွယ်ကူအဆင်ပြေရုံသာမက ကျောင်းသားမိဘများလည်း စိတ်ချမ်းသာလျက်ရှိကြောင်း သိရသည်။

မြေတော်စာစစ်ဌာနတွင် ယခု ၂၀၁၅ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုကြမည့် ကျောင်းသားကျောင်းသူပေါင်း ၃၆၂ ဦးရှိပြီး လေ့ခုတ်အထက၊ မြေတော်အထကကျောင်းနှစ်ကျောင်းမှ ကျောင်းသားများနှင့် ပြင်ပဖြေဆိုမည့် ကျောင်းသား ကျောင်းသူများပါဝင်ကြောင်း သိရသည်။

ရေစကြိုမြို့နယ်တစ်ခုလုံးတွင် တက္ကသိုလ်ဝင်တန်းစာမေးပွဲအတွက် အထက(ရေစကြို) အဆောင်(၁)၊ အထက(ရေစကြို)အဆောင်(၂)၊ စိတ္တသုခ၊ မြေတော်၊ ဖူလုံ၊ ပခန်းကြီး၊ ပခန်းငယ်၊ ဆင်ချောင်း၊ ဗလဗနှင့် မအူအောက်ဆိပ် စာစစ်ဌာနပေါင်း ကိုးခုရှိပြီး ကျောင်းသားကျောင်းသူပေါင်း ၄၀၁၅ ဦး တက္ကသိုလ်ဝင်တန်းစာမေးပွဲ ဝင်ရောက်ဖြေဆိုကြမည်ဖြစ်ကြောင်း သိရသည်။

အိမ်ခန်ဆွေ(ရေစကြို)

(၆၆) နှစ်မြောက် ပအိုဝ်းအမျိုးသားနေ့အခမ်းအနား တောင်ကြီးမြို့၌ကျင်းပ

တောင်ကြီး မတ် ၇

(၆၆)နှစ်မြောက် ပအိုဝ်းအမျိုးသားနေ့အခမ်းအနားကို ရှမ်းပြည်နယ် (တောင်ပိုင်း) တောင်ကြီးမြို့၌ ပအိုဝ်းအမျိုးသားအားကစားကွင်း၌ မတ် ၄ ရက်က စည်ကားသိုက်မြိုက်စွာကျင်းပခဲ့သည်။

အခမ်းအနားဖွင့်ပွဲတွင် သမ္မတရုံး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှထွန်း၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့ ပြည်နယ်ဝန်ကြီးချုပ် ဦးစင်အောင်မြတ်နှင့် ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့ဥက္ကဋ္ဌ ဦးခွန်စ်လွင်တို့က (၆၆)နှစ်မြောက် ပအိုဝ်းအမျိုးသားနေ့အခမ်းအနားကို ဖဲကြိုးဖြတ်ဖွင့်လှစ်သည်။

ထို့နောက် သမ္မတရုံး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှထွန်းက ပအိုဝ်းအမျိုးသားနေ့အခမ်းအနားကျင်းပခြင်းနှင့် ပတ်သက်၍ အမှာစကားပြောကြားကာ ရှမ်းပြည်နယ်အစိုးရအဖွဲ့ ပြည်နယ်ဝန်ကြီးချုပ် ဦးစင်အောင်မြတ်က ရှမ်းပြည်နယ်အတွင်းရှိ ဒေသဖွံ့ဖြိုးတိုးတက်မှုအခြေအနေများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ပြည်ထောင်စုလွှတ်တော်နာယက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းကပေးပို့သော သဝဏ်လွှာကို ရှမ်းပြည်နယ်ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးစိုင်းလုံးဆိုင်ကလည်းကောင်း၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့်က ပေးပို့သော သဝဏ်လွှာကို ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့ဥက္ကဋ္ဌ ဦးခွန်စ်လွင်ကလည်းကောင်း၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါ်အောင်ဆန်းစုကြည်က ပေးပို့သောသဝဏ်လွှာကို ပအိုဝ်းအမျိုးသမီးအဖွဲ့(P.W.O) အတွင်းရေးမှူး ဒေါ်နန်းဝင်းကြည်ကလည်းကောင်း၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့ ပြည်နယ်ဝန်ကြီးချုပ်က ပေးပို့သော သဝဏ်လွှာကို ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ဘဏ္ဍာရေးဝန်ကြီး ဦးခွန်သိန်းမောင်ကလည်းကောင်း ဖတ်ကြားသည်။

အလှူငွေနှင့် ဂုဏ်ပြုလက်ဆောင်များ ပေးအပ်ရာ ရှမ်းပြည်နယ်အစိုးရအဖွဲ့က ပအိုဝ်းအမျိုးသားနေ့ပွဲတော်ကော်မတီသို့ ပေးအပ်သော အလှူငွေကျပ် သိန်း ၃၀ ကို ရှမ်းပြည်နယ် ဘဏ္ဍာရေးဝန်ကြီး ဦးခွန်သိန်းမောင်က ပအိုဝ်းအမျိုးသားနေ့ပွဲတော်ဖြစ်မြောက်ရေးကော်မတီဥက္ကဋ္ဌ ဦးခွန်ဝင်းကိုထံ ပေးအပ်ပြီး ပွဲတော်ဖြစ်မြောက်ရေး ကော်မတီဥက္ကဋ္ဌက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ထို့နောက် တိုင်းရင်းသားအကပဒေသာများဖြင့် ဆက်လက်ဖျော်ဖြေတင်ဆက်ကြပြီး တိုင်းရင်းသားရိုးရာအကအဖွဲ့များအား တစ်ဖွဲ့လျှင် ငွေကျပ် ၁၀ သိန်းစီကို ရှမ်းပြည်နယ်အစိုးရအဖွဲ့က ဆုချီးမြှင့်ခဲ့ကြောင်း သိရသည်။

ပအိုဝ်းအမျိုးသားနေ့အခမ်းအနားသို့ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ၊ ရှမ်းပြည်နယ်စာရင်းစစ်ချုပ်၊ ပြည်နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ပအိုဝ်းတိုင်းရင်းသားများ၊ ဒေသခံပြည်သူများ တက်ရောက်ခဲ့ကြသည်။

နိုင်းသန်းကျော်(တောင်ကြီး)

မီးဘေးကြုံတင်ကာကွယ်ရေး စက်သုံးဆီအရောင်းဆိုင်တွင် မီးငြိမ်းသတ်မှုသရုပ်ပြလေ့ကျင့်

မြင်းခြံ မတ် ၇

မန္တလေးတိုင်းဒေသကြီး မြင်းခြံမြို့နယ်အတွင်း မီးဘေးကြုံတင်ကာကွယ်ရေးအတွက် လက်တွေ့မီးငြိမ်းသတ်မှု သရုပ်ပြလေ့ကျင့်ခြင်းကို ရွှေစက်သုံးဆီအရောင်းဆိုင်၌ မတ် ၄ ရက်က ကျင်းပခဲ့ကြောင်း သိရသည်။

မီးငြိမ်းသတ်မှုတွင် ရေတပ်ဖွဲ့ဝင်များ၊ ရဲတပ်ဖွဲ့ဝင်များ၊ ကိုယ်တိုင်ကာကွယ်ရေးတပ်ဖွဲ့ဝင်များ၊ ကားမီးသတ်ဦးစီးဌာန မြို့နယ်မီးသတ်တပ်ဖွဲ့မှူးနှင့် တပ်ဖွဲ့ဝင်များက မီးသတ်ယာဉ်များ၊ ရေသယ်ယာဉ်များနှင့် မီးငြိမ်းသတ်နည်းများကို သရုပ်ပြခဲ့သည်။ ထို့ပြင် အရေးပေါ်မီးငြိမ်းသတ်နည်းများကို လေ့ကျင့်သင်ကြားပေးခဲ့ပြီး စက်သုံးဆီအရောင်းဆိုင်မန်နေဂျာနှင့်ဝန်ထမ်းများက မီးသတ်ဆေးဘူးအသုံးပြု၍ မီးငြိမ်းသတ်မှုကို လက်တွေ့ပြုလုပ်ခဲ့ကြကြောင်း သိရသည်။

မီးငြိမ်းသတ်မှု လက်တွေ့သရုပ်ပြလေ့ကျင့်မှုကို ခရိုင်အုပ်ချုပ်ရေးမှူး ဦးမြင့်သင်းအောင်၊ ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးမောင်ဝင်း၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးထွန်းသိန်းအောင်၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးတင်ထူး၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုအဖွဲ့ဝင်များ ကြည့်ရှုလေ့လာခဲ့သည်။

စော်မင်းနိုင်(မြင်းခြံ)

စည်ပင်သာယာရေးဝန်ကြီး လမ်း၊ တံတားများကြည့်ရှုစစ်ဆေး

သံတွဲ မတ် ၇

ရခိုင်ပြည်နယ် စည်ပင်သာယာရေးဝန်ကြီး ဦးမောင်စံရွှေ ဦးဆောင်သောအဖွဲ့သည် ဖေဖော်ဝါရီ နောက်ဆုံးပတ်က သံတွဲခရိုင် ဝွမ်မြို့သို့ရောက်ရှိပြီး ပြည်ထောင်စုရန်ပုံငွေ ခွင့်ပြုငွေ ၂၈ ဒသမ ၁၀ သန်းဖြင့် ဝွမ်မြို့နယ် ကျေးလက်ဦးစီးဌာနက တာဝန်ယူ ဆောင်ရွက်နေသည့် ကင်းပုံ- ရွှေဥကွင်း ကျေးရွာချင်းဆက်လမ်း အရှည် ၄ ဖာလုံအကျယ် ၁၂ ပေ၊ ကျောက်ချောလမ်းခင်းခြင်း ဆောင်ရွက်ပြီးစီးမှုနှင့် နိုင်ငံတော် ခွင့်ပြုငွေ ၁၄ ဒသမ ၈၀ သန်းဖြင့် ရခိုင် တောင်ပိုင်းကြယ် ကုမ္ပဏီက တာဝန်ယူတည်ဆောက်လျက်ရှိသည့် ညောင်ချောင်း- ဇီးခုံကျေးရွာကြားရှိ (၃၀×၁၅×၁၅) သံပေါင်ရက်မ၊ အုတ်ခုံခံ သစ်သားတံတားဆောင်ရွက်ပြီး စီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးရာ မြို့နယ်ကျေးလက်ဦးစီးမှူး ဦးဦးစောဝင်းက ရှင်းလင်းတင်ပြခဲ့ကြောင်း သိရသည်။**(မြို့နယ် ပြန်/ဆက်)**

သတင်းတိုများ

အမျိုးသားပညာရေးဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်း ရှင်းလင်းဆွေးနွေး

အမျိုးသားပညာရေး ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်း ရှင်းလင်းဆွေးနွေးပွဲကို ကယားပြည်နယ် ရှားတောမြို့ စုပေါင်းရုံးခန်းမ၌ မတ် ၅ ရက်က ကျင်းပရာ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးသန့်ဇင်ထွန်းက အမှာစကားပြောကြားပြီး မြို့နယ် ဥပဒေအရာရှိ ဦးမျိုးမြင့်ကျော်က အမျိုးသားပညာရေး ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား ရှင်းလင်းဖတ်ကြားသည်။ ထို့နောက် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဒေါ်နန်းနွဲ၊ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးသန့်ဇင်ထွန်းနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဆွေးနွေးပွဲတက်ရောက်ကြသော ဆရာ ဆရာမများ၊ ရပ်မိ ရပ်ဖများက အမျိုးသားပညာရေးဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့်ပတ်သက်၍ ဝိုင်းဝန်း အကြံပြုဆွေးနွေးခဲ့ကြကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

ဘုန်းတော်ကြီးကျောင်း သိမ်သမုတ်ခြင်းနှင့် သိမ်ဆင်းလောင်းလှူပွဲကျင်းပ

ရန်ကုန်အရှေ့ပိုင်းခရိုင် ဒဂုံ(ဆိပ်ကမ်း)မြို့နယ် ယုဇနဥယျာဉ်မြို့တော် ၇၈ ရပ်ကွက်ရှိ အောင်ချမ်းသာပရိယတ္တိဘုန်းတော်ကြီး ကျောင်းတိုက်သုံးထပ် အဆောက်အအုံသစ်ကို သိမ်သမုတ်ခြင်းနှင့် သိမ်ဆင်းလောင်းလှူပွဲကို မတ် ၄ ရက်က ကျင်းပရာ နိုင်ငံတော်ဩဝါဒါစရိယ နာယက ဆရာတော်နှင့် မြို့နယ်၊ ရပ်ကွက်များမှ ပင့်သံဃာတော် ၄၈ ပါးက သုံးထပ် ကျောင်းဆောင်အပေါ်ဆုံး ထပ်ရှိ သိမ်ကျောင်းဆောင်သစ်၌ သိမ်သမုတ်ခဲ့ပြီး အလှူရှင်များက ဆရာတော် သံဃာတော်များအား သိမ်ဆင်းလောင်းလှူခဲ့ကြကြောင်း သိရသည်။ **(၀၈၁)**

ပြည်ထောင်စုလွှတ်တော်ရန်ပုံငွေများ ထပ်ဆင့်ထုတ်ပေး

ကချင်ပြည်နယ် ပူတာအိုခရိုင် မချမ်းဘောမြို့နယ်တွင် ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်ပြည်ထောင်စုလွှတ်တော် ရန်ပုံငွေများကို ဒုတိယအကြိမ် ထပ်ဆင့်ထုတ်ပေးခဲ့သည်။ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဥာဏ်လှိုင်က ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် ပြည်ထောင်စုရန်ပုံငွေကျပ် သိန်း ၁၀၀၀ ဖြင့် ဆောင်ရွက်လျက်ရှိသော လုပ်ငန်းများနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး ဒုတိယအရစ် ရန်ပုံငွေ ၃၀ ရာခိုင်နှုန်းကို ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသော မြို့ပေါ်ရပ်ကွက်လေးခု အပါအဝင် ကျေးရွာအုပ်စုများမှ အုပ်ချုပ်ရေးမှူးများထံ ထုတ်ပေးခဲ့ပြီး ရန်ပုံငွေပေးအပ်သည့် အခမ်းအနားသို့ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့နယ်၊ ရပ်ကွက်/ကျေးရွာအထောက်အကူပြုကော်မတီဝင်များ၊ ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူးများ တက်ရောက်ခဲ့ကြသည်။

(မြို့နယ် ပြန်/ဆက်)

ပြည်တွင်းသတင်း

ဆိုင်ကယ်မဆင်မခြင်မောင်းနှင်မှုကြောင့် ယာဉ်တိုက်မှုဖြစ်ပွား

ရန်ကုန် မတ် ၇

လသာမြို့နယ်တွင် မတ် ၄ ရက်ည ၉ နာရီ ၄၅ မိနစ်က အနော်ရထာလမ်းအတိုင်း ဆူးလေဘက်မှ လမ်းမတော်ဘက်သို့ ဒဂုံတောင်မြို့နယ်နေသူဖြစ်သည့် ကျော်ထက်အောင်(၂၇ နှစ်)၊ လိုင်စင်မရှိ မောင်းနှင်လာသော ဆိုင်ကယ်အမှတ် ၃၃ယ/----- ဟွန်ဒါ Wave-100 အနက်ရောင် (လိုင်စင်စိစစ်ဆဲ)ဆိုင်ကယ်မှာ ၁၉ လမ်းအလွန် အရောက် ၄င်းရှေ့မှ ဆိပ်ကြီးခနောင်တိုမြို့နယ်နေသူဖြစ်သည့်ယာဉ်မောင်း ဇော်မင်းဝင်း (၃၁ နှစ်) မောင်းနှင်လာသည့် BB/----တိုယိုတာပရိုဘောက် အငှားယာဉ်အားနောက်မှ ဝင်ရောက်တိုက်မိခဲ့သည်။

ယာဉ်တိုက်မှုကြောင့် ဆိုင်ကယ်နှင့် ယာဉ်ပျက်စီးခဲ့ရပြီး ဆိုင်ကယ်မောင်းနှင်သူ ကျော်ထက်အောင်တွင် ဒဏ်ရာများရရှိကာ ရန်ကုန်ဆေးရုံကြီးတွင် အတွင်းလူနာ(စိုးရိမ်ရ) အဖြစ် တင်ပို့ကုသရသောကြောင့် ဆိုင်ကယ်မဆင်မခြင် မောင်းနှင်သူ ကျော်ထက်အောင်ကို အရေးယူပေးရန် အမှတ်(၆) ယာဉ်ထိန်း ရဲဒုတပ်ဖွဲ့ခွဲမှူးရုံး (ရန်ကုန်)မှ ရဲအုပ်မောင်မောင်လွင်က တရားလိုပြုလုပ်တိုင်တန်းသောကြောင့် လသာမြို့မရဲစခန်းမှ အမှုဖွင့်စစ်ဆေးအရေးယူဆောင်ရွက်လျက် ရှိကြောင်း သိရသည်။

တင်လှမောင်

ယာဉ်မောင်းအိပ်ငိုက်၍ သစ်ပင်ဝင်တိုက်မိ

ကျောက်တံခါး မတ် ၇

ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့နယ် ပဲခွယ်ကုန်းနယ်မြေ ရဲစခန်းအပိုင် ရန်ကုန်-မန္တလေး ကားလမ်းဟောင်း မိုင်တိုင်အမှတ် ၁၂၂/၅ နှင့် ၁၂၂/၆ အကြား ပဲခွယ်ကုန်းမြို့အဝင်၌ မတ် ၃ ရက်ည ၁၁ နာရီက ယာဉ်တိုက်မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ မန္တလေးဘက်မှ ရန်ကုန်ဘက်သို့ ယာဉ်မောင်း ကျော်သင်း(၄၃ နှစ်)မင်းကြီးညိုရပ်ကွက် တောင်ငူမြို့နေသူ မောင်းနှင်သည့် ယာဉ်အမှတ်8H/---------လိုက်ထရပ် အဖြူရောင်ယာဉ်သည် ပဲခွယ်ကုန်းမြို့အဝင် လမ်းဘေးကုက္ကိုပင်ကို ယာဉ်မောင်းအိပ်ငိုက်၍ ဝင်ရောက်တိုက်မိခဲ့ရာ ယာဉ်ခေါင်းပိုင်းကြေမွပြီး ယာဉ်မောင်းကျော်သင်းတွင် ဒဏ်ရာ(မစိုးရိမ်ရ)၊ ယာဉ်ပေါ်လိုက်ပါလာသူ ကြည်စိုးလင်း (၃၇ နှစ်)၊ တောင်ငူမြို့နေသူ ဇော်ခင် (၄၄ နှစ်)၊ ငွေစိုး (၄၅ နှစ်)မြို့လှမြို့နေသူ၊ သန့်ဇင်(ခ) သန့်ဇင်ဝင်း (၃၇ နှစ်) တို့တွင် ဒဏ်ရာ(မစိုးရိမ်ရ)ရရှိခဲ့သဖြင့် ပဲခွယ်ကုန်းတိုက်နယ် ဆေးရုံတွင် ဆေးကုသမှုခံယူခဲ့ရကြောင်း သိရသည်။

ဖြစ်စဉ်နှင့်ပတ်သက်ပြီး ကျောက်တံခါးမြို့နယ် ပဲခွယ်ကုန်းနယ်မြေ ရဲစခန်းက ယာဉ်မဆင်မခြင်မောင်းနှင်သူ ကျော်သင်းအား အမှုဖွင့်အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။

ခင်ကိုဝ(ကျောက်တံခါး)

ကျွန်းလှမြို့နယ် ပြည်သူ့ဆေးရုံ၌ ဝန်ထမ်းအိမ်ရာများဆောက်လုပ်

ကျွန်းလှ မတ် ၇

စစ်ကိုင်းတိုင်းဒေသကြီး ကျွန်းလှမြို့နယ် ပြည်သူ့ဆေးရုံ၌ ကျန်းမာရေးဝန်ထမ်းများနေထိုင်ရေး အဆင်ပြေရန်အတွက် ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် နိုင်ငံတော်အစိုးရဘတ်ဂျက်ငွေလုံးငွေရင်း ရန်ပုံငွေဖြင့် ဝန်ထမ်းအိမ်ရာများ တည်ဆောက်လျက်ရှိကြောင်းသိရသည်။

အဆိုပါ ဝန်ထမ်းအိမ်ရာများကို ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်ငွေကျပ်သိန်း ၈၅၀ ဖြင့်အဆောက်အုံအကျယ်အဝန်း (အလျား ၁၆၄ ပေ ခြောက်လက်မ၊ အနံပေ ၅၀)ကို ဇန်နဝါရီလမှစ၍ ဆောက်လုပ်ပြီး ၂၀၁၅-၂၀၁၆ဘဏ္ဍာနှစ်တွင် ကျန်ရန်ပုံငွေကျပ်သိန်း ၄၉၆၀ ဖြင့် သြဂုတ်လအတွင်အပြီး တည်ဆောက်သွာ မည်ဖြစ်ကြောင်း ဆောက်လုပ်ရေး တာဝန်ခံ ဦးခင်မောင်ကြည်ထံမှ သိရသည်။

